http://www.cherrythitsar.org



## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

---

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

---

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

---

## နိုင်ငံရေး ဦးတည်ချက် ၄ ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် ၄ ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်းတီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် ၄ ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

http://www.cherrythitsar.org

စာမူခွင့်ပြုချက်အမှတ် – ၇၉၄/၂၀၀၂ (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၁၀၀၁/၂၀၀၂ (၁၁)

ပထမအကြိမ် – မတ်လ၊ ၂၀၀၃
အုပ်ရေ – ၁၀၀၀
တန်ဖိုး – ၅၀၀
မျက်နှာဖုံးပန်းချီ – နေမျိုးဆေး
အတွင်းသရုပ်ဖော် – နေမျိုးဆေး
ကွန်ပျူတာစာစီ – ကင်းဝန် Ph: 580438

ထုတ်ဝေသူ
ဦးသန်းဆွေ (၁၅၄၄၀)
စစ်သည်တော်စာပေ
၁၁၃၁/က ဥယျာဉ်လမ်း၊ ၁၉ ရပ်ကွက်၊
ဒဂုံမြို့သစ်တောင်ပိုင်း၊ ရန်ကုန်။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဒေါ်ခင်ခင်ဝင်း
ကလျာပုံနှိပ်တိုက်
၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်။
ဖုန်း– ၅၇၉၉၂၀

ဖြန့်ချိရေး
ပြုံးစာပေ
၆၆၊ သရက်တော (၄) လမ်း
ဖုန်း– ၇၀၀၈၉၇၊ ၇၂၅၄၈၂

http://www.cherrythitsar.org

# မဦး

[illegible]သူ

## အခြားဝတ္ထုတိုများ

http://www.cherrythitsar.org


| | | |
|---|---|---|
| ၁။ | အပြစ်မှာပိုင်ရှင်မဲ့နေ၍ | ၁၅ |
| ၂။ | ပန်းခရမ်းရောင်မျဉ်းနှစ်ကြောင်း၏နိယာမ | ၃၅ |
| ၃။ | ဘာလိုသေးလဲအမေရယ် | ၄၉ |
| ၄။ | လက်လှည့်ကျွမ်းသူ | ၆၉ |
| ၅။ | မဟူရာရောင်ပြကွက်များ | ၇၉ |
| ၆။ | အိမ်သူ | ၉၃ |
| ၇။ | ပဲ့ | ၁၀၉ |
| ၈။ | ရှက်ဖွယ် | ၁၂၃ |
| ၉။ | ကြွေးအေး | ၁၃၃ |
| ၁၀။ | မရောင်းတော့ပါ | ၁၄၉ |



အမည်ရင်း
ဒေါက်တာလွင်လွင်ဦးလှိုင်
ဇာတိ ရန်ကုန်။
မွေးသက္ကရာဇ် ၁၉၆၅ ခုနှစ်။

၁၉၉၀ ခုနှစ်တွင် ဆေးတက္ကသိုလ် (၁) ရန်ကုန်မှ အမ်ဘီဘီအက်စ် ဘွဲ့ရခဲ့။

၁၉၉၂ ခုနှစ်၊ စက်တင်ဘာလ၊ ရွှေသမင်မဂ္ဂဇင်းပါ အပြစ်မှာပိုင်ရှင်မဲ့နေ၍ ဝတ္ထုတိုဖြင့် စာပေနယ်တွင်း စတင် ရောက်ရှိခဲ့။ မဂ္ဂဇင်းများတွင် ဘဝသရုပ်ဖော် ဝတ္ထုများ ရေးသားခဲ့၊ ရေးသားဆဲ။

သဃ်ာန်းကျွန်းမြို့နယ်၊ လူမှုဖူလုံရေးဆေးခန်းတွင် တာဝန်ခံဆရာဝန်အဖြစ် နိုင်ငံတာဝန် ထမ်းဆောင်လျက်ရှိ။

နေရပ်လိပ်စာမှာ

၁၈(က) ဇလွန်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။

http://www.cherrythitsar.org

# ခင်ဆွေဦး၏အမှာ

## [ ၁ ]

ဝတ္ထုတိုပေါင်းချုပ်တွေမှာ ကျွန်မကို အမှာစာ မကြာ မကြာ ရေးခိုင်းတတ်ကြပါတယ်။ မှတ်မိသလောက် စာရေးဆရာ ညီပုလေး၊ မောင်ညိုပြာ၊ စာရေးဆရာမ သန်းမြင့်အောင်၊ မိချမ်းဝေ၊ ကလောင်သစ် မေသတိုးဦး (ကွယ်လွန်) စသည်ဖြင့် . . .။

ဝတ္ထုတိုနှင့် ပတ်သက်လို့ ပေါ်ပြူလာဂျာနယ်မှာ ဆောင်းပါးတွေ၊ စာရေးသူအကြိုက် (၇) ဦး ဝတ္ထုတိုစုစည်းမှုမှာလဲ တစ်မျိုး၊ နောက်ပြီး လွန်ခဲ့တဲ့ နှစ် (၃၀) လောက်က ဆရာဇော်ဂျီတာဝန်ပေးလို့ ဝတ္ထုတိုစာတမ်းဖတ်ပွဲမှာ ဆရာသော်တာဆွေက "ကျွန်တော်ဝတ္ထုတိုသမား" ကျွန်မက "ကျွန်မ ဝတ္ထုတိုသမား" စာတမ်းဖတ်ခဲ့ဖူးပါတယ်။ ဝတ္ထုတိုနဲ့ပတ်သက်တဲ့အယူအဆဟာလဲ ဆယ်စုနှစ်တွေနှင့်အတူ အပြောင်းအလွဲတွေ ရှိချင်လည်း ရှိလာမယ် ထင်ပါတယ်။

ဒါပေမယ့် ကျွန်မပြောလိုတဲ့ အချက်ကတော့ ကျွန်မဟာ ဝေဖန်ရေးဆရာ မဟုတ်တာမို့ လူတတ်ကြီးလုပ်ပြီး ဝေဖန်ရေးအမြင်နဲ့ ရေးမယ် မဟုတ်ကြောင်း ဦးဆုံးပြောကြားလိုပါတယ်။

ကျွန်မတတ်နိုင်သမျှ လေ့လာခံစားပြီး ရေးမှာဖြစ်ပါတယ်။ ဒီမှာ ကျွန်မကို ကျွန်မ စာရေးဆရာဆိုတဲ့ အဖြစ်ကို မေ့ထားလိုက်ပြီး စာဖတ်သူ

## ၈ ❑ မဦး

တစ်ဦးအနေနဲ့ပဲ ပြောသွားမှာ ဖြစ်ပါတယ်။ မြန်မာဝတ္ထုတိုအရေးအဖွဲ့ဟာအနောက်တိုင်းနိုင်ငံနဲ့စာရင် နှစ်ဆယ့်ငါးနှစ်နောက်ကျပြီးမှ ပေါ်တာဖြစ်တယ်လို့ အဆိုရှိခဲ့ဖူးပါတယ်။ ဝတ္ထုတိုတွေ တိုးတက်တဲ့အရှိန်ဟာကောင်းတယ်လို့ ထင်ပါတယ်။ ဆရာသိပ္ပံမောင်ဝမှ အစပြုလို့ ဆရာဇော်ဂျီ၊ ဆရာမောင်ထင်၊ ဆရာထင်လင်း၊ ဆရာဒဂုန်တာရာ၊ ဆရာဗန်းမော်တင်အောင်၊ ဆရာကြယ်နီ (အများကြီးကျန်ဦးမယ်ထင်ပါတယ်) အမျိုးသမီးထဲ ဂျာနယ်ကျော်မမလေး၊ ဆရာမ ကြည်အေး၊ ဆရာမ ခင်နှင်းယု၊ စသည်တို့ကို ငယ်ငယ်ထဲက စွဲစွဲလန်းလန်း ဖတ်ခဲ့ပါတယ်။ တစ်ခေတ်ထဲမှာပဲ ဆရာမမြတ်လေး၊ တက္ကသိုလ်မြစိမ်း၊ မစန်းပွင့်၊ ခင်လှိုင်ကြူတို့။ အလယ်ခေတ်ပြောရဦးမလား မသိဘူး။ မိုးမိုး(အင်းလျား)၊ မစန္ဒာ၊ စမ်းစမ်းနွဲ့(သာယာဝတီ) လက်လှမ်းမီသမျှ စွဲစွဲမြဲမြဲဖတ်ခဲ့ပါတယ်။

သိုက်ထွန်းသက်၊ နေဝင်းမြင့်၊ ဝင်းစည်သူ၊ ပိုင်စိုးဝေ၊ ကိုငြိမ်း(မန္တလေး)၊ ကျော်ရင်မြင့်၊ ကိုရိုးကွန့်၊ ဆူးငှက်၊ မန္တလေးက ထွန်းတောက်လာတဲ့ ကြယ်ပွင့်များဖြစ်ပြီး ရန်ကုန်က ချစ်ဦးညို၊ ဆောင်းဝင်းလတ်၊ ကြူးနှစ်၊ မင်းလူ၊ နီကိုရဲ အထိ။ မိန်းကလေးတွေထဲမှာ မဝင့် (မြစ်ငယ်) မေမောင်၊ နန်းရှေ့ဝင်းဝင်းမြင့်၊ ခင်မြဇင်၊ ဝင်းဝင်းလတ်၊ မအိ၊ သန်းမြင့်အောင်၊ မိချမ်းဝေ . . . စသည်ဖြင့် . . .။

မော်ဒန်ပိုင်းမှာ မောင်ရန်ပိုင်၊ သစ္စာနီ၊ နိုင်ဇော်၊ ကျော်စွာထက်၊ ကိုကို (အမရပူရ)၊ ကိုဆွေ၊ နေမျိုး၊ မောင်သစ်ဆင်း၊ ဂျူး၊ မေငြိမ်း၊ ယုဒါတို့အထိပေါ့။ (ယုဒါရေးတဲ့ ဖိနပ်များ၊ ကိုဆွေရဲ့ လိမ္မော်သီးတစ်လုံးကိုကျွန်မကြိုက်တယ်)

နိုင်ငံခြားဝတ္ထုတိုတွေမှာ ကျွန်မဖတ်ရှုနှစ်ခြိုက်စွဲလန်းတဲ့ ဝတ္ထုတိုရေးတဲ့ စာရေးဆရာတွေမှာ ချက်ကော့ဗ်၊ မောပတ်ဆွန်၊ ဂျွန်စတိန်းဘက်(စ်)၊ ဒီအိပ်ချ်လော့ရင့်၊ တော်လစတွိုင်း၊ ရာဘင်ဒြာနတ်တဂိုးတို့ဖြစ်ပြီး ဆမ္မားဆက်မွန်ရဲ့ Cosmopolition (ကမ္ဘာလှည့်အတွေ့အကြုံ)ဆိုတဲ့ ဝတ္ထု

သဏ္ဍာန်ရေးထားတဲ့ အခန်းဆက် (Series) ကိုလည်း ကြိုက်ပါတယ်။ အကြမ်းဖျင်းကျွန်မပြောသွားတာပါ။ဒီအသီးသီး စာရေးဆရာတွေရဲ့ဝတ္ထု တိုမှာ အကြောင်းအရာ (Content)၊ ရည်ရွယ်ချက် (theme) ရေးဟန် (presentation) သူ့ကိုယ်ပိုင်မှုနဲ့သူ လာပါတယ်။ ဇာတ်ကောင်တွေရဲ့ ကိုယ်စိတ်နှလုံးသုံးပါးကို ကျစ်ကျစ်ဖော်ပြသွားမယ်ဆိုရင် ဆွဲဆောင်မှုရှိ လိမ့်မယ် ထင်ပါတယ်။ ဝတ္ထုတိုဆိုရပေမယ့် အနုပညာရသမြောက်အောင် ရေးနိုင်မှ စာဖတ်သူနှလုံးအိမ်ကို ငြိတွယ်မှာ ဖြစ်ပါတယ်။ ဆရာထင်လင်း ဆိုရင် ဖတ်သူတွေကို တဖြည်းဖြည်းဆွဲခေါ်သွားတာ သူ့မှာ ဟာသဉာဏ် လည်းရှင်တယ်။ သူ့ဝတ္ထုတိုတိုင်းဟာ ဖတ်ကောင်းပြီး အတွေးရောအရေး ရော အင်မတန်ရှင်းပါတယ်။ ဖတ်ရတာ အိုင် မနေဘူး၊ သွက်လဲသွက် တယ်။

[ ၂ ]

မဦးရဲ့ဝတ္ထုတိုတွေဟာ မိုးမိုး(အင်းလျား)နှင့် မစန္ဒာတို့လို ဘဝသရုပ်ဖော် ရိုးစွဲလိုက်ပါတယ်။ "လက်လှည့်ကျွမ်းသူ" ဆိုတဲ့ ဝတ္ထုတိုမှာ ဝတ္ထုရဲ့ရည် ရွယ်ချက်နဲ့ အကွက်မိအောင် ပေးထားတဲ့နာမည်ပါ။ ဖတ်သူတွေ အရသာ ပျက်မှာစိုးလို့ ဇာတ်လမ်းကို ပြောမပြတော့ပါဘူး။ ခေတ်သရုပ်နဲ့ဇာတ် ကောင်စရိုက် ပီပြင်ပါတယ်။ အသေးစိတ်ခြယ်မှုန်းတာတွေဟာ ဝတ္ထုရဲ့ ရည်ရွယ်ချက်ကို အများကြီး အထောက်အကူပြုသွားပါတယ်။

"ပန်းခရမ်းရောင် မျဉ်းနှစ်ကြောင်း၏ နိယာမ" ဆိုတဲ့ ဝတ္ထုတို မှာတော့ မိခင်မေတ္တာကို ဦးစားပေးရေးသွားတာပါ။ ဒီဝတ္ထုဟာလည်း မိခင် မေတ္တာတင်ပါမက ခေတ်ပြိုင်ခံစားမှုပါ မီးမောင်းထိုးပြထားတယ်လို့ ထင် ပါတယ်။ လူတွေဟာ အချိန်ကို ဖြတ်သန်းရသလို ခေတ်ကာလနဲ့လည်း မကင်းနိုင်ပါဘူး။ မြစ်ရေစီးကြောင်းမှာ မျောပါလာကြတဲ့ သစ်တုံးတွေလို

http://www.cherrythitsar.org



လူတွေဟာ အထိတ်တလန့်နဲ့ ဘ၀အမောတွေ ဆိုက်လာကြပါတယ်။ သူ့ ၀တ္ထုတိုတိုင်းမှာ ဘ၀အမောတွေကို ရေးဖွဲ့သွားတာ ဖြစ်ပါတယ်။

"ရက်ဖွယ်" ၀တ္ထုတွင်လည်း လူ့ဘ၀မှာ ဖြစ်ရိုးဖြစ်စဉ် ဖြစ်လေ့ရှိတဲ့ အဖြစ်တွေကို ရေးရင်းအားပြိုင်တဲ့ ဇာတ်ဆောင်နှစ်ဦးရဲ့ စရိုက်ကို သံဝေဂစိတ်ဖြင့် ရေးသွားပါတယ်။ လူတွင် အမှားရှိရင် အမှားကိုပြုပြင်နိုင်တာဟာ အမှန်တရားပေါ့။ မဦးဟာ ဆင်းရဲတဲ့ အခြေခံလူတန်းစားဘက်က အမြဲပဲမခံချိမခံသာ ဖြစ်ခဲ့တယ်။ သူ့ရဲ့၀တ္ထုတိုတိုင်းလိုလို မှာပါတဲ့ ဖိနှိပ်ခံသူဘက်ကနေပြီး နာကျည်းလေ့ရှိတယ်။ ဖိနှိပ်သူတွေကို ဖိနှိပ်ခံသူကိုယ်စား ပြန်ပြီးတွယ်ချင်တယ်။ သူ့၀ါဒက ခေါင်းငုံခံတဲ့၀ါဒမဟုတ် တစ်နည်းနည်းနဲ့ လက်တုံ့ပြန်တဲ့၀ါဒဖြစ်တယ်။ ဒီအချက်ဟာ လောကကြီးမှာ နေသာထိုင်သာဖြစ်ပြီး ဇာတ်ကောင်တွေအတွက် "ခွန်အား" ဆိုတဲ့တောင်ပံ တပ်ပေးလိုက်တာပါပဲ။

[ ၃ ]

တစ်ခုတော့ရှိပါရဲ့။

စာရေးသူရဲ့ အရေးအဖွဲ့ဟာ ဒိုးကနဲ ဒေါက်ကနဲဖြစ်ပြီး သူကပါ အနိုင်ကျင့်သူအပေါ် ၀င်တိုက်ချင်ပုံရတယ်။ ဇာတ်ကောင်တွေကြားထဲ စာရေးဆရာက ကန့်လန့် ကန့်လန့် ပါနေသလိုပဲ။ မိုးမိုး (အင်းလျား) နဲ့ သဘောသဘာ၀ချင်းတူပေမယ့် မိုးမိုးလို နည်းနည်းညက်ဖို့ လိုမယ်ထင်ပါတယ်။ ဆန်မှုန့်ထောင်းသလိုပေါ့။ ထောင်းပါများတော့ ညက်သွားတာပေါ့။ ရေးကျင့်ရှိလာတော့ ၀တ္ထုတိုတွေဟာ ဒီထက်ပိုပြီး လှလာပါလိမ့်မယ်။ အရုပ်ဆိုးအကျည်းတန်တဲ့ အနိဋ္ဌာရုံတွေကို တစ်နည်းတစ်ဖုံ အတွေးလှလှနဲ့ ရေးလို့ရပါတယ်။ အဲသလို ၀တ္ထုမျိုးတွေ မြန်မာပြည်မှာလည်း

http://www.cherrythitsar.org



ရှိနေပါတယ်။ ရှာဖွေဖတ်စေလိုပါတယ်။

ပြောစရာရှိတာ တစ်ချက်ကတော့ "မဦး"ရဲ့ ကလောင်ခွဲ ဒေါက်တာလမင်း ဝတ္ထုတိုအရေးအဖွဲ့တွေဟာလှပါတယ်။ ကျွန်မသူနှင့် အကျွမ်းတဝင် မဖြစ်ခင်ထဲက ဒေါက်တာလမင်းဝတ္ထုတိုတွေ ဖတ်ခဲ့ဖူးတာပါ။ ဝတ္ထုတစ်ပုဒ် (နာမည်တော့မေ့နေပြီ) ညဂျူတီဆင်းတဲ့ ဆရာဝန်မလေးတစ်ဦးအကြောင်းကို ရေးထားတာ လက်ဘက်ရည်ဆိုင်လာထိုင်တဲ့ ကာလသားတစ်သိုက်က ဆရာဝန်မလေးကို တလွဲထင်နေကြတာ။ ဇာတ်သိမ်းခါနီးကျမှ ဆရာဝန်မလေးရဲ့အနေအထားကို သိကြရတော့တာ။ အဲဒီမှာတော့ အဖွဲ့အနွဲ့ဟာ ညက်လည်းညက် လှလဲလှပါတယ်။ မဦးနဲ့ ဒေါက်တာလမင်းဟာ တစ်ဦးတည်းမို့ ဝတ္ထုတွေ လှလှပပဖြစ်အောင် မရေးနိုင်စရာအကြောင်းမရှိပါဘူး။ ပြီးတော့ သူက စာရေးတာလဲ စိပ်တော့ တိုးတက်မှုအရှိန်အဟုန်ဟာ သူများတွေထက် မြန်နိုင်ပါတယ်။

နိုင်ငံခြားမှာဆိုရင် အင်္ဂလိပ်ဘာသာအရ Prolific writer များများရေးသူများကို နှစ်ထောင်း အားရ အားပေးလေ့ရှိပါတယ်။ ဖန်တီးတဲ့ အနုပညာပစ္စည်းကလည်း အား ကောင်းရမယ်ပေါ့။ အရည်အချင်း Quality ရော Quantity အားကောင်း ရမယ်ဆိုလိုတာ။ များတိုင်းလည်း ကောင်းတာတော့ မဟုတ်ဘူး။ အနုပညာ အရည်အသွေးပေါ်မူတည်သေးတာ။

"မဦး" ရဲ့ဝတ္ထုတိုတွေဟာ အကြောင်းအရာပေါ် မူတည်ပြီး အကြောင်းဆိုက်အောင် ရေးသွားတာမို့ Unity ကျစ်လျစ်မှု ရှိပါတယ်။ တစ်ချို့ခေတ်ပေါ် ဝတ္ထုတွေဖတ်ရတာ ဖွာလန်ကျဲပြီး လိုရင်း Theme ရည်ရွယ်ချက် ပျောက်နေတတ်ပါတယ်။

မော်ဒန်ဝတ္ထုတွေမှာတော့ ဇာတ်ကောင်တွေရဲ့ စိတ်အကျဉ်းခံစားမှုနဲ့ ကျစ်လျစ်မှု ရှိချင်မှ ရှိလိမ့်မည်။ ဥပမာ ရုပ်ရှင်နဲ့ပဲ ပေးရရင် Mystery Train ဆိုတဲ့ ဂျပန်ကားကျတော့ အဲဒီ စုစည်းမှုမျိုး မရှိဘူး။

## ၁၂ ❑ မဦး

ဒါပေမယ့် သူ့အနုပညာနဲ့သူပဲ ကြည့်ရတာအဓိပ္ပာယ် ရှိတယ်။ ဘဝ သရုပ်မှန်ဝတ္ထုတွေကျတော့ Unity ဟာလိုကိုလိုတယ်။ ဒါမှ ဝတ္ထုတိုဟာ သူ့အင်္ဂါရပ်နဲ့ သူညီမယ်။ မဦးဆက်ပြီး ခပ်စိပ်စိပ်ရေးနိုင်ပြီး ထွန်းတောက်ပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

**ခင်ဆွေဦး**

http://www.cherrythitsar.org

# အပြစ်မှာ ပိုင်ရှင်မဲ့နေ၍



# အပြစ်မှာ ပိုင်ရှင်မဲ့နေ၍

အခုမှတော့ ပြောချင်ရာပြောကြပါစေ။ တကယ်ဆိုရင် ကျွန်မကရော ဒီလိုဖြစ်ချင်ပါ့မလား။ ဘယ်ဖြစ်ချင်မလဲ။ ဒါမျိုး ကျွန်မလည်းမဖြစ်ချင်ဘူး။ ဘယ်သူမှလည်း မဖြစ်ချင်ဘူး။ ဘယ်သူ့ကိုမှလည်း မဖြစ်စေချင်ပါဘူးရှင်။ ဒါပေမယ့် . . .။

လူက လုံးဝကို မဟန်နိုင်တော့ဘူး။ ခွန်အားတွေဆုတ်ယုတ်ပြီး အရုပ်ကြိုးပြတ်ဖြစ်နေပြီ။ မျက်စေ့ထဲကလည်း ပြာလိုက်တာ၊ ဘာမှ ပြတ်ပြတ်သားသား မမြင်ရတော့ပါဘူး၊ ချွေးတွေနဲ့ စိုစွတ်ရွှဲနစ်ပြီး ခြေဖျားလက်ဖျားတွေ အေးစက်ထုံကျင်နေတာရယ်၊ ရေကို အိုးလိုက်မော့သောက်ပစ်ချင်လောက်အောင် ရေအငတ်ကြီး ငတ်နေတာရယ်ပဲ သိတော့တယ်။

စပြီး ခံစားနေရတာ သုံးလေးရက်လောက်တော့ရှိပြီထင်တယ်။ အင်းလေ. . . ပြဿနာရဲ့အစကတည်းက ဆိုပါတော့။ အဖျားဝင်လာတယ် ဘယ်လိုမှ ပြန်မကျဘူး။ ကျပါ့မလား။ ကျွန်မဘာသာ တိတ်တိတ်ကျိတ်ကုနေတာကိုး ဆရာဝန်တွေ၊ ဆေးခန်းတွေကိုလည်း မပြရဲဘူးလေ။ အဖျားကြီးပြီး သတိလစ်သွားလို့ ဒီကိုခေါ်လာရတယ်လို့ အမေပြောတယ်။ ဒါပေ

http://www.cherrythitsar.org



မယ့်ဘာဖြစ်လို့ ဒီကိုမှ ရွေးပြီးခေါ်လာရတယ်၊ ဘယ်သူညွှန်လို့ ကားငှား ပြီး ဒီရောက်လာရတယ်တွေ အမေပြောတာ ကျွန်မမကြားတစ်ချက် ကြား တစ်ချက်ပါပဲရှင်၊ အမျိုးသမီးရောဂါတဲ့ . . .

ညာဘက်လက်ကို မလှုပ်နဲ့နော်သမီး၊ သွေးသွင်းထားတယ်လို့ အမေက ကျွန်မနားကပ်ပြောတယ်၊ အို . . . ကျွန်မကိုသွေးတွေ ဘာတွေ တောင်သွင်းရတယ် ဆိုပါလား၊ ကျွန်မဆေးရုံရောက်နေပြီပဲ။ အား ကျွတ် ကျွတ် ဗိုက်တစ်ပြင်လုံးလည်း အထိမခံနိုင်အောင် နာနေတယ်၊ အရမ်းကိုက် တာပဲ။

'အပြင်မှာ ဘာလုပ်ခဲ့သလဲ၊ ဒီလိုဖြစ်အောင်'

ဆရာဝန်မလေး အသံကပုံမှန်ပေမယ့်လို့ ကျွန်မနားထဲမှာ မိုး ခြိမ်းသံလိုပါပဲရှင်၊ ကျွန်မအံကို တင်းတင်းကြိတ်မိတယ်၊ ဟင့်အင်း ဟင့် အင်း မဖြေပါရစေနဲ့ . . . ကျွန်မကို မမေးကြပါနဲ့ရှင်၊ ကျွန်မအသံတိတ် ငြင်းဆန်နေမိပါတယ်။

'ဖြေပါ။ အမှန်အတိုင်းဖြေပါ။ ရှင့်ကို ဘယ်သူမှ တရားမစွဲဘူး။ အမှန်မှာ ဒါရာဇဝတ်ပြစ်မှုမြောက်တယ်နော်။ ညာလည်းမပြောနဲ့ ကျွန်မ တို့ သေသေချာချာ စမ်းသပ်ပြီးပြီ။ လိုအပ်လို့သာမေးတာပါ။ ဘာဖြစ်ခဲ့ သလဲ။ ဘာလုပ်ခဲ့သလဲပြော၊ ရှင့်အသက် ကို စိုးရိမ်ရတယ်နော်။ အမှန် အတိုင်း သိမှ ကျွန်မတို့ဆေးကုလို့ရမှာလေ။

ဆရာဝန်မလေးကတော့ ကျွန်မကို ချော့လိုက်ခြောက်လိုက်နဲ့စစ် မေးနေပါပြီကော။ ကျွန်မအသက်ကို စိုးရိမ်ရတယ်တဲ့။ အဲဒါသေမှာ ကို ပြောတာလား မသိဘူး။ ဘုရား ဘုရား ကျွန်မမသေပါရစေနဲ့ဦး။ ကျွန်မ မှာ လုပ်စရာတွေ ရှိသေးတယ်။ ကျွန်မသေဖို့ ရည်ရွယ်ပြီး ဒီလိုလုပ်တာ မဟုတ်ဘူး။ ဒီလိုဖြစ်လာလိမ့်မယ်လို့လည်း မထင်ဘူး။ ကျွန်မလေ သူ့ကို လက်စားချေချင်လို့ အရွဲ့တိုက်ချင်လို့ လုပ်တာ။ အခုတော့ တကယ်တန်း နစ်နာတာကတော့ ကျွန်မပဲ ဖြစ်နေပါလား။ ကြည့်စမ်းပါဦး။ ကျွန်မက

http://www.cherrythitsar.org



ဒီမှာသေကောင်းပေါင်းလဲ ဖြစ်နေ ချိန်မှာ သူကတော့ ဘဝသစ်ကလေးကို ကြည်နူးစွာ တည်ဆောက်ပျော်ရွှင်နေသပေါ့လေ။ ဒါ သူနိုင်သွားတာလား။ သူနိုင်ပြီးရင်း နိုင်သွားတာလား။ အို . . . မတရားဘူး။ လောကကြီး မတရားဘူး။

ကျွန်မ ခေါင်းကို တွင်တွင်ခါရမ်းပစ်လိုက်တယ်။ မုန်းတီး နာကြည်းဖွယ် သူ့မျက်နှာ၊ အောင်နိုင်သူရဲ့ဟားတိုက်ရယ်မောသံတွေ ကျွန်မ မျက်စိထဲ နားထဲက ထွက်သွားအောင် အတင်းခါယမ်းမိတော့တယ်။

'ဒီလို ငြင်းလို့တော့ မရဘူးလေ။ တစ်ခုခုတော့ လုပ်ထားမှာပဲ။ ဒီလောက်အဖျားတွေ တက်နေတာ အဲဒါပိုးဝင်တာ သိလား။ သာမန် ကလေးပျက်ကျရင် ဒီလိုမဟုတ်ဘူး။ ခု အထဲမှာ ပုပ်နေပြီ။ အဒေါ်ရော မသိဘူးလား ကိုယ့်သမီးအကြောင်း ဝိုင်းဖုံးမထားပါနဲ့'

'ဘုရားစူးရစေ့ တကယ့်ကို မသိလို့ပါ ဆရာမလေးရယ်။ အဒေါ်တို့လည်း ဈေးထွက်ရောင်းနေတော့ သူက အိမ်မှာ ကျန်ရစ်တာပါ'

ထစ်ငေါ့တုန်ရင်နေတဲ့ အမေ့အသံ။

အမေမသိတာ အမှန်ပဲပေါ့။ သွေးဆုတ်ဖြူလျော်အဖျားကြီးပြီး သတိလစ်နေတဲ့ သမီးကို ဆေးရုံလိုက်ပို့ကာမှ အမေ့ခမျာ ဘုမသိ ဘမသိနဲ့ အဆူခံနေရတဲ့အဖြစ်။

'ဆ . . . ဆရာမရယ် . . . အမေ့ကို မဆူပါနဲ့။ အမေဘာမှ မသိတာ တကယ်ပါ။ ကျွန်မဘာသာ ကျွန်မဘာသာ'

ပြောရင်း ပြောရင်းအမေ့ကိုလည်း သနား။ အရှုံးတံခွန်ကို လွှင့်ထူရင်းရှုံးပြီးရင်းရှုံးနေတဲ့ ကျွန်မအဖြစ်ကို တွေးမိလို့ ဆက်မပြောနိုင်တော့ လောက်အောင်ကို ရင်ထဲမှာ တင်းကျပ်ဆို့နင်ပြီး အသံက တိမ်ဝင်သွားပါတယ်။ မျက်ရည်တွေက ပြည့်လျှံလာပြီး မျက်နှာဘေး တစ်ဘက် တစ်ချက် စီးကျသွားလို့ နားနှစ်ဘက်ထဲမှာ ပူနွေးစွတ်စိုသွားတယ်။

'ဟုတ်ပြီ။မငိုနဲ့ ဆက်ပြော'

http://www.cherrythitsar.org



'ကျွန်မဘာသာ လက်သည်ဆီမှာ ဟို ဖျက်ဖျက်ခဲ့'

သိလိုက်ပါတော့လား ဆရာမရယ်။ ဒီစကားကို ကျွန်မ မနည်းကို အားတင်းပြောရတယ်ဆိုတာ သိလိုက်ပါတော့။

'ဘာလို့လုပ်တာလဲ။ ကလေးကို မလိုချင်လို့ပေါ့ ဟုတ်လား'

'ဟုတ်ကဲ့ မလိုချင်လို့။ သင်းရဲ့ကလေးကို လူမဖြစ်စေချင်လို့'

'ဖြစ်ရလေရှင်။ ကိုယ်ဝန်ကို မရှိခင်ကတည်းက တားရတယ်။ ရှိပြီးမှ ဒီလိုလုပ်တာ ဘယ်လောက်ကြောက်စရာကောင်းလဲ ဟင်။ ရှင်သိပ်မိုက်ပါလား'

'ဟုတ်ပါတယ် ဆရာမရယ်။ ကျွန်မလေ ကိုယ်ဝန်ရှိစက အနေအထိုင်အစားအသောက် အားလုံးဆင်ခြင်ပြီး နေခဲ့တာပါ။ ခုတော့ လူမှုရေးဖောက်ပြန်တဲ့ သူ့ရဲ့သွေး။ အကြင်နာကင်းမဲ့တဲ့သူရဲ့သွေးကို ကျွန်မရင်နဲ့ လွယ်မထားနိုင်တော့ဘူး။ အနည်းနဲ့အများ သူ့ကို စိတ်ထိခိုက်ရင်ထိခိုက်ပါစေတော့ဆိုပြီး ကျွန်မ လုပ်လိုက်မိတာပါ။ ဒီလောက်ထိ ဆိုးဝါးသွားမယ်ဆိုတာ လုံးဝမသိခဲ့ဘူး'

ဆရာဝန်မလေးက ဖျက်ချပေးတဲ့ လက်သည်အမည်နဲ့ နေရပ်လိပ်စာကိုပါ မေးပြီး ရေးမှတ်ပါတယ်။

'မတတ်နိုင်ဘူးလေ။ ဒါ ရာဇဝတ်မှုပဲ။ ထိမ်ချန်ထားလို့ မဖြစ်ဘူး။ သူနေကောင်းသွားရင်လဲ သူရော တရားမဝင်ဖျက်ချပေးတဲ့သူကိုပါ တရားဥပဒေအရ အရေးယူခံကြရမှာပဲ'

ဆရာဝန်မလေးက ခပ်လှမ်းလှမ်းရောက်မှ သူ့ဘေးက သူနာပြုဆရာမလေးနဲ့ ပြောသွားတာကို နားစွင့်နေတဲ့ ကျွန်မ ကြားလိုက်ရပါတယ်။

'ဘယ်တတ်နိုင်မလဲ။ ကိုယ်ပြုတဲ့အပြစ်ဒဏ်ကိုယ်ခံရမှာပေါ့'

'ဘယ်လိုလဲ သမီးရယ်။ အမေတော့ နားကိုမလည်တော့ဘူး။ သမီးတို့ချင်း ချစ်ကြလွန်းလို့ မိဘသဘောမတူဘဲ ဝိုင်းကန့်ကွက်တဲ့

http://www.cherrythitsar.org



ကြားထဲက အတင်းလိုက်သွားပြီး ယူခဲ့တဲ့ ယောကျ်ား မဟုတ်လား။ ခု ဘယ်လိုဖြစ်ရတာလဲ။ အမေ့ကို ပြောစမ်းပါဦး သမီးရယ်'

အမေ့ရဲ့ မချိတင်ကဲ မေးသံက ကျွန်မရင်ထဲ ဆို့ကျပ်သွားတာပဲ။ သမီးပါနေမှတော့ သားပဲလို့ သဘောထားပြီး အိမ်ပေါ်ခေါ်တင် ကျွေးမွေး စောင့်ရှောက်ထားတဲ့ မိဘကို သစ္စာမရှိတဲ့ ယောကျ်ားအကြောင်း ဘယ်လို ပြောထွက်ပါ့မလဲ အမေရယ်၊ ကျွန်မတစ်ယောက်တည်း ဖြစ်လာသမျှ ရင်စည်းခံမယ်ဆိုပြီး တစ်ယောက်တည်း ဇွတ်လုပ်ခဲ့မိသမျှ အမေပါ အရှက် တကွဲ အဆူခံ အပြောခံဖြစ်ရတာ ကျွန်မကို ခွင့်လွှတ်ပါတော့။

တောက် သင်းကြောင့် ခုလိုဖြစ်ရတာ၊ သစ္စာမဲ့တဲ့ ယောကျ်ား အို ကျွန်မ ဘာလို့ အရှုံးပေးရမှာလဲ၊ သင်းကို ဒုက္ခရောက်အောင် လုပ်ဖို့ ကျွန်မ အသက်ရှင်ရဦးမယ်၊ သင်းကို လက်စားချေဖို့ ကျွန်မသေကို မသေ သေးဘူး၊ ငယ်ထိပ်အထိ ဆူဝေလာတဲ့ မကျေနပ်ခြင်း၊ ဒေါသတွေက လောကကြီးကို မှောင်ကျသွားစေပြန်ပြီ။

*

ရောင်စုံပွင့်နေကြတဲ့ ပန်းခင်းကြီးကြားမှာ ပြုံးရွှင်ရယ်မောလို့ လက်ချင်းချိတ် လျှောက်လှမ်းလာကြာတာ ကျွန်မနဲ့ မောင်ပေါ့။ သိပ်ကိုချစ် ကြတာပဲ၊ မောင်က ပန်းကလေး တစ်ပွင့်ခူးပြီး ကျွန်မခေါင်းပေါ်မှာ ပန် ပေးတယ်။

ပြုံးမော့မော့လေး ကြည်နူးနေသူဟာ ကြည့်ရင်းကြည့်ရင်း ကျွန် မ မဟုတ်တော့ပါလား၊ သူ ဘယ်သူလဲ မောင့်လက်ကို ချိတ်တွဲထားတာ။ ဟင် မောင်ကကျွန်မကို မျက်နှာထားတင်းတင်းနဲ့ပြန်ကြည့်ပြီး ဟိုမိန်းကလေး နဲ့ လက်တွဲထွက်သွားတယ်။ ဒါဘာသဘောလဲ ဘာလုပ်တာလဲ မောင်။

ကျွန်မအာခေါင်ခြစ်ပြီး စူးစူးနစ်နစ် အော်ခေါ်ပစ်လိုက်တယ်။

http://www.cherrythitsar.org



ကျွန်မလက်ထဲမှာ ဓားတစ်ချောင်းရောက်လာပြီ။ မောင့်လက်ကို ကျွန်မ လှမ်းဆွဲလိုက်တော့ မောင်က ကျွန်မလက်ကို ပုတ်ထုတ်ပြီး ဆက်လျှောက်ဖို့ ပြင်တယ်။ အို ကျွန်မသည်းမခံနိုင်တော့ဘူး။ မောင့်ကို လက်ထဲက ဓားနဲ့ တအားကုန် ထိုးလိုက်တယ်။ တစ်ဆက်တည်း ဟိုမိန်းမကိုလည်း ဓားနဲ့ အဆက်မပြတ် ထိုးလိုက်တာ သွေးတွေဟာ ခြင်းခြင်းနီရဲလို့၊ ကောင်းတယ်မှတ်ထား။

အို . . . သွေးအိုင်ထဲလဲနေတာ နောက်တော့ ကျွန်မကိုယ်တိုင် ဖြစ်နေပါလား။ ကျွန်မအတင်းလူးလဲထ လိုက်တယ်။ မထနဲ့ မထနဲ့ ဆိုတဲ့ အသံတွေ ကြားရတယ်။ ကျွန်မကိုယ်တွေ ခြေလက်တွေကိုလဲ အတင်းဖိ ထားကြတယ်။ ကျွန်မရုန်းကန်ရင်း မောလာတယ်။

'သမီး သမီး မထနဲ့လေ သတိရပြီလား၊ အမေရှိတယ်'

အမေ့အသံ။

နူးညံ့ပျော့ပျောင်းတဲ့ အမေ့အသံ၊ ကျွန်မသတိထားမိပြီ။ ကျွန်မ ကယောင်ကတန်းနဲ့ အိပ်မက်မက်နေတာနော်။

'အမေ . . .အမယ်လေး၊ သမီး မသေဘူးနော်'

'အို သမီးရယ်၊ သမီးကို ဆရာဝန် ဆရာမတွေက အကောင်းဆုံး ကုသနေပါတယ်။ စိတ်ကောင်းကောင်းထားလေ။ နေကောင်းအောင် နေနော်၊ ဘာမှ မပူနဲ့ သိလား'

အမေ . . . ဟန်မဆောင်တတ်တဲ့ အမေ့အကြောင်းကို သမီး ကောင်းကောင်းသိပါတယ် အမေရယ်။ အမေညာရင် မပိရိဘူး။

ဟန်ဆောင်ပြုံးရယ်ပြနေတဲ့ အမေ့မျက်နှာပေါ်မှာ တစ်ခုခုကို အမေကိုယ်တိုင် က အားပေးရင်း စိုးရိမ်နေတယ်ဆိုတာ ကျွန်မသိတာပေါ့။

အမေက ဘုရားစာအုပ် ဝါဝါလေးကို ဖွင့်ပြီး ဓာရဏပရိတ်တော် ကို ရွတ်ဖတ်ပြတယ်။

အမေ့အသံ ငိုသံပါနေတယ် . . . အမေ။

http://www.cherrythitsar.org



'မင်း ငါ့ကို ဘာငြင်းချင်သေးသလဲဆိုတဲ့ မျက်ဝန်းနဲ့ တရားခံဖမ်းသလို လာမကြည့်နဲ့၊ အဲဒါ ငါ့စာအမှန်ပဲ'

'ဩော် . . . ဒီတော့ စာထဲက ကိုကိုဆိုတာ ရှင့်ပေါ့၊ ဟင် ချစ်ဆိုတာက သူများယောကျ်ားကို ကာမပိုင်ရှိမှန်း သိရက်သားနဲ့ ကြောင်တောင်နိုက်တဲ့ ဟာမပေါ့။ ကိုကိုတဲ့။ ကိုကို မိန်းမကြီးကို ပိုင်ရဲ့လားတဲ့။ ချစ်က ကြောက်တတ်တယ်နော် တဲ့။ ဟား ဟား ကြောက်ရင် ဒီလိုမနေသေးဘူး ကြာကူလီမ'

'တိတ်စမ်း၊ မင်းသူများကို ချိုးချိုးဖွဲဖွဲ မပြောနဲ့ . . .'

'ပြောရမယ်ရှင့် ပြောကိုပြောရမယ်၊ ရှင့်ဟာမထိတော့ နာသလား၊ သူများတွေ ပြောတုန်းကတော့ ကိုယ်ယောကျ်ားကိုယ် စိတ်ချလွန်းလို့ လုံးဝမယုံခဲ့ဘူး၊ ဒီလောက် သစ္စာမဲ့မယ် မထင်ဘူး၊ ဒါဖြင့် ရှင်အစကကျွန်မကို ဘာလို့ ယူသေးလဲ၊ ဘာလို့ ခိုးပြေးသေးလဲဟင်၊ ကိုယ်တိုင်လက်ပူးလက်ကြပ်မိမှပဲ တောင်ပို့ကြီးမှန်း သိတော့တယ်။ အမယ်လေးဟဲ့ ဘုရားမှတ်လို့ ကိုးကွယ်မိပါတယ်တော့'

'တိုးတိုး ပြောစမ်း၊ ဘေးအိမ်တွေ သိကုန်မယ်'

'ဟင် ဒါတော့ ရှင်ရှက်သလား၊ ဖောက်ပြန်နေတဲ့ လူဟာ အမှန်ပြောတာကို ရှက်သလား၊ ဒီမိန်းမကို ရှင်ဖြတ်မလား မဖြတ်ဘူးလား၊ ဒါပဲပြော'

'ဖြတ်စကား မပြောနဲ့၊ ငါတို့ ယူပြီးပြီ'

'ဘာ ဘာပြောတယ်'

'ဟုတ်တယ် . . . ယူပြီးပြီ၊ သူ့မှာ ကိုယ်ဝန်နှစ်လရှိပြီ'

ခေါင်းထဲမှာ မိုက်ခနဲ ဖြစ်သွားပြီးတော့ ကျွန်မရုတ်တရက် ကြက်သေသေသွားတယ်။ မောင်ပြောရက်လိုက်တာ။ ပြောထွက်လိုက်တာ မောင်ရယ် . . .။ တကယ်ဆို အလကားပါကွာ၊ အပျော်ပါ၊ မောင့်မိန်းမကို ကျေနပ်တဲ့အထိ မောင်တောင်းပန်ပါတယ်ကွာ။ သူ့ကိုလည်း လုံးဝအဆက်ဖြတ်

http://www.cherrythitsar.org



လိုက်မယ်နော်။ စိတ်ချလို့ အချိုသပ်ပြီးပြော နောက်မှ ခိုးလုပ်ရင်တောင်မှ ကျွန်မဆိုတဲ့ မောင့်ကိုသိပ်ချစ်တဲ့ မိန်းမမိုက်က အဆင်ခြင်မဲ့စွာ ခွင့်လွှတ်ချင် လွှတ်မိဦးမှာပါ။ ပြီးတော့ မောင်နဲ့ ကျွန်မကြား နွယ်ယှက်နေတဲ့ သံယောဇဉ်ကြိုးမျှင်လေးကို မောင်လည်း အသိပဲ။ ဟုတ်တယ် ကျွန်မမှာ မောင့်ရင်သွေးလေးကို လွယ်ထားရတာ လေးလလည်းကျော်ပြီပဲ။ သားမွေးမယ် သမီးမွေးမယ်လို့တောင် လောင်းစားကြည်နူးခဲ့သေးတာ မောင်မေ့မယ် မထင်ပါဘူး ဒါနဲ့တောင် . . .

အားငယ်စိတ်တွေ၊ သိမ်ငယ်စိတ်တွေ နေရာမှာ မခံချင်ခြင်းနဲ့ နာကြည်းခြင်းတွေက တာရိုးကျိုးပေါက်သွားတဲ့ ရေလုံးတွေလို အတားအဆီးမဲ့ တွန်းထိုးဝင်ရောက်လာတယ်။ ကျွန်မမျက်လုံးတွေ အေးစက်ကျဉ်းမြောင်းသွားတယ်။ မဲ့ပြုံးကို ပီပီပြင်ပြင် ပြုံးလိုက်တယ်။

'ကောင်းပြီ ဒီဗိုက်ထဲက ရှင့်ကလေးကို အရှင်မထားတော့ဘူး'

'ဟင် ဘာ မင်း မင်း မမိုက်ရိုင်းနဲ့နော်'

'ပြန်စဉ်းစားကြည့်စမ်း ကိုယ်လုပ်တာ ကိုယ် ပြန်စဉ်းစားစမ်း၊ ကလေးရှိတာလည်း ရှင် သိတယ်။ မိန်းမရှိတာလည်း ဟိုဟာမသိတယ်၊ သိသိကြီးနဲ့ လူမှုရေးဖောက်ပြန်တဲ့ လူတွေက မိုက်ရိုင်းကြတာပါလေ'

'စိန်လိုက် ရှင်လည်းလုပ်ချင်တာလုပ် ကျွန်မလည်း ကျွန်မသဘောပဲ၊ ရှင့်ရဲ့ အမျိုးကောင်း သမီးလေးရဲ့ ဂုဏ်သိက္ခာကို ယောကျ်ားကောင်းပီသစွာ ဆက်ပြီးတော့ ဆယ်ယူမြှင့်တင်လိုက်ဦးပေါ့'

စိတ်ညစ်စိတ်ရှုပ်သွားပြီး ဘာလုပ်ရမှန်း မသိဖြစ်သွားတဲ့ မျက်နှာကို စက်ဆုပ်စွာကြည့်ရင်း ကျွန်မဝမ်းနည်းမျက်ရည် တစ်စက်တောင်မှ အားနာပါးနာ မထွက်ဖြစ်ခဲ့ဘူး။ မိန်းမတွေကို ကျွတ် မိန်းမများ ဒီလောက်တော့ ဖြစ်ပါတယ်ကွာ၊ ပိုင်ပါတယ်ဆိုပြီး လျှော့တွက်ကြတဲ့ လူတွေကို မိန်းမတွေအကြောင်း ကောင်းကောင်း ပြရသေးတာပေါ့။

*

http://www.cherrythitsar.org



မခံချင်ခြင်း၊ နာကြည်းခြင်း ဆိုတဲ့ စိတ်တွေကပဲ ဖိစီးနေတော့ ကျွန်မလုပ်ချင်တဲ့ ရည်ရွယ်ချက် ထမြောက်အောင်မြင်ရင် ပြီးရောဆိုပြီး နောက်ဆက်တွဲ လိုက်လာမယ့် အကျိုးအပြစ်တွေကိုလည်း မစဉ်းစားမိခဲ့ဘူး၊ အမေ့ကိုလည်း မတိုင်ပင်ခဲ့ဘူး၊ ကျွန်မလုပ်မယ့်ကိစ္စမှာ အတားအဆီး ဖြစ်မှာစိုးတယ်လေ။

ဘာမှ မဖြစ်သလို မသိသလို နေခဲ့တယ်။ ဗဟုသုတကလည်း မရှိ။ ရှိတောင်မှ အမှောင်ဖုံးလွှမ်းနေတဲ့ ကျွန်မစိတ်ကို မိုက်မဲခြင်း တွေကသာ ကြီးစိုးနေခဲ့တာပေါ့။

ငွေမျက်နှာတွေကြောင့် ဥပဒေအပြင်ကနေ ပုန်းလျှိုးကွယ်လျှိုး ခိုးကြောင်ခိုးဝှက်နဲ့ အာမခံတဲ့သူကြောင့်လည်း ကျွန်မက ခပ်ပေါ့ပေါ့ တွက်မိတာလဲပါတယ်။ သူ လုပ်ပေးတာ ဘယ်နှစ်ယောက်ရှိပြီ ဖြစ်ကြောင်း၊ တစ်ယောက်မကျန် အောင်မြင်ကြောင်း၊ ဘာပြဿနာမှ မပေါ်ခဲ့ဖူးကြောင်း၊ ဘာဆေးမှလဲ သောက်စရာမလိုကြောင်း၊ အားလုံးအဆင်ပြေနေကြကြောင်း ရွှန်းရွှန်းဝေအောင် ပြောတဲ့နောက်နားယောင်ပါသွားမိတာပဲ၊ ပြောသာ ပြောတာ သူက ကျွန်မကို လာဆွယ်တာတော့ မဟုတ်ပါဘူး၊ ကျွန်မက သွားဆက်သွယ်တာပါ။

အဲဒီနောက်ပိုင်း ကျွန်မတစ်ယောက်တည်း မိုက်မဲမှားယွင်းမှု ချောက်ကမ်းပါးနက်ကြီးထဲကို ဒလိမ့်ခေါက်ကွေး ကျခဲ့ရတာပါပဲ။ ပြေးပေါက်မရှိတဲ့ သားရဲတွင်းထဲမှာ မောဟိုက်ပင်ပန်း နွမ်းလျပြီး အသက်ကို ခဲပင်ပန်းစွာ ရှူနေရပြီလေ။

အို . . . မွန်းလိုက်တာ ကျပ်လိုက်တာ။ မောတယ် မောတယ်။

'သမီးဘာဖြစ်လဲ၊ မောတယ်ဟုတ်လား။ သမီးနှာခေါင်းမှာ လေပိုက်တပ်ထားတယ်။ သတိထား။ အသက်မှန်မှန်ရှူနော် အမေဆရာဝန် သွားပြောပေးမယ်'

ကသောကမျော ပြောပြီး အမေပြေးထွက်သွားတယ်။

http://www.cherrythitsar.org



ဩော် အမေ . . . အမေ အသက်ကြီးကာမှ သမီးမိုက်ကြောင့် ဒုက္ခရောက်ရပြီ နော်။ ကျွန်မကို ပြန်ပြုစုနေရရှာတယ်။ ချွဲတွေကျပ်ပြီး အန်တော့လည်း ထွေးခံလေး ကပျာကသီ ခံပေးရ။ ဆီးဝမ်းကအစ အားလုံးလုပ်ပေးရနဲ့ ကျွန်မတော့ ငရဲကျမှာ သေချာနေပါပြီကော။ အပြစ်မဲ့တဲ့ကလေးကို ဖျက်ဆီးမှု၊ အနန္တောအနန္တဂိုဏ်းဝင် မိဘကို စိတ်နှလုံးညှိုးချုံးအောင် လုပ်မှုဆိုတဲ့ အကြီးလေးဆုံးပြစ်မှုတွေနဲ့ ငရဲမှာ တူးကပ်အောင်ခံရတော့မှာပါ။

ကောင်းသွားရင်လည်း ရာဇဝတ်ပြစ်ဒဏ်ခံရဦးမယ်။

ဘေးဘီကို မှုန်ဝါးတဲ့ မျက်လုံးတွေနဲ့ အားကိုးရှာမိတယ်။ အို ကျွန်မလို မိန်းမလူနာတွေချည်းပဲ။ နှာခေါင်းပိုက်တန်းလန်း၊ သွေးပုလင်းတန်းလန်း၊ ခုတင်ခြေရင်း မြှင့်ထားသူက တစ်မျိုး၊ အောက်ဆီဂျင်ပိုက်သွင်းထားသူကတစ်မျိုး။ အားလုံးက သူ့အကြောင်းနဲ့သူ ကံမကောင်းကြရှာဘူးနော်။ ဒီအထဲ ကျွန်မလို မိုက်တွင်းနက်ခဲ့တာတွေ ဘယ်နှစ်ယောက်ပါမယ်မသိ။

အမေနဲ့အတူ ဆရာဝန်မလေး ပါလာတယ်။ ကျွန်မကို စမ်းသပ်စစ်ဆေး နားထောင်တယ် ဝမ်းဗိုက်ကို လက်တင်လိုက်တာနဲ့

'အမလေး လုံးဝမထိပါနဲ့၊ မခံနိုင်လို့ပါ ဆရာမရယ်'

'အိုး အရမ်းနာနေသလား။ ဟုတ်တယ်။ အစ်မရဲ့ သားအိမ်ထဲကို ဝင်တဲ့ရောဂါပိုးတွေက အစ်မဗိုက်ထဲက အူတွေရော တစ်ဗိုက်လုံးလျှောက်ပြန့်ကုန်လို့ ရောင်ကိုင်းပြီး နာနာနေတာပေါ့။ ကျွန်မတို့ဆေးတွေတော့ ပြည့်စုံအောင် ပေးထားတယ်နော်။ အောက်ဆီဂျင်ကိုလည်း ကျွန်မညှိပေးခဲ့မယ်။ ဒီလိုပဲ ရောဂါပြင်းထန်တော့ အလူးအလဲခံရတာပေါ့လေ။ စိတ်တင်းထားစမ်းပါ အစ်မရယ်'

စိတ်သက်သာအောင် ပြောတဲ့ဆရာမလေးကို သိပ်ပြီး ကျေးဇူးတင်မိတယ်။ အပြောလေးကလည်း ချိုလိုက်တာ။ နည်းနည်းတော့

http://www.cherrythitsar.org



သက်သာသလို ရှိသွားတာပေါ့။ သူပြန်လာပြီး ပိုက်ထဲကို ဆေးတစ်လုံး ထိုးတယ်။ ကျွန်မ လက်ဖျံသွေးကြောထဲ သွင်းထားတဲ့ ပိုက်က ဆေးရည်တွေတစ်စက်ပြီး တစ်စက် စီးဝင်နေတယ်။ ဆေးထိုးပြီးပြီးချင်း ဟိုဘက်ခုတင်က လာခေါ်တယ်။

'ဒေါက်တာ လာကြည့်ပါဦး။ အမောဖောက်နေပြီထင်တယ်'

ဟုတ်ပါရဲ့။

ဟို ခုတင်က အမျိုးသမီးကြည့်ရတာ အသက်ကို တော်တော်ကလေး ခက်ခက်ခဲခဲ ရှူရတဲ့ ပုံပဲ။ ဆရာဝန်မလေး သွားကြည့်အပြီးမှာချက်ချင်းပဲ အခြားဆရာဝန်တွေ ဆရာမတွေရော ဝိုင်းအုံလို့ ပျားပန်းခတ်သွားတာပဲ။ ဆေးထိုးတဲ့သူ ထိုး၊ ချွဲစုပ်စက်ကြီးနဲ့ စုပ် ရှုပ်ယှက်ခတ်သွားတယ်။

'သမီး ကြည့်မနေနဲ့လေ။ မျက်စိမှိတ် ကိုယ့်ဘာသာ ကောင်းအောင်နေ။ ဘုရားစာ ရွတ်နေပါလား'

'ဟင့်အင်း အမေ သမီးကြည့်ပါရစေ'

ကျွန်မ ခေါင်းမာစွာပဲ အမေ့စကားကို ငြင်းဆန်နေမိတယ်။ ခေါင်းထဲကတော့ ရီဝေဝေ မူးမိုင်းမိုင်းနဲ့ပါပဲ။ အဖျားကလည်း ကျတယ်ရယ်လို့ မရှိဘူး။ ထိုးလိုက်ရတဲ့ဆေးတွေကလည်း တင်ပါးတွေ ကျိန်း၊ လက်ခုံ၊ တံတောင်ကွေး၊ ခြေကျင်းဝတ်တွေလည်း ကြည့်မကောင်း ရှုမကောင်းလောက်အောင်ကို မည်းပြာပြာ ညိုညစ်ညစ်အကွက်တွေနဲ့ ပြည့်နှက်နေတယ်။ အဖတ်လည်း စားမရ၊ အရည်လေးနည်းနည်းပဲ ဝင်တယ်။

ဟော အဖျားလိုက်တိုင်းတဲ့ ဆရာမကြီးလာပြီ။

ကျွန်မကတော့ အဖျားရှိနေဦးမှာပဲ။ ကျွန်မရောဂါပိုးကိုနိုင်တဲ့ ဆေးမရှိတော့ဘူးလားရှင်။ ဆရာမကြီးက အခန်းထဲက လူနာတွေကို တစ်ခုတင်ပြီး တစ်ခုတင် အဖျားတိုင်းရင်း ပါးစပ်ကလည်း သူ့ဝသီအတိုင်း နှုတ်ကြမ်း လျှာကြမ်းနဲ့ တတွတ်တွတ် ပြောနေတယ်။

'ကိုယ့်ဘာသာ ပေါက်ကရတွေလုပ်။ သေလုမြောပါးဖြစ်မှ ဆေးရုံကိုလာကြသိလား။ နင်တို့အတွက် ကုန်လိုက်တဲ့ဆေးတွေ နည်းမှတ်လို့လား။ ခုနက ထိုးတဲ့ အသက်ကယ်ဆေးဆို တစ်ပုလင်း တစ်ရာ့ငါးဆယ်နှစ်ရာ။ တစ်နေ့ ရှစ်ပုလင်း ကိုးပုလင်း။ တွက်ကြည့်စမ်း။ ဆိုဒါဘိုင်ကပ်ဆိုတဲ့ ဆေးက တစ်ပုလင်းရှစ်ဆယ် လေးပုလင်း။ ပိုးသေတဲ့ဆေးသုံးမျိုးကလည်းတစ်နေ့လေးကြိမ်၊ သွင်းလိုက်ရတဲ့ ဂလူးကိုစ့်ကလည်း တစ်နေ့လေးလုံး၊ တစ်နေ့တစ်နေ့ကို နင်တို့တစ်ယောက်စီအတွက် အောက်ထစ်နှစ်ထောင်ကျော်ကုန်တယ် နားလည်ကြရဲ့လား။ ဆေးရုံဆိုတာ ဆေးကုရမှာပဲ။ မှန်တယ်။ ဒါပေမယ့် ရိုးရိုး ဇွဲ ပါးမဟုတ်ဘဲ နင်တို့ မိုက်တွင်းတူးလို့ ဖြစ်လာတဲ့ ဟာမတွေကို အဖိုးတန်တဲ့ ဆေးတွေသုံးပြီး အသက်ကယ်နေရတယ်။ ကောင်းသွားလို့ ဆေးရုံက ဆင်းသွားကြရင်လဲ နောက်ထပ်ဖန်တီးလာခဲ့ကြဦးပေါ့'

သူလုပ်စရာရှိတာလုပ်၊ ပါးစပ်ကလည်း မနားတမ်းပြောပြီး ထွက်သွားတော့တာပါပဲ။ ဘယ်သူမှလဲ မထောက်ခံ၊ ဘယ်သူမှလဲ မကန့်ကွက်။ အားလုံးမျက်နှာငယ်လေးတွေနဲ့ ငိုင်နေကြတယ်။

'ဆရာမကြီးပြောတာ အရမ်းမှန်တယ်။ သူ အဲဒါ ကရုဏာဒေါသောနဲ့ ပြောသွားတာ။ သူ့ကို စိတ်မကွက်လေနဲ့။ ဆင်းရဲချမ်းသာမရွေးညစ်ပတ်နံစော်နေတဲ့ လူနာတွေကို မရွံမရှာတာဝန်ကျေကျေ လုပ်ပေးနေ တဲ့ ဆရာဝန်ဆရာမတွေ ဘယ်လောက်ကျေးဇူးတင်ဖို့ကောင်းလဲ။ အဲဒီဆရာမကြီးဆို အရမ်းအလုပ်လုပ်တာ။ နားတယ်ရယ်လို့ မရှိဘူး။ ပါးစပ်ကပြောတာတော့ တည့်တိုးကြီးဖြစ်နေလို့သာ။ မှန်တာတော့ အမှန်ပဲ'

အမေပြောတာနဲ့ ဆရာမပြောတာတွေ အထပ်ထပ်ကြားနေတုန်း

'အမလေး သမီးလေးရယ်။ အဖြစ်ဆိုးလှချည့်လား။ မောင်အောင့်ကို ပိုချစ်လို့ လိုက်သွားတာပေါ့နော်။ ညည်းအဖေခရီးက ပြန်လာတာကိုတောင် မစောင့်တော့ဘူးလား။ အမိုက်မလေးရဲ့'

http://www.cherrythitsar.org



စီကာပတ်ကုံး ဖွဲ့နွဲ့ ငိုယိုလိုက်တဲ့ လူနာစောင့်အဘွားကြီးရဲ့ ငိုသံ အောက်မှာ တစ်ခန်းလုံး တိတ်ဆိတ်ငြိမ်သက်သွားပြီး ဝိုင်းကြည့်နေကြ တော့တယ်။ ခုနက မိန်းကလေးရဲ့ မျက်နှာကို ကျွန်မကြည့်လိုက်တုန်းက အဆင့်ဆင့်ပြောင်းလဲသွားတဲ့ ပုံစံတွေကို ကျွန်မမျက်စိထဲက မထွက်ဘူး။ အခုတော့ သူမ ငြိမ်သက်သွားပြီလေ။

ဆရာမတစ်ယောက်က နှာခေါင်းက အောက်စီဂျင်ပိုက်ကို ဖယ် ရှားလိုက်တယ်။ ခန်းဆီး အဖြူတွေ ချက်ချင်းရောက်လာပြီး ခုတင်ကို ဝိုင်း ပတ်ကာရံလိုက်ကြတယ်။ သူမ တကယ်သေသွားပြီပဲ။ ဘုရား ဘုရား ကျွန်မလည်း အဲဒီလို မဖြစ်ပါရစေနဲ့။ မသေပါရစေနဲ့ဦးရှင်။

*

စဉ်းစားကြည့်ပါ။

ဘယ့်နှယ် ယောကျ်ားတွေက သစ္စာစောင့်စည်းမှု မရှိဘဲ ထင်ရာစိုင်းတိုင်း မိန်းမတွေက ဖြစ်ပြီးတာတွေ ပြီးပါစေ သဘောလေးထား စိတ်နှလုံးကောင်းလေးတွေ မွေးပြီးသဘောထားပြည့်ဝ နေပြမယ်ဆိုရင် တရားပါ့မလား။ ခုပဲကြည့်။

ရလာတဲ့ကလေးမျက်နှာကိုမှ မထောက်။ သူမို့ ဖောက်ပြန်ရက် တယ်။ အိမ်ထောင်ရေးဖောက်ပြန်တာကို ကျွန်မ အရွံ့မုန်းဆုံးပါ ဆိုတာ မယူခင်ကတည်းက အတန်တန် အထပ်ထပ် ပြောပြီးသား။ ကတိတွေကို လျှာဖျားကပဲ ပြီးစလွယ်ပေးခဲ့တာ။

ဘယ်လောက်များ ခံရခက်သလဲလို့။

ကျွန်မဘက်ကများ အဲဒီလိုမှားကြည့်စမ်း။ ဒါမျိုးကျတော့ သူတို့ တွေ အားကြီး ရွံ့တတ် မသတီတတ် လိုက်ကြတာ။ အခု သူကျတော့ တောင်းပန်တဲ့လေသံ တစ်စက်တောင်မပါဘဲနဲ့ မာရေကျောရေ သဟောက်

http://www.cherrythitsar.org



သဟာ ပြောသွားခဲ့သေးတယ်။ မှန်တဲ့လူက မှားတဲ့လူကို ခြေသလုံး ဖက်ပြီး မတောင်းပန်နိုင်ဘူး။ အရှုံးလည်း မပေးနိုင်ဘူး။

ဒါကြောင့် သူ့ကို အနိုင်ပိုင်းချင်လို့ရယ်၊ ကျွန်မအရှုံးပေးပြီး ဒီကလေးကို မွေးမပေးချင်လို့ရယ် သစ္စာမရှိ ဖောက်ပြန်တတ်တဲ့သူရဲ့ ရင်သွေးအဖြစ် တစ်သက်လုံး ရပ်တည်မသွားစေလိုလို့ရယ် ကျွန်မ ဒီလို မိုက်မိုက်မဲမဲ လုပ်ခဲ့တာ။ ခုတော့ ကျွန်မအဖြစ်က သေမင်းနဲ့ လက်ဆန့်တစ်ကမ်းမှာ ကျွန်မသေရမှာကို ကြောက်လိုက်တာ။ ကျွန်မရင်သွေးကိုတော့ ကျွန်မကိုယ်တိုင် ဆုံးဖြတ်ပြီး စီစဉ်ပြီး သတ်ခဲ့ပြီးပြီ။ ကျွန်မဟာ လူသတ်သမားဖြစ်ပြီ။ လူသတ်သမားတွေဟာ ကိုယ်သေရမှာတော့ ကြောက်ကြသလား မသိဘူး။ မသေချင်သေးဘူး။ ကလဲ့စားချေဦးမယ်။ ကျန်သေးတယ်။ ဖြစ်အောင်လုပ်ရမယ်။ ကျွန်မခေါင်းထဲမှာ စီစဉ်တကျမရှိဘဲ ဆန္ဒမောဟတွေနဲ့ နှောက်ကျိ ညစ်ညူးနေတယ်။

*

'အမေ အမေ ရင်ထဲမှာ အရမ်းပူ ပူတယ် ။ ရေသောက်ချင်တယ်၊ မောလဲမောတယ်'

ကျွန်မအသံက တိုးလျလွန်းလို့ အမေ့နားက ကျွန်မနှုတ်ခမ်းနားကို ကပ်ပြီး နားထောင်ရရှာတယ်။ ပြီးမှ ဆရာဝန်က ဘာမှ မသောက်ရဘူးလို့ မှာထားတယ်တဲ့။ ခွဲရမှာဆိုလား မသဲကွဲဘူး ကြားလိုက်တယ်။ ကျွန်မ စိတ်ပျက်လက်ပျက်နဲ့ မျက်လုံးပြန်မှိတ်လိုက်တယ်။ အင်း စိတ်သွားတိုင်း ကိုယ်မပါတဲ့ ဘဝပါလားနော်။ တွေးရင်း တွေးရင်းနဲ့ အသက်ရှူရတာ ပိုကျပ်လာသလိုပဲ။ အာခေါင်တွေ ပိုခြောက်လာပြီ။

အို . . . ရန်းကန်အော်ဟစ်ပစ်လိုက် ချင်ပေမယ့် ခြေလက်တွေကို မသယ်နိုင်လောက်အောင် ခွန်အားတွေက ဆုတ်ယုတ်နေပါပြီ။ မွန်းတယ်

http://www.cherrythitsar.org



ကျပ်တယ်။ လေ မဝဘူး။ အမေရေ ဆရာမရေ လုပ်ပါဦး။ ကျွန်မစိတ်ထဲမှာ အကြိမ်ပေါင်းများစွာ ပဲ့တင်ထပ်မျှ ပြောနေပေမယ့် နှုတ်ကတော့ ပွင့်ထွက်မလာဘူး။ ကျွန်မလက်ကို တစ်စုံတစ်ယောက်က လာရောက်ဆုပ်ကိုင်လာတယ်။ လက်နွေးနွေးလေး။အို မောင်၊ မောင်ပါလား။ မောင် ကျွန်မဆီကိုလာတယ်ပေါ့။ ကျွန်မ မျက်လုံးကို အားယူပြီး ဖွင့်ကြည့်လိုက်တယ်။

'သမီး ဘယ်လိုနေသေးလဲ ဆရာ့ကို ပြောပါဦး'

အို . . . ကန်တော့ပါ ဆရာရယ်။ ကျွန်မလေ မသိစိတ်က စိတ်စွဲပြီး မောင့်လက်လို့ ရုတ်တရက်ထင်မိတာပါ။ နာကြည်းချက်နဲ့ မပြတ်သတိရနေမိတာ ကျွန်မ မိုက်မဲနေတုန်းပဲမို့ ထင်တယ်နော်။ သွားစမ်းပါ ဒီလူအကြောင်း လုံးဝမတွေးနဲ့တော့ ဖယ် ထွက်။

'မောတယ်။ အသက်ရှူမဝဘူး ဆရာ၊ ကျွန်မကို ကယ် ကယ်ပါဦးဆရာရယ်။ ရင်ထဲက ပူတယ်။ မွန်းတယ်'

ဆရာက ကျွန်မကို စမ်းသပ်ပြီး နားကျပ်ကို ပြန်ချိတ်ရင်း အမေ့ကို ပြောတယ်။

အမေ့ခမျာ အရမ်းမျက်နှာ ပျက်နေရှာပြီ။

'အဒေါ် သမီးရဲ့ သားအိမ်ထဲမှာ ကျန်နေသေးတဲ့ အသားစပုပ်တွေသွေးပုပ်တွေကို ကျွန်တော်တို့ ဆွဲထုတ်ပြီးတာတောင် ပိုးတွေက မိုက်ထဲက တစ်ဆင့် တစ်ကိုယ်လုံး ပြန့်သွားတာပဲ။ စဖြစ်ဖြစ်ချင်း ဆိုရင်တောင် မနည်းဆေးနိုင်အောင် လိုက်ရတဲ့ အဖြစ်မျိုးပေါ့။ ခု အဒေါ်တို့လာတာ လေးရက်လောက်လဲ နောက်ကျတယ်။ ရောဂါကလည်း သည်းတယ်'

နောက် ဆရာက ကျွန်မရဲ့ လူနာမှတ်တမ်းစာရွက်ထဲ ရေးရင်း အတူပါလာတဲ့ ဟိုတစ်နေ့က ဆရာဝန်မလေးကို အင်္ဂလိပ်လိုပြောတယ်။ ဒီတစ်ယောက်လည်း ဆက်ပ်တီဆီးမစ်ရှော့ ဝင်ပြန်ပြီတဲ့။ အဲဒါဟာ ကြောက်စရာကောင်းသလား၊ စိုးရိမ်ရသလား ပြောသွားပါဦး ဆရာရယ်။ ကျွန်မနားလည်အောင် ရှင်းမပြတော့ဘူးလား။

http://www.cherrythitsar.org



ခဏနေတော့ ဆေးလာထိုးပြန်တယ်။ ဟော ချွဲစုပ်စက်ကြီး တွန်းလာတာကို ကျွန်မ မောဟိုက်မွန်းကျပ်နေတဲ့ကြားက သတိထားလိုက်မိတယ်။ ကျွန်မ နှာခေါင်းထဲ ပါးစပ်ထဲ ချွဲစုပ်စက်က ပိုက်ကို ထိုးတည့်နေပြီ။ အို . . .

ကျွန်မမနေ့က တစ်ဘက်ခုတင်က ကောင်မလေးကို ကွက်ခနဲ ပြေးမြင်မိတယ်။ အို . . . မတွေးနဲ့။ မမြင်နဲ့ အင်အားဖျော့တော့စွာ ငြင်းဆန်နေမိပေမယ့် မျက်စိထဲမှာတော့ ချွဲသံတွေ တဂူးဂူးနဲ့ အသက်ကို ခက်ခဲခဲရှူနေရပုံ။ တစ်ချက်တစ်ချက် မျက်လုံးတွေအပေါ်ကို လန်တက်သွားပုံ၊အပေါ်နှုတ်ခမ်း လန်လန်သွားပုံ။ အင်း နောက်ဆုံးမေးတစ်ချက်ထိုးပြီး ဇက်လည်ကာ ငြိမ်သက်သွားပုံတွေကို မျက်လုံးထဲက တွန်းထုတ်ဖယ်ရှားပစ်လို့မရအောင်ကို ဖြစ်နေတာပဲ။

ကျွန်မ အသက်ရှူသံဟာ ချွဲသံတွေနဲ့ ရောထွေးဆူညံလို့နေတယ်။ ချွဲစုပ်စက်ကြီးက စက်သံတွေဟာလဲ စက်ရုံထဲရောက်နေသလိုပဲနော်။ အောက်ဆီဂျင် ပိုက်သွင်းလျက် ချွဲတွေလည်း စုတ်ထုတ်လျက်ကကိုပဲ အသက်ရှူရတာ မွန်းကျပ်မြဲဖြစ်နေတယ်။ အားမရဘူး။

ပြီးရင် ကျွန်မ မျက်လုံးတွေ အပေါ်ကို လန်သွားတော့မှာလား။ အပေါ်နှုတ်ခမ်းတွေရော လန်လန်တက်သွားတော့မှာလား။ မျက်နှာကရော ခြေလက်တွေရော ဟိုကောင်မလေးလို ပြာနှမ်းသွားကြရတော့မှာလား။ အဲဒါတွေအားလုံး ဖြစ်သွားကြပြီးရင်ကော နှာခေါင်းပိုက်တွေ ဆေးသွင်းပိုက်တွေကို ဟိုဆရာမက လာဖြုတ်ပစ်တော့မှာလား။

နောက်တော့ ခန်းဆီးအဖြူတွေ ကျွန်မခုတင်ကို ကာတော့မှာလား။

ကျွန်မ ကိုယ်ခန္ဓာကိုရော အဝတ်ဖြူကြီးဖုံးအုပ် အို . . . ကျွန်မ သေရတော့မှာလားရှင်။ သေတယ်ဆိုတာ ပြစ်မှုတစ်ခုလား။ ကျွန်မ မသိတော့ဘူး။ ပြစ်မှုဆိုရင်လဲ အဲဒီအပြစ်ရဲ့ ပိုင်ရှင်တရားခံရှိမှာပဲပေါ့။ အဲ့ဒီ

http://www.cherrythitsar.org



တရားခံဟာ ဘယ်သူလဲ။ ဘယ်သူ့ကြောင့်လဲ။ ကျွန်မ မသေခင် ဖြေပေးမယ့်သူ မရှိဘူးလားရှင်။

မိန်းမ မာနကို မချဘဲ(လွဲမှားတဲ့ မာနလို့ဆိုဆို) ယောကျ်ားနဲ့ ဖက်ပြိုင် အနိုင်ယူချင်တဲ့ ကျွန်မရဲ့ မိုက်ရှူးရဲမှု အပြစ်လား။

အချစ်ကြီးလို့ အမျက်ကြီးပြီး ကလဲ့စားချေချင်တဲ့ ကျွန်မအပြစ်လား။ တစ်လင်တစ်မယားစနစ်ကို သွေဖည်ဖောက်ပြားတဲ့ သစ္စာမဲ့သူမောင့်ရဲ့ (ကျွန်မဒီနာမည်ကို လုံးဝမခေါ်ချင်ပါဘူး) အပြစ်ပဲလား။ ဒါမှမဟုတ် ငွေမျက်နှာတစ်ခုတည်း ကြည့်ပြီး အပြောကောင်းလှတဲ့ တစ်ဘို့တည်းသမား၊ ဘယ်သူသေသေ မာနေတဲ့ ငတေလက်သည် (သန္ဓေဖျက်ပေးသူ) တွေကိုပဲ အပြစ်တင်ရမလား။

ကျွန်မလို ကျွန်မတွေ အများကြီးထဲမှာ ကျွန်မလိုပဲ ပြဿနာတွေ ဖြေရှင်းနေကြပြီး ရည်ရွယ်ချက်အောင်မြင်သွားကြပါရက်နဲ့ ကျွန်မကိုမှ ရွေးပြီးတော့ နစ်နာဆုံးရှုံးစေတဲ့ ကံကြမ္မာ ဇာတ်ဆရာရဲ့ အပြစ်လား။

သူများအိမ်ထောင် အသိုက်အမြုံပြိုကွဲအောင် မိမိအလိုဆန္ဒသာ ရှေ့တန်းတင်ပြီး လူမှုရေး ကျင့်ဝတ်ဖောက်ဖျက်တတ်တဲ့ မိန်းမကိုပဲ လက်ညှိုးထိုးကာ တရားခံအဖြစ် သတ်မှတ်ရမလား။ ဖြေကြပါ။ မြန်မြန် ဖြေကြပါဦးရှင်။ ကျွန်မမှာ အချိန်သိပ်မရတော့လို့ပါ။

ဒါ ဘယ်သူအပြစ်လဲ။

အပြစ်ရှိသူကို တရားဝင်လူသိရှင်ကြား ကြေညာပေးပါလားရှင်။ တကယ် အပြစ်ရှိသူဟာ ကျွန်မဆိုကြရင်လဲ လူတကာ လက်ညှိုးထိုးပြီးကဲ့ရဲ့ ပြစ်တင်ရှုတ်ချတာကို ကျွန်မဘဝရဲ့ နောက်ဆုံး အချိန်လေးမှာ ရဲရဲကြီး ရင်စည်းခံပါ့မယ်။

ဖြေသာဖြေကြပါရှင်။

ဒါဟာ ဘယ်သူ့အပြစ်ပါလို့ ပြတ်ပြတ်သားသား သိသွားရရင် ကျွန်မသေရတာ ဖြောင့်မှာပါ။ နောင် အရှုံးကြီးရှုံးမယ့် အဖြစ်ကလဲ မိန်း

**၃၂ ❑ မဦး**

ကလေးတွေ ရှောင်ရှားနိုင်ဖို့ ဒီအပြစ်ရဲ့ ပိုင်ရှင်အစစ် တရားခံအစစ်ကို တစ်ဆိတ်ကလေး ကျေးဇူးပြုပြီး ဖြေ . . .ဖြေပေးကြပါ။

ဘယ်သူလဲ ဘယ်သူလဲ ရှင်။

**ရွှေသမင် မဂ္ဂဇင်း၊ စက်တင်ဘာ၊ ၁၉၉၂**

# ပန်းခရမ်းရောင်မျဉ်းနှစ်ကြောင်း၏နိယာမ



http://www.cherrythitsar.org

# ပန်းခရမ်းရောင်မျဉ်းနှစ်ကြောင်း၏နိယာမ

'ဖြစ်ချင်တာ မဖြစ်ရင်၊ ဖြစ်ချင်တာ ဖြစ်လိုက်စမ်းကွာ' ဆိုတဲ့ ကောလိပ်ဂျင် နေဝင်း ပြောခဲ့တဲ့စကားကိုပဲ တစ်လမ်းလုံး ရွတ်လာခဲ့မိတယ်။

ဟုတ်တယ်လေ။ ဘာဖြစ်မလဲ။ ဖြစ်လိုက်။ မိခိုင်တို့ပြေးတွေ့ ပစ်လိုက်မယ်။ လောကခံအထုအထောင်းဆိုတာကြီးကို 'ထုစမ်း၊ ထောင်းစမ်း' ဆိုပြီး စိမ်ခေါ်ပစ်လိုက်မယ်။ ဒင်းကပဲ ထုထောင်းနိုင်မလား။ မိခိုင်ကပဲ ဒေါင်ကျကျ ပြားကျကျ ကြံ့ကြံ့ခံနိုင်မလား။ ကြည့်ကြသေးတာပေါ့။ ဖြစ်မှဖြစ်ရလေ ရိုင်းချက်တော်။ မိခိုင်တို့ကတော့ ကိုယ်ကောင်းရင် ခေါင်းမရှော့ဘူး ဒါပဲ။

*

တစ်ခုလပ်ချင်း တစ်ခုလပ်ချင်း ယူကြတယ်။ အဲဒါ ဘာဆန်းသလဲ။ သူကလည်း သားသမီးတွေ အိမ်ထောင်ကျလို့ လက်လွတ်ကုန်ပြီ။ မိခိုင်ကလည်း အရင်အိမ်ထောင်နဲ့ ကလေးမွေးခဲ့ပေမယ့် အဖတ်မတင်

http://www.cherrythitsar.org



လို့ 'လူလွတ်' လေ။ အဲဒီအထဲမှာ ပြောစရာဆိုလို့ အသက်ကွာဟမှုပဲရှိတယ်။ သူ့သမီးအငယ်ဆုံးနဲ့ မိခိုင်က မတိမ်းမယိမ်းဆိုတော့ တတ်နိုင်ဘူးလေ။ ဖူးစာပါလာမှပဲဟာ။

မိခိုင်တို့ ယူတုန်းကဆို ဘေးက ဝိုင်းပြောလိုက်ကြတာမှ ပွက်ပွက်ကို ညံရော။ မိခိုင်ကိုလည်း 'ကိုယ့်အရွယ်နဲ့များ ယူစရာရှားလို့ အဖေအရွယ်ကြီးယူရသလား။ ငွေမက်လို့ယူတယ်ဆိုလည်းထားတော့၊ လက်လုပ်လက်စားချင်းအတူတူ ရှာစားရမှာများ၊ ဘာအားကိုးလောက်လို့လဲ' ပေါ့လေ။ ပြောကြတာပေါ့။

မိခိုင်ကို ပိုးနေတဲ့ မုဆိုးဖိုလေးဆို (သူက မိခိုင်ထက် ငါးနှစ်ပဲကြီးတာလေ) 'ရက်စက်လိုက်တာ ခိုင်ရယ်' ဆိုပြီး လာဆွေးပြနေသေးတယ်။ ဒါပေမယ့် သူက မိခိုင်တစ်ယောက်တည်း မကပါဘူး။ နှစ်ယောက်သုံးယောက်လောက်ကို လျှောက်ချိန်နေတဲ့ကိစ္စ။ မသိတာကျလို့။

မထိတထိ ရိတိတိ လုပ်နေတဲ့ လူပျိုကောင်လေးတွေကိုတော့ ထည့်စဉ်းစားနေလို့ မဖြစ်ဘူးလေ။ သူတို့က တစ်ခုလပ်ဆိုပြီး တန်ဖိုးထားကြတာမှ မဟုတ်တာ။ ပျော်စေ ပျက်စေ ပါးစပ်အရသာခံပြီး သက်သက်မဲ့ 'အိပ်မက်' လာပေးနေကြတာ။ လက်တွေ့ မပါတဲ့ သဘောတရားတွေလို့ပဲ ဟိုဆရာတစ်ယောက် ပြောသလို ပြောပစ်လိုက်ချင်တာ။ ဟင်း . . . ။

ဒီကြားထဲ မယားကြီး ငုတ်တုတ်ရှိလျက်နဲ့ ဇာတ်လမ်းရှုပ်ချင်တဲ့ ဒုသနသော တွေက တစ်မျိုး။ ဒါမျိုးကတော့ မိခိုင်တို့က လျှာပေါ်မြက်ပေါက်သွားပါစေ။

ဒီတော့ ကိုယ့်ကို တည်တည်ကြည်ကြည် အလေးအနက် ကမ်းလှမ်းလာတဲ့ သူကိုပဲ (အသက်ကြီးတာကြီးကို ဘေးချိတ်) မိခိုင် ခေါင်းညိတ်ခဲ့တာပါ။ သူ့ကိုဆိုလည်း ရင်းနှီးတဲ့ သူငယ်ချင်း မိတ်ဆွေ ပြောမနာဆိုမနာ တွေက ပယ်ပယ်နယ်နယ် ဝေဖန်ကြတာ ရစရာကို မရှိဘူး။ 'အသက်ကြီးမှ ကလေးထိန်းချင်လို့လား' တဲ့။ (ကလေးဆိုတာ မွေးလာမယ့် ကလေးကို ပြောတာမဟုတ်ဘူး။ သူနဲ့က အသက်သိပ်ကွာနေတဲ့

http://www.cherrythitsar.org



မိခိုင်ကို ရည်ညွှန်းတာလေ) 'နွားအိုမြက်နုကြိုက်' ဆိုတာလည်း ပါရဲ့။ 'ကြိုးကလေးနဲ့ ခိုင်ခိုင်ချည်ထားနိုင်မှ တော်ကာကျမယ်နော်' ဆိုတာကပါ သေး။ လူစင်စစ်ကနေ တိရစာန်တွေပဲ ဖြစ်ရဦးမယ်၊ ပြောပုံကိုက ။ သူက စိတ်မဆိုးတဲ့အပြင် "ဟဲ ဟဲ မင်းတို့ ဘာပြောနေနေ၊ စိတ်ထဲမှာ ငါ့ကို အားကျနေတာပါကွာ' ဆိုပြီး သဘောကျနေတော့တာပဲ။

ဒီလိုနဲ့ နေလာခဲ့ကြတာ ငါးနှစ်ပါတော်။ ဒီအတောအတွင်း လူ တွေရဲ့ ပါးစပ်တွေကတော့ ဘယ်ပိတ်နေပါ့မလဲ၊ ကိုယ့်ထမင်း ကိုယ်စား ပြီး 'စကားတင်း' လေးပြောရမှ ဘဝင်ကျသူတွေကလည်း ရှိနေတော့။ မိခိုင်ကပဲ ဖောက်ပြန်ချင်သယောင် ထိုးစစ်ဆင်လာကြပြန်ရော။ ဘာတဲ့ "ခြံခုန်ချင်တဲ့မျက်လုံး" ဆိုလား။ သူတို့ပြောချင်တာပြော မိခိုင်က ကိုယ့်လင် သား အပေါ် သစ္စာရှိရှိပေါင်းသင်းမယ့်စိတ်တစ်ခုထဲရှိတယ်။ ဒါကို သူသိ ပြီး မိခိုင်ကိုလည်း ယုံကြည်စိတ်ချရင် ပြီးတာပဲဆိုပြီး စိတ်အေးလက်အေး နေခဲ့တာ၊ ဟော . . . နောက်တော့သူက ပြဿနာ စပါလေရော။

မိခိုင်ကလေးမယူတာ မသင်္ကာစရာ ဆိုပဲ။ ကြည့်ပါဦး။ ကြား စကားတွေရဲ့ အတွန်း၊ အတို့၊ အထောင်၊ အပို့တွေကို နားယောင်လာပြီး ရှုံးရှုံးရှားရှား လုပ်လာတာလေ၊ ဒီကတော့ အသက်ကြီးကာမှ ငြိမ်းငြိမ်း မနေဘဲ 'မယားစာ' ရှာနေတဲ့သူကို 'သားစာ' အတွက် အပင်ပန်းမခံစေချင် လို့ သူပူဆာတာကို တင်းခံခဲ့တာ။ လက်စသတ်တော့ သူတို့ထောက်ပြစရာ အကွက် ဖြစ်နေပါပေါ့လား။

အမယ်လေးတော် ဖောက်ပြန်ချင်မှတော့ သူ့လိုခေါင်းဖြူစွယ် ကျိုးကြီးကို ယူမလား။ မိခိုင်သိက္ခာကို အစော်ကားခံရတော့ ကြက်ခေါင်း ဆိတ်မခံ ပြန်ပြောမိရော။ ဒါနဲ့ပဲ တကျက်ကျက် ဖြစ်လာကြရော။ သူက လည်း အပြစ်ရှာကာမှ မိခိုင် အပြင်ထွက်ထွက်ပြန်ပြီ။ ညမိုးချုပ်ချုပ်ပြန်ပြီ။ ဖြစ်လာရော။ ယောကျ်ားလေးမိတ်ဆွေတွေနဲ့ စကားရပ်ပြောမိတဲ့အခါများ တွေ့သွားလို့ကတော့ ကြောင်အိမ်ထဲက ပန်းကန်တွေ ဖန်ခွက်တွေ ကွဲပြီလို့ သာ မှတ်လိုက်တော့။ မိခိုင်ကလည်း ကိုယ်က ရိုးရိုးသားသားနေတာ ဘာ

http://www.cherrythitsar.org



အပြစ်မှ မရှိဘူးဆိုပြီး တစ်ပြားမှ မလျှော့ဘူးလေ။ လမ်းထဲက ယောက်ျား တွေ ဈေးထဲကလူတွေ လှည့်ပတ်ပေးစားလိုက်တာ လူကုန်သလောက်ပဲ။ အဝတ်အစား အသစ်ဝတ်မိတဲ့နေ့များဆို လူကို တရားခံကြည့်သလို ကြည့်တဲ့ မျက်လုံးတွေကို မခံချင်ဆုံးပဲ။ မိခိုင် ဈေးထိုင် ရောင်းနေတုန်းများ အနားမှာ သူရောက်လာချိန်ဆို 'ယောကျာ်း ဈေးဝယ်မလာပါစေနဲ့' ဆုတောင်းရမတတ်။ ကဲ . . . ဒီလောက်တောင် ရှိလှတာ။ ကျွေးနိုင်လို့ လိုချင်တဲ့ကလေး၊ ယူဟာ ရှိဟာ မွေးစမ်းဟာ ဆိုပြီး ဆေးတွေ အကုန် ရပ်ပစ်လိုက်တယ်။ ဒါပေမယ့် ဆေးအရှိန်တွေပဲ ရှိနေသေးလို့လား သူကပဲ အသက်အရမ်းကြီးနေလို့လား မသိပါဘူး၊ တော်တော်နဲ့ ထူးခြားမလာဘူး၊ ဒီတော့ သူ့ထိုးစစ်ဒဏ်ကိုလည်း နှစ်ဒုဝ ခံရပြန်ရော။ သူ့အပြောက တော့သူ့ဖက်က အကုန်ပြည့်စုံတယ် စစ်ဆေး ပြီးပြီဆိုပဲ။ မိခိုင်ကသာ ဆေးတွေကိုဆက် သုံးပြီး သူ့ကိုကန့်လန့်တိုက်နေတယ် စွပ်စွဲတာ။ 'မိန်း မယုတ်' ဆိုတာပါသေးတယ်။ မခံချင်လိုက်တာလေ။ ဒါနဲ့ ဆရာဝန်ဆီ ပြေး အကူအညီ တောင်းရပြန်ရော။

အမယ် . . . ဆရာဝန်ဆေးကပဲ စွမ်းလို့လား။ အချိန်ကျလို့လား တော့ မသိဘူး။ သူ့ကို သတင်းထူး ကြေညာဖို့ ဖြစ်လာပါလေရော။ သူတ ရရပြောလွန်းတဲ့ ကိစ္စ။ သူနဲ့ မိခိုင်ကြားက ပဋိပက္ခ ကို ဖြေရှင်းပေးမယ့် ကိစ္စမို့ ရင်တွေတောင်ခုန်လို့။ မိခိုင်ရဲ့ တဆတ်ဆတ်တုန်နေတဲ့ လက်ထဲမှာ ကိုင်ထားတဲ့ ဆီးစစ်ကတ်ပြား ရှည်မျောမျောလေးပေါ်မှာ 'ပန်းခရမ်းရောင် မျဉ်းနှစ်ကြောင်း' ကထင်းနေတာပဲလေ။

*

'သွားစမ်းပါ ငါ့ဗိုက်မှ မဟုတ်တာ'

မျက်နှာကို ဖြတ်ရိုက်ပစ်တာ ခံလိုက်ရသလိုပဲ။ ကြားလိုက်ရတဲ့ စကားက မယုံနိုင်စရာ။ ကြမ်းပြင်ပေါ်ကို ဝဲခနဲ လွင့်ကျသွားတဲ့ ကတ်ပြား

http://www.cherrythitsar.org



ရှည်ရှည်လေးကို တစ်လှည့် သူ့မျက်နှာကို တစ်လှည့် တအံ့တသြကြည့်နေမိတယ်။ ဟော့တော် သူ့မျက်လုံးတွေက မီးဝင်းဝင်းတောက်လို့ပါလား။ မိခိုင် မျှော်လင့်ထားတာတွေနဲ့ တခြားစီမှ တခြားစီ။

အံ့အားသင့်လွန်းလို့ ပါးစပ်ထဲ အာစေးထည့်ထားသလို ကြောင်ငေးနေလိုက်တာ။ ခြေသံပြင်းပြင်း နင်းထွက်သွားတဲ့ သူ့ကျောပြင်ကြီးကို ကြည့်ပြီး အရုပ်ကြိုးပြတ် ဖြစ်သွားတော့တာပဲ။

ဖြစ်မှဖြစ်ရလေ။ ဒါ မိခိုင်ရတဲ့ ဆုလား။ ဘယ်မှာလဲ မိခိုင်ရဲ့ သစ္စာတရား။ ဘယ်မှာလဲ မိခိုင်ရဲ့ ကိုယ်ကျင့်သိက္ခာ။ အားလုံး ရေထဲပစ်ချခံလိုက်ရပြီ။

အို . . . ဒီမျက်ရည်တွေက ဘာဖြစ်လို့ ထွက်လာရတာလဲ။ ပြန်ဝင်စမ်း၊ ပြန်ဝင်ကြစမ်း။ ကိုယ်မှ မမှားဘဲ။

ဘာငိုစရာလိုလို့လဲ။

အံကို တင်းတင်းကြိတ်ထားလိုက်မိတယ်။ ခေါင်းကို မော့ပြီး ထွက်ပြူစမျက်ရည်တွေကို ပြန်သွင်းပစ်လိုက်တယ်။ အရှုံ့တိုက်ချင်တဲ့စိတ်က မိခိုင်တစ်ကိုယ်လုံး မီးဟုန်းဟုန်း ထလို့ပေါ့။

ဒီလိုနဲ့ ကွာရှင်းစာချုပ်မှာ ခပ်တင်းတင်း လက်မှတ်ထိုး။ သူပေးတဲ့ လျှော်ကြေးကို 'ဖျတ်' ဆို ဆွဲယူပြီး အိမ်ပေါ်က ဆင်းလာတာ။

မိခိုင်တဲ့ မှတ်ထား။

မိုက်ကို အကြောင်းပြပြီး ခြေသလုံးဖက် တောင်းပန်လိမ့်မယ် မထင်နဲ့။

*

'ယူတုန်းကလဲ ညည်းပဲ တားမရ ဆီးမနိုင်။ ခု ကွဲလာတော့လဲ ဖွတ်လျှော လိပ်လျှော လွယ်လိုက်တာ မိခိုင်ရယ်၊ ကိုယ်က မိန်းကလေး အေ့ . . . ပြီးတော့ မိုက်ကလည်း ပါလာသေး။ တော်ရုံတန်ရုံ သည်းခံသင့်တာလည်း သည်းခံမှပေါ့အေ'

http://www.cherrythitsar.org



ထင်တဲ့အတိုင်းပါပဲ။ အိမ်ပေါ်တက်မလို့ ဖိနပ်ချွတ်မှာ ရှိသေးတယ်။အစ်မက ဆီးဆူပါလေရော။ ဒါနဲ့ နဂိုကတည်းက လှုပ်ပါများလို့ နဲ့ချင်နေတဲ့ သစ်ငုတ်လို ကတုန်းကတိုက် စကားတွေကို နားယောင်ရာက ဒီဗိုက်ပြဿနာကျမှ အပြီးကွဲလာခဲ့ကြောင်း အစ်မကို ဇာတ်စုံခင်းရတော့တာပေါ့။ အကြောင်းစုံသိတော့ အစ်မက ရင်ဘတ်စည်တီး 'နာလိုက်တာ အေ' တဲ့။ ပြီးတော့ အကြာကြီး ငိုင်သွားတယ်။ မုဆိုးမ ကလေးသုံးယောက် အစ်မခမျာ ရတ်တရက်တော့ အကြံအိုက်သွားပုံပဲ။ ပြီးမှ တိုးတိုးလေးကပ်မေးတယ်။

မိခိုင် မဲ့ပြုံးပြုံးပြီး ခေါင်းကို ခါယမ်းပစ်လိုက်တယ်။

'ဘယ်ဟုတ်မလဲ အစ်မရဲ့ မွေးမှာ'

'ဟင် . . .မွေးမှာ'

'ဟုတ်တယ်၊ မွေးဖြစ်အောင်ကို မွေးဦးမှာ မွေးပြီးမှ သူ့ဆီသွားပို့မယ်။ ဒါမှ မိခိုင်သိက္ခာကို ပြန်ဆယ်နိုင်မှာပေါ့။ အဲဒီကျမှ သူမှားမှန်းနောင်တရမှာ'

အစ်မတော့ မိခိုင်ကို နားမလည်သလို ကြည့်ပြီး စိတ်ပျက်လက်ပျက် ညည်းညူနေတော့တာပဲ။

'အင်း . . . ညည်းဟာက တလွဲသတ္တိပဲအေ့'

*

မိခိုင်က ကိုယ့်ရည်ရွယ်ချက်နဲ့ကိုယ် ဈေးရောင်းမပျက်ခဲ့ဘူး။ လူတွေရဲ့အကြည့်တွေကိုလည်း ဂရုမစိုက်ဘူး။ အကြောင်းသိတဲ့ လူတွေက 'အဘိုးကြီးစိတ်ပြန်လည်လာမှာပါ' လို့ အားပေးကြသားပါပဲ။ မိခိုင်ရဲ့ ကိုယ်ဝန်ဆောင် အင်္ကျီအောက်က ဗိုက်စူပုံ့ပုံ့လေးကိုလည်း ကြည့်ကြည့်သွားကြတယ်လေ။ သူတို့က ဘယ်လိုမြင်မယ် မသိပေမယ့် မိခိုင်ကတော့ ဒီလိုပုံစံမျိုးနဲ့ ကိုယ့်ရပ်ကွက်ဈေးထဲမှာ ပြန်လာရောင်းရဲတယ်ဆိုကတည်းက မိခိုင်

http://www.cherrythitsar.org



မှန်တယ်ဆိုတာကို သက်သေပြတာပဲလို့ ခံယူထားတယ်။ မဟုတ်ဘူးလား။ ဒါဖောက်ပြန်တဲ့ မိန်းမတွေ မလုပ်နိုင်တဲ့၊ မလုပ်ရဲတဲ့ ကိစ္စလေ။

ရပ်ကွက်ဈေးဆိုတော့ လူသတင်း လူချင်းဆောင် နားစွင့်စရာ မလိုဘဲနဲ့ကို သတင်းတွေက ပျံ့နှံ့နေတာ။ ဒီတော့ အားလုံးက ထင်မထားတဲ့ထူးထူးခြားခြား သတင်းဟာလည်း မိခိုင်နားထဲကို 'ဒိုင်း' ကနဲ ရောက်လာတော့တာပေါ့။

'သူ နောက်မိန်းမယူသွားပြီ' တဲ့။

မိခိုင်ရင်ထဲ နည်းနည်းတော့ ထိတာပေါ့။ မခံချင်သလိုလည်း ဖြစ်မိတာပေါ့လေ။ ကြည့်ပါဦး လောကကြီးက ပြောင်းပြန်။

နောက်ရောက်လာတဲ့သတင်းက ပိုတောင်သင်းသေး။

အဲဒီ မိန်းမကလည်း အခု ကိုယ်ဝန်နဲ့တဲ့။ ဟင် မြန်လှချည်လား။ ဒါဆို နဂိုထဲက ရှုပ်နေတဲ့ ဇာတ်လမ်းလား။ ဒါကြောင့် မိခိုင်ကို ပြဿနာရှာလွှတ်လိုက်တာလား။ ဒါမဟုတ် လာလာပြောနေတဲ့ ကောလာဟာလတွေအတိုင်း အဘိုးကြီး လူပါးပုလင်းထိတာလား မသိ။ ထားပါတော့လေ။ သူ့စေတနာ သူ့အကျိုးပေးပဲ။

အရေးကြီးတာက မိခိုင်မွေးမယ့် ကလေး။ သူရဲ့သွေးဟာ သူနဲ့တူဖို့ပဲ ဒါ အဓိက။

ဒီလိုနဲ့ ကာလတစ်ခုကို ဖြတ်သန်းအပြီးမှာ မိခိုင်မျှော်လင့်တဲ့ အချိန်ကို ရောက်ခဲ့ပြီ။ တူလေးတွေ တူမလေးတွေကလည်း မွေးလာမယ့် ကလေးကို စိတ်ဝင်စားနေကြတယ်လေ။

ဘာရုပ်ကလေး ထွက်လာမလဲပေါ့။ အစ်မကတော့ ဆေးရုံမှာ လိုက်စောင့်ပေးရင်းနဲ့ . . .

'ယောကျ်ားကြီး ငုတ်တုတ်ရှိပါလျက်နဲ့ တစ်ဘီးထဲ လှိမ့်ရတာ ရာဇဝင်ရိုင်းလှတယ်'

ဆိုပြီး မိခိုင်ကို အပြစ်တင် မဆုံးဘူး။ အမှန်ကတော့ ကရုဏာဒေါသောပါ။

http://www.cherrythitsar.org



မိခိုင်လည်း ဒီအချိန်မှာ ဘာပဲပြောပြော ဝမ်းနည်းအားငယ်မိတာ ပေါ့။ သူများတွေ ဆေးရုံလာတက်တော့ ဖေးမကြင်နာမယ့် ယောကျ်ား လက်ကို ဆွဲခိုအားပြုရင်း မှီနွဲ့အားကိုးတဲ့ မြင်ကွင်းကို ကြည့်ပြီး ငေးတွေ နေမိသေးတယ်။ ဒါပေမယ့် ချက်ချင်း စိတ်ကိုပြောင်း၊ ဗိုက်နာတာကို အံကြိတ်တင်းခံ၊ ဝမ်းနည်းစိတ်ကို ဒေါသနဲ့ ခွန်အားအဖြစ် ပုံဖော်လို့ လော ကခံကို တည့်တည့် ရင်ဆိုင်ပစ်လိုက်တယ်။ မွေးပြီးပြီးချင်း ကလေး မျက်နှာကို အငမ်းမရကြည့်ချင်နေတဲ့ မိခိုင်ကို သားဖွားဆရာမလေးက ဘယ်လိုသဘောပေါက်သွားမယ် မသိရပေမယ့် ကလေးကို ကြည့်ရှုကြည့် ပြီး ကျေကျေနပ်နပ် မဲ့ပြုံးပြုံးလိုက်တာကိုတော့ နည်းနည်း အံ့သြသွား ထင်ပါရဲ့။

ဆေးရုံမှာ ဆရာမတွေ ဘာပြောပြော၊ မိခိုင်ကလေးကို နို့မတိုက် ဘူး။ နို့တင်းလာရင် ညှစ်ပစ်လိုက်တယ်။ နို့တိုက်ရင် သံယောဇဉ်တွယ်မှာ စိုးလို့။ နို့ဘူးပဲ တိုက်တာလေ။

သူ့အဖေဆီ ရောက်ရင်လည်း နို့ဘူးပဲစို့ရမယ့်ဟာ။

အဖေတူမှ အဖေတူသား။ အထူးသဖြင့် မျက်လုံးအိမ်ကျယ်ပုံ။ မျက်ခုံးစိုက်ပုံ။ နှာတံပေါ်ပုံ၊ နှုတ်ခမ်းတွဲပုံတွေက အခုကတည်းက တူနေ တာလေ။ ဟင်း . . .ဟင်း ဒင်းဘာငြင်းနိုင်မှာလဲ။ ပြင်မရတဲ့ နောင်တ တွေနဲ့ပူလောင်ဦးမှာ မြင်ယောင်သေးတယ်။

ညနေပိုင်း ဆေးရုံကဆင်းတော့ အစ်မကမေးတယ်။

'နင် ကလေးကို ပေးပစ်မယ်ဆိုတာ တကယ်လား'

မိခိုင်မှာ စဉ်းစားနေစရာ မလိုလို့ ချက်ချင်းပြောလိုက်တယ်။

'အို . . .ပေးမှာ ပေးမှာ။ ရော့ . . . အခုလောက်ဆို သူပြန် ရောက်လောက်ပြီ။ သွားပေးတော့'

မိခိုင်လက်ထဲက ကလေးကို အစ်မလည်း ယူချီရော ကလေးက ပြဲခနဲ အော်ငိုပါတော့တယ်။ ငိုတာမှ ထွန့်ထွန့်လူးပဲ တကတည်းသိနေတာ ကျနေတာပဲ။

http://www.cherrythitsar.org



'အစ်မကလည်း ကလေးအမေ မဖြစ်ဘူးတဲ့အတိုင်းပဲ။ လန့်နိုး သွားပြီ။ ဖြည်းဖြည်းပွေ့ချီမှပေါ့'

ဒါနဲ့ မိခိုင်ပဲ ပြန်ချီ။ နို့ဘူးတိုက်ပြီး ငြိမ်အောင် ချော့ရပြန်ရော။ အမယ် မိခိုင်ချီတော့ အငိုတိတ်သွားရောတော့။ ဇာကေန္တကလေးက 'အမေ လက်'ကိုများ ကျက်မိနေပြီလား။

သူအိပ်ပျော်သွားမှ အစ်မက အသာကလေးချီပြီး ခေါ်သွား တော့ မိခိုင်ရင်ထဲမှာ 'ဟာ' နေသလိုပဲ။

အို . . . ဗိုက်ဆာလို့ဖြစ်မှာပါ။ အစ်မပြင်ပေးထားတဲ့ ထမင်း လေး စားနေလိုက်တာ နှစ်ဇွန်းတောင် မဝင်သေးဘူး ကလေးငိုသံ တဝါး ဝါးနဲ့ အစ်မပြန်ရောက်လာပြန်ရော။

'အရမ်းငိုတာပဲ မရဘူး။ နင်ပြန်ချီပြီး နို့ဘူးတိုက်ပေးဦး'

စားလက်စ ပန်းကန်တွေ၊ ဇွန်းတွေ ပစ်ချပြီး ကလေးအိပ်အောင် ပြန်လုပ်ရပြန်ရော။ အစ်မကလေးတွေက အချိန်ပိုသွားတက်ကြလို့ အိမ်မှာ လူရှင်းနေတုန်း မိခိုင်တို့ ညီအစ်မနှစ်ယောက် ဒီကလေးတစ်ယောက်နဲ့ ချွေးတွေ ပြန်လို့။ ပြတင်းကနေ အပြင်ကို လှမ်းကြည့်လိုက်တော့ မှောင်စပျိုး နေပြီ။

'မနက်ဖြန် မနက်စောစောမှပဲ သွားပေးတော့ အစ်မရယ်။ ဟိုမှာ နေဝင်ရီတရောကြီး တော်ကြာ မကောင်းဆိုးဝါးတွေ ဘာတွေ ကလေးကို ကပ်မှဖြင့်'

အဓိပ္ပါယ်နဲ့ ကြည့်လိုက်တဲ့ အစ်မမျက်လုံးတွေကို မိခိုင်သိတာ ပေါ့။ မပူပါနဲ့ အစ်မရာ၊ မိခိုင်တကယ်ပေးပစ်မှာပါ။

'ဒါဖြင့် ပြီးရောအေ . . . ငါလမ်း ထိပ်မှာ ဖယောင်းတိုင်သွား ဝယ်လိုက်ဦးမယ်'

အစ်မထွက်သွားတော့ မိခိုင်က ကလေးလေးကို စိုက်ကြည့်ရင်း စဉ်းစားနေမိတယ်။ ဟိုလူကြီးတော့ မနက်ကျရင် ခေါင်းဆင်နင်းကိန်းကြုံ တော့မယ်။ ကလေးကလည်း သူနဲ့ ချွတ်စွပ်၊ တူမှတူ။ မိခိုင်နဲ့ကျတော့

http://www.cherrythitsar.org



အသားဖြူတာပဲ တူတယ်။ ပါးလေးတွေကတော့ မွေးကင်းစမို့ အိဖောင်း နုဖတ်နေတာပေါ့။ ပန်းရောင်ပြေးနေတဲ့ ပန်းပွင့်ပွင့်ဖတ်ကလေး ကျနေတာပဲ။

သားလေးကို ကြည့်နေရင်းက မိခိုင် ဘယ်လိုနမ်းချင်လာမှန်း မသိဘူး။ မတော် အစ်မပြန်လာလို့ တွေ့သွားရင် ခက်မယ်။

ဟာ ဘယ်သူမှ ရှိတာမှ မဟုတ်တာ။ ကိုယ့်သားကိုယ် နမ်းတာ ဘာဖြစ်လဲ။ နောက်နေ့ဆို ချီရနမ်းရတော့မှာ မဟုတ်ဘူး။ ကြည့်ပါဦး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေလိုက်တာ။ ချစ်စရာ တစ်တုံးတစ်ခဲကြီး။ အနီးကလေးနဲ့ ထုပ်ထားတာ တစ်တစ်ရစ်ရစ်ကလေးနဲ့ ပိုးတုံးလုံးလေး ကျ နေတာပဲ။

ကဲဟာ . . . ဖြစ်ချင်ရာဖြစ်။ မိခိုင် စိတ်မထိန်းနိုင်တော့ဘဲ သားလေးရဲ့ ပါးနုနုအိအိကလေးကို အားရပါးရ မွှေးပစ်လိုက်ပါတော့တယ်။ အို . . . ရင်ထဲကို အေးဆင်းသွားတာပဲ သားရယ်။ စမ်းရေစီးသလိုပဲဆိုတာ ဒါမျိုးထင်ပါရဲ့။

မိခိုင်ကြမ်းသွားလို့ ကလေးက တဝါးဝါးအော်ငိုလိုက်တာ မျက်နှာကလေး ရဲတက်လာပြီး ပါးကလေးတစ်ဖက်ကတော့ ပန်းသီးနီနီကလေးလို အနီစွေးဆုံးပေါ့။ ဒါနဲ့ အငိုတိတ်အောင် နို့ဘူးတိုက်မယ်ကြံတော့ အကပ်အသတ်ပဲ ကျန်တော့တယ်။ ခက်ပြီ။ ကလေးကငို အစ်မက လည်း ပြန်မလာသေး။ ဖယောင်းတိုင် ဝယ်ရာကနေ ကလေးတွေ ကျောင်းအလွှတ်များ သွားကြိုနေလား မသိ။

နောက်ဆုံးတော့ သားလေးငိုနေတာ မကြည့်ရက်တာနဲ့ မိခိုင် နို့ကိုပဲ တိုက်လိုက်တော့တယ်။ စိတ်ဆိုးပြေသွားတဲ့ သားလေးဟာ နို့စို့ရင်း မျက်တောင်ကလေး စင်းလို့ အိပ်ပျော်သွားတာလေးကို ကြည့်ရတာ တကယ့်ကို ချစ်မဝနိုင်အောင်ပါပဲ။

မနက်ကျရင် သူ့အဖေဆီသွားပို့တဲ့အခါ ငိုဦးမှာ။ ဟိုရောက်လို့ နို့ဘူးဖျော်တိုက်ရင် မိခိုင်ချီထားသလို ငြိမ်ပါ့မလား။ သူ့အဖေကရော

http://www.cherrythitsar.org



တယုတယ ပြုစုပါ့မလား။ အမယ်လေး သူ့မိန်းမလက်ထဲ ထိုးထည့်ခဲ့ရင်တော့ ကလေးကို တစ်နည်းနည်းနဲ့ ကိစ္စတုန်းအောင် လုပ်ပစ်လိုက်ရင် ဘယ်လိုလုပ်မလဲ။

ယိုင်နဲ့လာတဲ့ မိခိုင်ရဲ့အတွေးတွေကြောင့် ညဦးပိုင်း တူလေးတွေ တူမလေးတွေက

'အန်တီခိုင်ရယ်၊ ညီလေးက ချစ်စရာလေး။ ပေးမပစ်ပါနဲ့ သားတို့ ကူထိန်းပေးပါ့မယ်'

'အင်းလေ မောင်လေးအနှီးတွေ သမီးတို့လျှော်ပေးပါ့မယ် အန်တီခိုင်ရယ်'

လို့လာပြောနေတာကို ခါတိုင်းလို အော်မထုတ်မိဘဲ ဆိတ်ဆိတ်နေလိုက်မိတယ်။

ဒီလိုနဲ့ တစ်ညလုံး သားမျက်နှာကို တစိမ့်စိမ့်ကြည့်လိုက်၊ နာကျည်းစရာတွေကို တွေးလိုက်၊ သက်ပြင်းချလိုက်၊ အံကြိတ်လိုက်နဲ့ မိုးလင်းခါနီးမှ မှေးခနဲ တစ်ချက်ပျော်သွားမိတယ်။ ဖျတ်ဆိုလန့်အနိုးမှာ မိုးစင်စင်လင်းနေပါပြီကော။

ဘယ်လို လုပ်ရမလဲ။ တွေးရင်းနဲ့ မိခိုင် ရင်တွေတောင် ပူလာပြီ။ အရင်ကြုံးဝါးခဲ့တဲ့အတိုင်း ပြတ်ပြတ်သားသား စီစဉ်လိုက်ရမလား။ အရှုံးပေးအနစ်နာခံလိုက်ရမလား။ ခက်လိုက်တာ။ ဘာမှ ဝေခွဲမရနိုင်သေးခင်မှာပဲ အစ်မ အခန်းထဲကို ခပ်သွက်သွက် လှမ်းဝင်လာပါတယ်။

'မိခိုင် မိခိုင် အဘိုးကြီးရောက်နေတယ်တော့။ ကလေးက သူနဲ့တူတယ်ဆိုလို့ လာကြည့်တာတဲ့။ အတော်ပဲ ကလေးကို တစ်ခါတည်းပေးလိုက်ရအောင်'

'ဘာ . . . ဟင့်အင်း . . . ဟင့်အင်း . . . ဟင့်အင်း'

အစ်မ လှမ်းလာတဲ့ လက်ကို ပုတ်ထုတ်လိုက်ပြီး သားလေးကို မိခိုင်ရင်ခွင်ထဲမှာ တင်းကျပ်သည်ထက် တင်းကျပ်အောင် ဖက်ထားလိုက်မိတော့တယ်။

http://www.cherrythitsar.org



'ဘယ်မှာ သူနဲ့တူလို့လဲ။ သားက မိခိုင်နဲ့ တူတာ။ သူနဲ့ဘာမှ မဆိုင်ဘူး။ နောက်လဲ ဘယ်တော့မှ မလာနဲ့လို့ ပြောလိုက်စမ်းပါ အစ်မ ရာ။ မိခိုင်ကလေးကို မိခိုင်ပဲ မွေးမယ်'

အစ်မက မျက်လုံးပြူးပြီး အကြာကြီးစိုက်ကြည့်တယ်။ ပြီးတော့ မှ တဟားဟား အော်ရယ်တော့တာပဲ။

'ဟား . . . ဟား . . . ခွေးမ ကြီးကြီးကျယ်ကျယ်တွေပြောပြီး ခုမှ ဖြစ်နေလိုက်တာ ဒီမှာ ဘယ်သူမှ မလာဘူး။ ညည်းစိတ်ကို စမ်းတာ၊ ညကတည်းက ညည်းကို ချောင်းကြည့်လို့ ငါအကုန်သိပြီးပါပြီအေ'

ဒီတော့မှ မိခိုင် ရှက်ရှက်နဲ့ ရယ်မိရော။ ရယ်နေတုန်းမှာပဲ ဘယ်လိုက ဘယ်လို ကျလာမှန်းမသိတဲ့ မျက်ရည်တွေဟာ မိခိုင်ပါးပေါ် ကနေ သားလေးရဲ့ နူးညံ့အိထွေးတဲ့ ပါးကလေး ပေါ်ကို ကူးပြောင်းလိမ်း ကျံကုန် ပါလေရော။

'ကောင်မ သူတို့အိမ်ရှေ့က မြက်တောမှာ သွားပစ်ထားခဲ့ဆို'

'. . . . . . .'

'သူတို့ လက်ထဲမှာ သေ သေဆို'

'. . . . . . .'

'သူက ငြင်းရင် သက်ဆိုင်ရာက ရှင်းမယ်။ တရားစွဲမယ်ဆို'

အစ်မ တဆိုဆိုနဲ့ စကားနာထိုးသမျှ မိခိုင် မကြားတော့ပါဘူး။ သားလေးကို လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်းကြီး မွေးကြူနမ်းရှိုက် နေမိပါတော့တယ်။

**လုံမလေး၊ ဇန်နဝါရီ၊ ၂၀၀၁**

http://www.cherrythitsar.org

# ဘာလိုသေးလဲအမေရယ်



http://www.cherrythitsar.org

# ဘာလိုသေးလဲ အမေရယ်

'အောင်ကြီးပြန်လာပြီလား'

'ဟုတ်ကဲ့ အမေ'

တဲအတွင်းကို လှမ်းဝင်ခါစပဲ ရှိသေးတယ်။ အမေက လှမ်းအသံပြုတယ်။ ပြန်ဖြေရင်း လက်ထဲက ရေခဲထုပ်ပုံးကို အိမ်ထောင့်က ကွပ်ပျစ်လေးပေါ် သွားတင်လိုက်တယ်။ အလေးချိန်တော်တော်စီးသေးတဲ့ ရေခဲထုပ်ပုံးကြောင့် လက်ဖျံပေါ်မှာ လိုင်းအရစ်ကြီး အထင်းသားပေါ်နေတယ်။ အထဲမှာ ရေခဲထုပ်အတော်များများ ကျန်သေးတယ်။ ကျန်မှာပေါ့။ ဒီနေ့ခါတိုင်းလို စိမ်ပြေနပြေ မရောင်းနိုင်ခဲ့ဘူး။ သားစိတ်က အိမ်ကိုပဲ စိတ်စောပြီး ခါတိုင်းအချိန်ထက် စောစောပဲ ပြန်ခဲ့တာ။ အမေ့ကြောင့်ပေါ့။

'အောင်ကြီး သားလေး၊ ထမင်းမြန်မြန်စား။ ပြီးတာနဲ့ ကိုအေးအိမ်ကို ပြေးစမ်း၊ ကယ်ရီသွားပြောစမ်း။ ဆေးရုံကို လိုက်ပို့ပေးပါလို့'

'ဟုတ်ကဲ့ ဟုတ်ကဲ့ အမေ'

http://www.cherrythitsar.org



ပြောရင်း အမေ့ကို လှမ်းကြည့်လိုက်တော့ အတော်ပဲ ဝေဒနာခံစားနေရတာကို တွေ့ရတယ်။ တကျွတ်ကျွတ်စုပ်သပ်ရင်း အမေလဲ့နေတာကို မြင်တော့ သား ဘာလုပ်ရမှန်း မသိအောင် ထူပူသွားတယ်။ ဒုက္ခပဲ။ အမေသာ တစ်ခုခုများ ဖြစ်ရင်၊ အို မဖြစ်ပါစေနဲ့။

သတိပြန်ဝင်လာတာနဲ့ ထမင်းပန်းကန်တစ်ချပ်ဆွဲပြီး (စုစုပေါင်းမှ နှစ်ချပ်ထဲ ရှိတာပါ) ကမန်းကတန်း ထမင်းပုံ၊ ငါးပိရည်ကို စောင်းဆမ်းပြီး ခါးပန်းမှာ ထိုင်စားပစ်လိုက်တယ်။ လေးငါးလုတ်စားပြီးတာနဲ့ လက်ဆေးပြီး ကိုအေးအိမ်ကို ဆင်းပြေးလာခဲ့တယ်။

ဘုရားသိကြားမလို့ ကိုအေး ရှိပါစေဗျာ။

စိတ်ပူနေလို့လား မသိဘူး။ ကိုအေး အိမ်ကို ပြေးတာ နေးနေလိုက်တာ ပြေးရင်းဗိုက်ထဲက စူးခနဲ အောင့်လာတယ်။ ဒါပေမယ့် ရပ်နေလို့မဖြစ်ဘူး။ ကိုအေးတို့ တဲစုဝိုင်းကို ပြေးအဝင်မှာ တဲကို မှီထောင်ထားတဲ့ ကိုအေးရဲ့ ကယ်ရီဆွဲတဲ့ စက်ဘီးကို တွေ့လိုက်ရတော့မှ စိတ်အေးသွားတယ်။ ကိုအေးရဲ့ အသံဝါကြီးနဲ့ သီချင်းအော်ဆိုသံကိုလည်း အတိုင်းသားကြားလိုက်ရသေးတယ်။ တော်ပါသေးရဲ့။ တော်ပါသေးရဲ့။

'ကိုအေး ကိုအေး ဟိုလေ ကယ်ရီ။ ဆေးရုံကိုတဲ့ဗျ အမေက'

'ဟ အောင်ကြီး မင်းကွာ မောကြီးပန်းကြီးနဲ့ ဘယ်လိုဖြစ်လာတာလဲ'

'အမေ အမေရယ်။ ဗိုက်နာနေပြီ။ အဲဒါ ကိုအေးစက်ဘီးကို လာပြောတာ'

'ဩော် သဘောပေါက်ပြီ။ မင်းအမေ မီးပုံးပျံပေါက်တော့မယ်။ ဒီလိုလား'

'ဟာ ကိုအေးကလည်း လာပါ မြန်မြန်။ တော်ကြာ အမေဒုက္ခရောက်နေဦးမယ်'

'အေးပါဟ အောင်ကြီးရ၊ ငါအပေါ်အကျႌဝတ်ပါရစေဦး'

http://www.cherrythitsar.org



ကိုအေးက သူ့ကို ခြေကန်ပေးပြီး ဆွဲထူနေတဲ့ သားခေါင်းကို ဆွဲဖွပြီး အမြန်ထလိုက်လာတယ်။

စက်ဘီးနောက်ခုံမှာ ထိုင်လိုက်လာရ တာလည်း စိတ်ထဲမှာ အရမ်းနွေးနေတယ်။

'မြန်မြန်နင်းပါ။ ကိုအေးရ၊ အမေနောက်ကျနေဦးမယ်'

'ဟကောင်ရ ငါနင်းနေတာ စက်ဘီးဟ လေယာဉ်ပျံမဟုတ်ဘူး။ မင်းဘိုးအေ အမြန်နင်းလို့ အိမ်မရောက်ဘဲ ကန်ဇွန်းခင်းထဲ ရောက်သွားမှာပေါ့'

တဲရှေ့ကို ရောက်တာနဲ့ သားခုန်ချလိုက်တာ 'အား' ခြေမျက်စိက စူးခနဲ နာသွားတယ်။ ဒါပေမယ့် သား လမ်းသွားရင်းပဲ နာရတယ်။ တဲပေါ်ပြေးတက်ပြီး အမေ့ကို ဆွဲထူတယ်။ အမေ့ခမျာ ကောင်းကောင်း မထိုင်နိုင်ရှာဘူး။

'သား ဒီအထုပ်ကို ယူခဲ့။ အား ကျွတ်ကျွတ်နာလိုက်တာနော်'

အမေပေးတဲ့ ကျွတ်ကျွတ်အိတ်နဲ့ အထုပ်ထဲမှာ အဝတ်တွေပါတယ်။ သားချိုင်းထဲ လျှိုသွင်းပြီး အမေ့ကို ခြေကန်ပေးဆွဲရပြန်ပြီ။

'ဟာ မင်းဘယ်နိုင်မလဲ အောင်ကြီးရာ၊ ဖယ်ဖယ် ငါပွေ့ခဲ့မယ်။ အစ်မ ကျွန်တော်ချီမယ်နော်။ မြဲမြဲ ကိုင်ထား'

စက်ဘီးကို အမေက နောက်ခုံပေါ်က သားက ရှေ့ဘားတန်းက ထိုင်စီးရတာ သိပ်တော့ အဆင်မပြေဘူးပေါ့။ လမ်းကဆောင့်တော့ ပေါင်တွေဆိုတာ အောင့်ပြီး ကျိန်းနေတယ်။

တကယ်ဆို ကားနဲ့သွားရရင် ပို ကောင်းမှာပေါ့။ သားတို့နေတဲ့ ကွေ့မရွာမှာ ကားမပြောနဲ့ ဆိုက္ကားတောင် မရှိဘူး။ လမ်းကြမ်းလို့ ဘာမှ မလာဘူး။

အဲ . . . စက်ဘီးတွေပဲ အဓိကအား ထားနေရတာ။ ဈေးလည်း သက်သာတယ်လေ။ အခုတောင် တစ်ဆယ်လို့ ပြောတယ်။

## ၅၂ ❑ မဦး

'ချာတိတ် မင်းအစ်မတွေ အစ်ကိုတွေကို အကြောင်းကြားထား သေးလား'

'ဟင့်အင်း သားလည်း ရေခဲထုပ်ရောင်းပြီး အပြန်မှာ အမေ အရမ်း ဗိုက်နာနေမှ သိတာ။ မမကြီးတို့ ကိုကိုကြီးတို့ကို မပြောရသေးဘူး။ အချိန်မရလို့'

ပြောရင်း အမေ့ကိုလည်း လှည့်လှည့်ကြည့်ရသေးတယ်။ အမေ အနောက်မှာ ထိုင်ရတာ အဆင်ပြေရဲ့လား မသိဘူး။ မတော်ပြုတ်ကျမှဖြင့်

'ဟိတ်ကောင် ငြိမ်ငြိမ်ထိုင်စမ်းကွာ။ မင်း ဆံပင်ထောင်ထောင် တွေက ငါ့မျက်နှာကို ဘလွတ်နဲ့ တိုက်သလိုပဲ၊ ဟိုလှည့်ဒီလှည့်မလုပ်နဲ့ မင်းအမေ မကျဘူး။ စိတ်ချ။ မင်းလိုကောင်မျိုးနဲ့ ရတဲ့မိန်းမကတော့ ကံ ကောင်းဦးမယ် တကထဲ'

ဟုတ်လည်း ဟုတ်ပါတယ်လေ။ တကယ်တော့ကိုအေးတို့ရဲ့ ကယ်ရီစက်ဘီးဆိုတာ ပစ္စည်းအလေးအပင် အထုပ်အပိုးတွေနဲ့ ခရီးသည် တွေကို တင်ပြီး ကြိုပို့ပေးနိုင်အောင် အနောက်မှာ ကယ်ရီယာကို အကြီး ကြီးတပ်ထားတာ အမေပြုတ်မကျနိုင်လောက်ပါဘူး။ သားကသာ အမေ ဗိုက်နာနာနဲ့ လက်လွတ်ကျမှာ စိုးနေတာ။

'ဟေ့ကောင် အောင်ကြီး၊ မင်း ကျောင်းမနေတော့ဘူးလား'

'ဟင့်အင်း'

'ဘယ်နှစ်တန်းနဲ့ ထွက်လိုက်တာလဲကွ'

'လေးတန်းအောင်'

'ဟာကွာ နှမျောစရာကြီး မင်းအခု ၁၀ နှစ်နော်'

'အင်း ၁၀ နှစ်နဲ့ ၃ လ၊ မြန်မြန်နင်းပါ ကိုအေးရာ နှေးလိုက် တာ'

'အေးပါကွာ။ နင်းနေပါတယ်။ ရှေ့မှာပဲ ဆေးရုံမြင်နေရပြီဥစ္စာ။ မင်းကလဲ'

http://www.cherrythitsar.org



ဆေးရုံထဲကိုဝင်၊ မွေးလူနာဆောင်ထဲရောက်၊ အမေ့ကို ကုတင်ပေါ်တင်နေရာချပြီးတော့မှ ကိုအေး ပြန်သွားတယ်။ သားလည်း အမေ့ဘေးမှာ ထိုင်ပြီး စိုးရိမ်နေမိတယ်။ ဘုရား ဘုရား အမေဘာမှ မဖြစ်ပါစေနဲ့။ မွေးခန်းတံခါး ပွင့်လာတယ်။ အထဲက ထဘီတိုတို ဝတ်ထားတဲ့ သူနာပြုဆရာမက အမေ့ကို လှမ်းခေါ်တယ်။ ဗိုက်သိပ်နာနေတဲ့ အမေက ဒယိမ်းဒယိုင်နဲ့မို့ သား နိုင်သလောက် တွဲခေါ်ပေးရတယ်။

'အိမ်က လူတွေ မပါဘူးလား။ ခေါ်စရာရှားလို့ ဒီကလေးလေးပဲ ခေါ်လာရသလား'

'အိမ်မှာ သူပဲ ရှိလို့ပါ ဆရာမရယ်'

'ကလေး အဖေရော'

'အား ကျွတ် ကျွတ်၊ ဆုံးသွားတာ ၂ လလောက်ရှိပါပြီ ဆရာမရယ်'

'အိုး ဒါဆို ဆေးဝယ်ဖို့ လူကြီး မပါရင် ဘယ်လိုလုပ်မလဲ ခက်တာပဲ'

ပြောရင်းဆိုရင်း တံခါးလည်း ပိတ်သွားရော သားလည်း ဘာလုပ်ရမှန်း မသိလို့ အမေကုတင်ဘေးက ခုံလေးမှာ ပြန်ထိုင်နေမိတယ်။ ဟိုဘက် ကုတင်က မိန်းမက မွေးပြီးသွားပြီ။ သူ့ဘေးမှာ အနီးဖြူဖြူလေးနဲ့ ထုပ်ထားတဲ့ ကလေးကို သူ့အဖေက ငုံ့ကြည့်ပြီး ရယ်မောစကားပြောနေလိုက်တာဗျာ။ သားတို့မှာတော့ အဲဒီလိုလာပြီးကြည့်မယ့်အဖေ ဘယ်တော့မှ ရှိမှာ မဟုတ်တော့ပါဘူး။ ဘာလို့လည်း မသိဘူး။ သား မြင်ကွင်းတွေ ဝါးလာတယ်။ လက်ခုံပေါ်ကို ပူနွေးနွေး ရေတစ်စက်ပေါက်ခနဲ ကျသွားတယ်။ သား ငိုနေတယ် အမေ။

အို မငိုဘူး။ မငိုဘူး။ ငိုရင် အထဲမှာ အမေ တစ်ခုခုဖြစ်နေဦးမယ်။ မငိုတော့ဘူး။ ဆရာမနဲ့ အမေ အထဲမှာ ဘာဖြစ်နေကြလဲတော့ မသိဘူး။ ဘုရားသိကြားမလို့ အမေ နေကောင်းပါစေ။ ဆုတောင်းရင်း

http://www.cherrythitsar.org



လက်ထဲက ကျွတ်ကျွတ်အိတ်ထုပ်တွေကို ဖြေကြည့်မိတယ်။ အမေ့ထဘီ ၃ ထည်နဲ့ အဖေ့ပုဆိုးဟောင်း ၂ ထည်။ ဒါပဲ။ သားတို့မှာ သူများတွေလို အနီးဖြူဖြူလေးတွေလည်း မပါဘူးနော်။ ခြေရင်းကုတင်က မိန်းမလို ခုတ်ဖူးတွေ၊ ကော်ဖီပုလင်းတွေလည်း မပါဘူး။ ဪ ပုဆိုးခေါက်ကြားထဲမှာတော့ ဆယ်တန် ၃ ရွက်နဲ့ ငါးကျပ်တန် ၂ ရွက်ပါသေးတယ်။ ဪ သတိရပြီ။ သားအိတ်ကပ်ထဲမှာလည်း ပိုက်ဆံ ၃၀ ရှိသေးတာပဲ။ ရေခဲထုပ်ရောင်းထားတဲ့ ငွေတွေလေ။ ၃၀ လုံးတော့ သားပိုက်ဆံ မဟုတ်ပါဘူး။ ၁၀ ပဲ သားပိုက်ဆံ။ ဒါပေမယ့် လိုရင် အဲဒီပိုက်ဆံ စိုက်သုံးပြီး ရေခဲထုပ် ပိုင်ရှင် ဘဘကြီးကို တောင်းပန်ရတော့မှာပဲ။

'ဟဲ့ ကလေးတွေ အပြင်ထွက်၊ မွေးဆောင်ထဲကို ဒီကလေးလေး က ဘာလို့ ဝင်လာတာလဲ'

အနားနားကပ်အော်လိုက်တဲ့ ထဘီပြာဆရာမကြီးကို သား မော့ကြည့်လိုက်ရင်း

'သား အမေကို လာစောင့်တာ။ အမေက ဟိုထဲမှာ ဝင်သွားလို့'

'အောင်မယ် ဆင်ခြေနဲ့ မင်းထက်ကြီးတဲ့လူ မပါဘူးလား'

'အိမ်မှာ အမေနဲ့သား နှစ်ယောက်ထဲ နေရတာ'

'ဘုရားရေ ငါပါလိုက်ရမလား မသိဘူး တကထဲ'

ခဏနေတော့ မွေးခန်းထဲက အမျိုးသမီးတစ်ယောက် ခပ်သုတ်သုတ်ထွက်လာပြီး ဟိုးထောင့်က ကုလားထိုင်အနီလေးကို တွန်းလာတယ်။ သူက ဘီးလေးနှစ်ဖက်ပါတယ်။

'ခွေးလေး ပါလာပြီး ဘာမှ အားမကိုးရဘူး။ မင်းအမေကို မင်း ပွေ့ထုတ်ပါလား'

'ဟာ သား မနိုင်ဘူး'

'ကဲပါ။ ပွေ့ရမယ်ဆိုတာနဲ့ မျက်လုံး ပြူးမသွားနဲ့ဦး လူကြီးမင်းရဲ့။ ကျွန်တော်မျိုးမတို့ပဲ လာပို့ပေးပါမယ်၊ အနီးပေးလိုက်'

http://www.cherrythitsar.org



ပေါ အမေ ထွက်လာပြီ။ မျက်နှာမှာလည်း ချွေးတွေစိုရွှဲလို့ အင်္ကျီမှာလည်း ချွေးတွေ မြင်မကောင်းဘူး။

အမေ အမေ အရမ်းမောသွားပြီ ထင်တယ်။ အမေ့အပြုံးက နွမ်းယဲ့ယဲ့။

'သား အောင်ကြီး၊ ညီလေးကို ကြည့်စမ်း'

'ဟုတ်ကဲ့ အမေ။ ဟာ ညီလေးက နီရဲနေတာပဲနော်'

အမေ့ဘေးမှာ အဖေ့ပုဆိုးနဲ့ ထုပ်ထားလို့ မျက်နှာလေးပဲ မြင်ရတဲ့ သားညီလေးကို ငုံ့ကြည့်ရင်း အဖေ့ကို သတိရမိပြန်တယ်။ အဖေသာ ရှိရင် အဖေသာ ရှိရင် သိပ်ကောင်းမှာ။

'သား သွား ကော်ဖီသွားဝယ်ချေ။ အမေ ပိုက်ဆံပါနေပြီ'

ဟုတ်ပါရဲ့ အမေက မနက်က ဘာမှ မစားထားဘူး ထင်တယ်။ ဆာရောပေါ့။ ခုနတုန်းက မွေးပြီးသား အမေတွေ မွေးခန်းထဲက ထွက်လာရင် ကော်ဖီတိုက်၊ အအေးတိုက်၊ အချိုရည်တိုက်နဲ့ ထဘီပြာဆရာမကြီး ရွှတ်သွားတာ။ သားရော အမေရော ကြားလိုက်ကြတာပဲ။

ဟုတ်တယ်။ သား ကော်ဖီသွားဝယ်ဦးမယ်။ အမေလှမ်းပေးတဲ့ ပိုက်ဆံ ဆယ်တန်ကလေးကို ယူပြီး၊ ထွက်ခဲ့ရပေမယ့် နောက်ဆံတငင်ငင်နဲ့ပါ။ အမေ့နှုတ်ခမ်းတွေက ဖြူတူတူကြီး ခါတိုင်းနဲ့လည်း မတူဘူး။

ကော်ဖီဝယ်ဖို့အထွက် ဆေးရုံပေါက်ဝမှာ မိသားတစ်စု ပစ္စည်းတွေ တသယ်တပိုးနဲ့ ကားပေါ်တင်နေကြတယ်။ အင်္ကျီပြာဝတ် ဆေးရုံက လုပ်သားကြီးကလည်း ကူသယ်ပေးတယ်။ သားလောက်ကောင်လေးက တော့ ဘာမှ မသယ်ဘူး။ ရှူးဖိနပ် လှလှလေးနဲ့။ သူ့အမေချီထားတဲ့ အနီးထုပ်ထဲက သူ့ညီမလေးကို ကုန်းကြည့်ရင်း ဂျယ်လီစားနေတယ်။ သား တံတွေးပဲ မျိုချလိုက်ပါတယ်။

သားအိတ်ထဲမှာပါတဲ့ ပိုက်ဆံနဲ့ ဂျယ်လီဝယ်စားလို့ ရပေမယ့် မဖြစ်သေးဘူး။ အမေ့အတွက် ချန်ထားရဦးမှာပေါ့။ ကော်ဖီတစ်ခွက်နဲ့

http://www.cherrythitsar.org



အတူ ကိတ်မုန့်တစ်ချပ် ဝယ်ခဲ့တယ်။

အမေ ဒါမှ ဗိုက်ဝပြီး အားရှိမှာ။

ဆေးရုံပြန်ရောက်တော့ တံခါးပိတ်ထားတယ်။ ခုနက အစောင့်ကြီးပဲ ရှိတယ်။

'ဦး ဦး တံခါးဖွင့်ပေးပါ'

'ဘာ ဟိတ်ကောင်၊ ဆေးရုံထဲကို ကလေးတွေ မဝင်ရဘူးကွ'

'မဟုတ်ဘူး။ သား ခုတင်လေးတင် ထွက်ပြီး အမေ့အတွက် ကော်ဖီသွားဝယ်တာ'

'နားမလည်ဘူး။ ၁၂ နှစ်အောက် ကလေးတွေ မဝင်ရဘူး'

ဒုက္ခပါပဲ။ လှည့်ထွက်သွားပြီ။ ဟာ အမေ အရမ်းဆာနေတော့မှာပဲ'

'ဦး ဦး ဦးလေး။ ဖွင့်ပေးပါဗျာ။ သားအမေ ဗိုက်ဆာနေလို့ပါ'

'တောက် ဒီကောင်လေး တယ်ခက်တာပဲ။ မင်းအမေက ဘယ်အဆောင်ကလဲ'

'ကလေးမွေးတဲ့ အဆောင်က'

'နာမည်ပြော'

'ဒေါ်ခင်ခင်နွယ်'

'ပေး အဲဒါတွေ ငါသွားပေးမယ်။ မင်း မဝင်ရဘူး'

ပေးသာ ပေးလိုက်ရတယ်။ အဲဒီလူကြီး အမေ့ကို သွားမပေးဘဲ သောက်ပစ်လိုက်ရင် ဒုက္ခပါပဲ။ သား ချွေးတွေ အများကြီး ထွက်လာတယ်။ ဒီလူကြီးက ခုနက မိသားစုနဲ့ကျတော့ သဘောကောင်းသားပဲ။ ပစ္စည်းတွေတောင် ကူသယ်ပေးတယ်။ သားကျတော့ ဟောက်လိုက်တာ။ ဘာဖြစ်သွားလဲ မသိဘူးဗျာ။ ရူးနေသလား မသိဘူး။ ဒါပေမယ့် သား သူ့ကိုနောက်ထပ် ဘာမှ မပြောရဲတော့ပါဘူး။ အမေ့ကိုလည်း စိတ်ပူတယ်။ ခုနေ အမေ တစ်ခုခု ဖြစ်သွားရင် သား ဘာလုပ်ရမလဲ။ ကိုကိုကြီးတို့ မမကြီးတို့ ရှိရင်

http://www.cherrythitsar.org



လည်း အကောင်းသား။ ကိုကိုကြီး ရှမ်းပြည်နယ်ဘက်မှာ စစ်သားလုပ်နေတာ။ အကြာကြီးနေမှ တစ်ခါပြန်လာတယ်။ ဘယ်ကို မှာရမှန်းလဲ မသိဘူး။ သူလာမှ သားတို့တွေ့ရတာ။ မမကြီးကလည်း ယောက်ျား နောက် လိုက်သွားလိုက်တာ။ မနှစ်ကမှ တစ်ခေါက်လာတယ်။ သူနေတဲ့ လိပ်စာပေးခဲ့ပေမယ့် အဲဒါ အမေ ဘယ်မှာထားလဲ မသိဘူး။ ဟိုတလော ကတော့ အထားမှားလို့ ရှာမတွေ့ဘူး ပြောသံကြားတယ်။ သားပဲ အမေ့ကို ကူညီလုပ်ပေးမယ့်သူရှိတာ သားမဝင်ရတော့ ဘယ်လိုလုပ်မလဲ။ ကြံရာမရ တာနဲ့ အဲဒီ ဆေးရုံဝမှာပဲ ဖင်ထိုင်ချပြီး သားငိုနေမိတယ်။ အရမ်းဝမ်း နည်းတာပဲဗျာ။

‘ဟိတ်ကောင်လေး ဘာလို့ငိုနေတာလဲ လာ ဝင်သွား မင်းအမေ နားကို’

‘ဟင် တကယ်လားဦး’

‘တယ် လျှာရှည်ပြန်ပြီ။ မြန်မြန်ဝင်ဆို ဝင်တာ မဟုတ်ဘူး’

သားပျော်သွားလို့ အသားကုန်ပြေးဝင်လာခဲ့တယ်။ နောက်ကနေ ဟော့ ကောင်လေး ပြေးမသွားနဲ့လို့ပြောတာ ကြားလိုက်ရတော့ သားအရှိန် လျှော့သွားရတယ်။

တွေ့လား။ အမေက ကော်ဖီကို ဘယ်လို သူ့ဟာသူသောက်နိုင် ပါ့မလဲ။ အရမ်းမောနေတဲ့ဥစ္စာ။ သားတိုက်ပေးမှ ရမှာပေါ့။ ဒါပေမယ့် ခွက်မှ မရှိဘဲ။

‘အစ်မ ခွက်ကလေး ခဏငှားပါနော်’

အမေက ဟိုဘက်ကုတင်က မတ်ခွက်ကလေး လှမ်းတောင်း တော့မှ အဆင်ပြေသွားတယ်။ ခွက်ငှားတဲ့ အဘွားကြီးက ညီလေးကို လာ ကြည့်ရင်း အမေနဲ့ စကားနည်းနည်းပါးပါး လာပြောတယ်။ သူပြောတဲ့ အထဲမှာ ဈေးထဲမှာ အထည်ဆိုင်ဖွင့်ထားတာတွေရော၊ သူ့ချွေးမက သား ဦးယောက်ျားလေး မွေးလို့ အားလုံးဝမ်းသာကြတာရော၊ မွေးပေးတဲ့ဆရာ

http://www.cherrythitsar.org



ဝန် ဆရာမတွေကို ခေါက်ဆွဲကြော်ထုပ်တွေ ပို့လိုက်တယ်ဆိုတာရော၊ နောက်သားကိုကြည့်ပြီး ခေါက်ဆွဲကြော် ကျွေးချင်တဲ့ အကြောင်းထိပါ တယ်။ ညနေစောင်းတော့ ဗိုက်ကလည်းဆာနေတော့ ဝမ်းသာလိုက်တာ ဗျာ။

ညီလေးကတော့ အမေ့ရင်ခွင်ထဲမှာ နို့ခဲတုန်းပေါ့။ မိုးချုပ်လာပြီ ဆိုတာနဲ့ ခြင်တွေက တဝီဝီပဲ။ မည်းမည်းမည်းမည်းနဲ့ အကြီးကြီးတွေ။ သားညီလေးက ဒီနေ့ပဲမွေးထားတာ။ နုနုလေး ခြင်ကိုက်မှာစိုးလို့ ပုဆိုးနဲ့ ယပ်ခတ်ပေး နေရတယ်။ အခြားကုတင်က လူနာတွေကိုတော့ သူတို့ ယောကျ်ားတွေ၊ ဆွေမျိုးတွေက ခြင်ထောင်ထောင်ပေးကြ၊ အအေးတွေ အားဆေးရည်ဗူးတွေ ဝယ်တိုက်ကြ၊ အိမ်သာသွားရင် တွဲထူဝိုင်းအုံပြီး ပြုစု ကြ၊ ကလေးတွေကိုလည်း တစ်လှည့်စီ လုချီကြနဲ့ သိုက်သိုက်ဝန်းဝန်းရှိ လိုက်တာ။ သားတို့မှာတော့ ခြင်ထောင်လည်းမပါ။ (အစကတည်းက အိမ်မှာ လက်လျှိုလို့တောင်ရတဲ့ ခြင်ထောင် အပြဲကြီး တစ်ခုပဲရှိတာ တစ် ထည်လုံးလည်း အဖာရာချည်းပဲ) အဖော်လည်း မရှိနဲ့လေ။ အမေအိမ်သာ သွားမယ်ဆိုတော့ သားပဲတွဲရတာပေါ့။ သား စိတ်ထဲမှာ တစ်မျိုးကြီးပဲ။ ဒါပေမယ့် အမေ့ကို အရမ်းသနားတယ်။ ကိုယ်ဝန်နဲ့တုန်းက အားဆေး လေး တစ်ရက်ထိုးဖို့အရေး အမေလုပ်နိုင်တုန်းက စုထားတဲ့ အဝတ်လျှော် ခ ပိုက်ဆံလေးတွေကို ထုတ်ထုတ်သုံးခဲ့ရတာ။ မလည်ပတ်တော့လည်း ထိုးတစ်လှည့် မထိုးတစ်လှည့်ပေါ့လေ။ ဒီကြားထဲမှာ မမွေးခင်ဖျားတော့ အမေပိုပင်ပန်းသွားတာပါပဲ။

အခုလည်းသားမျက်နှာကို လှမ်းလှမ်းကြည့်တယ်။ အဲဒီတော့ သားက ငိုနေလို့ ဘယ်ဖြစ်မလဲနော်။ အမေ စိတ်မညစ်အောင် အမေအား ရှိအောင် သားက ပျော်ပျော်နေပြရမှာပေါ့။ စိတ်မညစ်ပါနဲ့အမေ။ ဒီမှာ အမေ့သားကြီးတစ်ယောက်လုံး ရှိပါသေးတယ်ဆိုတဲ့ ပုံစံအပြည့်ဖမ်းပြရ မှာပေါ့။ အမေ့ကို အားရပါးရ ရယ်ပြလိုက်တယ်။

http://www.cherrythitsar.org



'အမေ ဒီနေ့ဘာနေ့လဲဟင်'

'အင်း ဒီနေ့ အင်္ဂါနေ့ထင်တယ်။ ဟုတ်တယ်သား။ အင်္ဂါနေ့'

'ဒါဆို ညီလေးကို ဘယ်လို နာမည်ပေးမလဲဟင်'

'အင်္ဂါဆိုတော့ စ,ဆ,ဇ,ဈ,ည ထဲက ပေးရမှာပေါ့သားရဲ့။ သားတုန်းက တနင်္ဂနွေသားမို့ မင်းအဖေက အောင်ကြီးလို့ ပေးခဲ့တာလေ'

'အဲဒါဆို ညီလေးနာမည်ကျတော့ကော'

'ညီလေးကို အင် စ,ဆ,ဇ၊ ဇွဲမာန်လို့ ပေးရအောင်'

'ဟာ ကောင်းတယ်။ ကောင်းတယ်အမေ။ ဇွဲမာန်။ ဟား ဟား၊ ဇွဲမာန်ကွ'

'အဲဒါ သားငယ်လေးက ဘဝကို ဇွဲနဲ့မာန်နဲ့ ချီတက်စေချင်လို့ပဲ သားကြီး'

အမေပြောတာကို သား အကုန်လုံး နားမလည်ပေမယ့် ဒီနာမည်ဟာ ကောင်းတဲ့နာမည်ဆိုတာကိုတော့ သားသိတယ်။ ဇွဲမာန်၊ ညီလေးနာမည် ဇွဲမာန်။

အမေက ရှစ်တန်းနဲ့ ကျောင်းထွက်ထားတာဆိုတော့ ဒါတွေနားလည်မှာပေါ့နော်။ သားကတော့ ရုပ်ပြထဲက နာမည်လှလှလေးတွေ တွေ့ရင်ညီလေး ဒါမှမဟုတ် ညီမလေးကို ပေးဖို့နာမည်ဆိုပြီး လျှောက်မှတ်ထားတာပဲ။ ဈေးရောင်းသွားရင်း ကျူရှင်တို့၊ အလှပြင်ဆိုင်တို့၊ ဆံညှပ်ဆိုင်တို့က နာမည်လေးတွေလည်း စုထားတာရှိတယ်။ အင်းလေ ဒါပေမယ့် အမေပြောတဲ့ ဇွဲမာန်ပဲ ကောင်းပါတယ်။

'ဒီက လူနာ၊ ထဘီတွေ လျှော်မယ်ဆို တစ်ခါတည်းပေးလိုက်လေ'

သားနဲ့အမေ ညီလေးကို ငုံ့ကြည့်နေကြတုန်း ကုလားမကြီးတစ်ယောက်က လာပြောတာ။ ဟုတ်ပါရဲ့။ အမေမွေးတုန်းက လဲလိုက်တဲ့ထဘီနှစ်ထည် လျှော်ဖို့ပေါ့။

http://www.cherrythitsar.org



'တစ်ထည် ငါးကျပ်နော်'

သူက တစ်ဆက်တည်း ပြောတယ်။

ဒါဆို နှစ်ထည်ကို တစ်ဆယ်ပေါ့။ အို ဘာလို့ပေးရမှာလဲ။ သား လျှော်မှာပေါ့။ လျှော်တတ်တာပဲဟာ။ တစ်ဆယ် နှမြောစရာကြီး။

'ဟုတ်ကဲ့ ဒီမှာပါ။ ဟိုလေ ဆပ်ပြာတော့မရှိ။ အဲ နည်းနည်းပဲ ပါတယ်'

'ရတယ် အစ်မဆပ်ပြာက ကျွန်မစိုက်လိုက်မယ်။ အစ်မတို့ကို ကျွန်မ သနားလို့'

'ဟာ အမေကလည်း နေပါစေ။ သားလျှော်မှာ။ အဒေါ်ကြီးဘယ် မှာလျှော်မှာလဲ သားလည်း လိုက်ခဲ့မယ်နော်'

အမေ့အပြောကို မစောင့်တော့ဘဲ ထဘီဟောင်းထုပ်ကို ဆွဲပြီး သားထွက်လာခဲ့တယ်။ အမေ့အသံ တိုးတိုးပျော့ပျော့ကလေးကို မကြား ယောင်ဆောင်ပြီးတော့ပေါ့။

အိမ်သာရေချိုးခန်းမှာ အမေ့သွေးစွန်းထဘီတွေ လျှော်နေတဲ့သား ကို အထူးအဆန်းလုပ်ပြီး ဝိုင်းကြည့်သွားကြတယ်လေ။ အလကားတော သားတွေ။ မမြင်ဖူးဘူးလား။

အိမ်မှာ အမေ့လုံချည်တွေဆို သားပဲ အမြဲလျှော်ပေးနေကြဟာ ကို။ ရိုးနေပြီ။ အဲဒါအရမ်းကုသိုလ်ရတယ်လို့ အဖေပြောသွားခဲ့ဖူးတယ်။ ကုသိုလ်ရတာ ကောင်းတာပေါ့နော်။ သား ကုသိုလ်အများကြီးရအောင် ပြီးရင် ညီလေးရဲ့ အနှီးထုပ်ပါ လျှော်ဦးမှာ။

အရေးထဲ အဝတ်လျှော်ရင်း ခြင်က တဖျတ်ဖျတ်ရိုက်ရသေး တယ်။ မှောင်လေကိုက်လေပဲ။

ထဘီအစိုတွေကို ကုတင်ခြေရင်းမှာပဲ ထပ်လှမ်းလိုက်ရတယ်။ ဝင်းထရံသံဆူးကြိုးမှာ သွားလှမ်းလို့ ဘယ်ဖြစ်မလဲ။ သူများရုတ်သွားရင် အမေ့ခမျာ မိုးလင်းလို့ အဝတ်လဲစရာမရှိဖြစ်သွားမှာပေါ့။ အမေ့ကို အရမ်း

သနားတာပဲ။ မောပြီး အိပ်နေပြီလားမသိ။ ဟင် အမေမျက်နှာကို လက်မောင်းနဲ့ ကွယ်ပြီး

'ဟာ အမေ၊ အမေ ဘာလို့ငိုနေတာလဲ။ မငိုပါနဲ့ အမေရာ။ ဘာဖြစ်လို့လဲဟင် ခေါင်းကိုက်လို့လား နာလို့လား ဟုတ်လားအမေ အမေ ဘာလို့ ငိုနေတာလဲ'

အမေရှိုက်ကြီးတငင် ငိုနေတာကို ကြည့်ပြီး သားရင်အထဲ လှိုက်ခနဲ ဆို့တက်လာတယ်။ မျက်ရည်တွေ ချက်ချင်းဝဲတက်လာပြီး လိုက်ငိုချင်လာတာပေ့ါ။

'အမေ ဘာမှ မဖြစ်ပါဘူး'

ပြောရင်း ငိုနေပြန်ပြီ။ အသံကလည်း ဗလုံးဗထွေးနဲ့။

'သားကြီးကို သနားလို့ အမေစိတ်မကောင်းလွန်းလို့ပါကွယ်။ ဖြစ်ရလေ ငါ့သားလေး မိဖကံဆိုးရှာတယ်။ လိမ္မာတဲ့သားလေကျမှ၊ ဟင့် ဟင့် ဟီး'

'ဟာ သားကုသိုလ်ရတာကို အမေက တလွဲတွေ လျှောက်တွေးနေပြန်ပြီ။ ဒါလုပ်တာ သား ကုသိုလ်ရတယ်လို့ အဖေပြောသွားခဲ့တဲ့ဟာပဲ။ အမေမေ့သွားပြီ ထင်တယ်'

အမေ့ကို တတ်သမျှ မှတ်သမျှ ချော့မော့ရင်း ညီလေးကိုလည်း ခြင်မောင်းပေးရသေးတယ်။ ခဏနေတော့ အမေရော ညီလေးရော အိပ်ပျော်သွားကြရော သားလည်း အင်း . . . သားလည်း။

ဆူဆူညံညံ အသံတွေကြားတော့ သားမျက်လုံးဖွင့်ကြည့်လိုက်တယ်။ ဟာ မိုးလင်းနေပြီပဲ။ ကြည့်စမ်း သားခုံပေါ်မှာ ကွေးကွေးလေး အိပ်ပျော်သွားလိုက်တာ။ ဟင်း တစ်ကိုယ်လုံးလည်း ခြင်ဖုချည်းပဲ။ ဟာ ဒါဆိုညီလေး။ ညီလေးကိုတော့ ခြင်တွေ အရမ်းကိုက်ပြီ။ ဩော် တော်ပါသေးရဲ့။ အမေ့ရင်ခွင်ထဲမှာ ပုဆိုးဟောင်း ခြုံထားသားပဲ။

ဟိုအဝေးမှာ မြူနှင်းတွေ ဆိုင်းနေတယ်။ ဒါပေမယ့် နေလုံးနီနီ

http://www.cherrythitsar.org

## ၆၂ ❑ မဦး

တောက်တောက်ကြီး ထွက်လာတဲ့အခါကျတော့ နှင်းတွေလည်း မရှိတော့ဘူး။ နေရောင်ခြည်နဲ့ လင်းထိန်လာတော့မှာ ဘယ်လောက်ပျော်စရာကောင်းသလဲ။ သားတော့ ပျော်တယ်။ သားမှာ ညီလေးအဖော်ရှိပြီ။ အမေရယ်၊ သားရယ်၊ ညီလေးရယ် ပျော်ပျော်ရွှင်ရွှင်ကြီး။ ဟား ဟား ဟား ရေခဲထုပ်ပိုရောင်းရမယ်။ ပြီးတော့ ညီလေးဖို့ အရုပ်ကလေးတွေ ဝယ်ပေးရမယ်။ အမေဘာမှ အားမငယ်နဲ့။ သားရှိတယ်။ အမေသားကြီး နာမည်အောင်ကြီး။ အမေ့သားငယ်နာမည် ဖွဲ့မာန်။ ဒါဆို ဘာလိုသေးလဲ အမေရယ်နော်။

**ရွှေအမြုတေ၊ ဩဂုတ်၊ ၁၉၉၈**

# လက်လှည့်ကျွမ်းသူ



# လက်လှည့်ကျွမ်းသူ

'ဆရာမကြီး ဈေးက ပြန်ခဲ့ပြီလား'

ဈေးကနေ အိမ်ပြန်တဲ့ လမ်းတလျှောက်လုံး ကျွန်မကို နှုတ်ဆက်သံတွေကို အပြုံးကလေးနဲ့ တုံ့ပြန်ရင်း ကြည်နူးတတ်နေပြီလေ။

'ဆရာမကြီး' လို့ အခေါ်ခံရပေမယ့် တကယ်တော့ ကျွန်မက ကျောင်းဆရာမ မဟုတ်သလို သူနာပြုဆရာမလည်း မဟုတ်ပါဘူး။ ဗေဒင်ဆရာမလည်း မဟုတ်သလို နတ်ကတော်လည်း မဟုတ်ပေါင်။ ဒါဖြင့် ဘာဆရာမလဲ ဆိုတော့ ပြောပြရသေးတာပေါ့။

ဒီလို . . .

ဆယ်တန်း နှစ်နှစ်ကျထားတဲ့ ကျွန်မသမီးလေးက မူကြို နေ့ကလေးထိန်းကျောင်းကလေး ဖွင့်ထားတယ်။ အဲဒီတော့ သူက 'ဆရာမ'။ သူ့အမေ ကျွန်မက 'ဆရာမကြီးပေါ့'။ သိပြီလား။ အမှန်အတိုင်းပြောရရင် ကျွန်မက ငယ်ငယ်တုန်းက သုံးတန်းလောက်အထိပဲ စာသင်ခဲ့ရတာမို့ 'ဆရာမ' ဖြစ်ဖို့ဆိုတာ အဝေးကြီးပါ။ ဒါကြောင့် စောစောပိုင်းတုန်းက ကလေးတွေနဲ့ ကလေး မိဘများ အဲဒီလို ခေါ်လိုက်ရင် ကျွန်မမှာ မျက်နှာ မထားတတ်အောင်ကို ရှက်မိပါသေးရဲ့။

အဲ . . . နောက်တော့လည်း တဖြည်းဖြည်း 'နားယဉ်' လာပြီး 'အို . . . ငါနဲ့ လိုက်ဖက်လို့သာ ခေါ်ကြတာပဲလို့ တွေးမိရင် အဲဒီ 'ဆရာမကြီး'ဆိုတဲ့ အခေါ်အဝေါ်ကလေးကို ပီတိဖြစ်ချင်နေတော့တာပေါ့။

အဲဒီလို ခေါ်မှပဲ လူကလည်း ဘဝင်ကျချင်တော့တာ ကလား။

ကလေးတွေအဖေက ဈေးထဲမှာ နာရီပြင်ဆိုင်ကလေး ဖွင့်ထားပေမယ့် စားလောက်သောက်လောက်အောင် ဘယ်ရမလဲ။ သားအလတ်ကောင်က ၈ တန်းနဲ့ သားအငယ်ဆုံးက ၅ တန်းဆိုတော့ ဒီမူကြိုကျောင်းကလေးကြောင့်သာ ကျွန်မတို့ မိသားစု ချောင်ချောင်လည်လည်ရှိတာ။

'ဆရာမကြီး ဘာတွေဝယ်ခဲ့လဲ'

'စုံလို့ပဲ'

အိမ်ရှေ့မှာ ဆုံတဲ့ ကလေးမိဘတစ်ဦးရဲ့ နှုတ်ဆက်အမေးကို ခပ်မော်မော်လေး ဖြေလိုက်ရင်း အိမ်ထဲကို တန်းဝင်ခဲ့တယ်။ ဈေးခြင်းတောင်းထဲကို စပ်စုလာမယ့် သူ့အကြည့်ကို ရှောင်ရင်း၊ မီးဖိုချောင် ကိစ္စကိုလည်း တက်သုတ်ရိုက် လုပ်ကိုင်ချင်တာလည်း ပါတာပေါ့လေ။

'လော'ဆို ချက်ပြုတ်ပြီးတာနဲ့ သမီးကို ကူရဦးမယ်လေ။

လုပ်ငန်းသဘောကတော့ ကျွန်မက 'လက်ထောက်'ပါပဲ။

အဲ ဒါပေမယ့် နာမည်ခေါ်ရင်တော့ ဆရာမကြီးကနေ တစ်ပြားမှမလျှော့နိုင်ဘူးနော် . . .။

*

မူကြိုကျောင်း စဖွင့်တုန်းကတော့ ကျောင်းသားက နှစ်ယောက်သုံးယောက်ပါ။

သမီးက အိမ်နားက ကလေးတွေကို ဝါသနာအရခေါ်ပြီး စာသင်ပေး၊ ထိန်းကျောင်းပေးတာကို သူများတွေက အကြံပေးကြတာနဲ့ စမ်းလုပ်ကြည့်ကြတာလေ။

http://www.cherrythitsar.org



ဒီလိုနဲ့ တဖြည်းဖြည်းများလာလိုက်တာ အခုဆို (၂၂)ယောက်တောင် ရှိနေပြီ။ များလာမှာပေါ့။ ဒီရပ်ကွက်မှာက ရုံးသမားတွေ၊ ကုမ္ပဏီဝန်ထမ်းတွေ၊ ဈေးသမားတွေ၊ လင်ရောမယားရော အလုပ်ထွက်လုပ်ကြတဲ့ သူတွေများတော့ ကျောင်းမတက်ရသေးတဲ့ အရွယ်ကလေးတွေကို အလုပ်ထဲ ခေါ်မသွားတော့ဘဲ မူကြိုကျောင်းလေးတွေမှာ အပ်ထားခဲ့ရတာ ပိုအဆင်ပြေတာပေါ့။ ပြောတော့သာ မူကြိုကျောင်းပါ။

အမှန်တော့ ကလေးပေါင်းစုံကို ထိန်းရတဲ့ နေရာပါပဲ။

ကလေးတွေကလည်း ဆိုက်စုံ၊ စရိုက်စုံ။

လေးနှစ်၊ သုံးနှစ် နှစ်နှစ် အစားစားပဲ။ နှစ်နှစ်အောက်တော့ ကျွန်မတို့ လက်မခံဘူး။ ကရိကထ များလွန်းလို့။ ဒါတောင် တစ်လလောက်တောင်းတောင်းပန်ပန်နဲ့ လာထားလို့ ထိန်းဖူးလိုက်သေးတယ်။ မြိုးမြိုးမြက်မြက်ကလေးတော့ ရလိုက်ပါရဲ့။ ရတာနဲ့ မကာမိအောင် ပင်ပန်းလိုက်တာ မပြောပါနဲ့။ ဘယ် . . . သူတစ်ယောက်တည်းနဲ့တောင် တစ်နေကုန်တာပါလား။ ကလေးဆိုတာ ငယ်လေ ဂရုစိုက်ရလေပဲကိုး။

အပေါ်ယံကြည့်ရင်တော့ 'မူကြို' ဆိုတာ ဘာပင်ပန်းတာလိုက်လို့။ ကလေးတွေကို စုပြီး ဘုရားရှိခိုးလေး သင်ပေး။ ကဗျာလေးတွေသင်ပေး။ အချိန်တန် ထမင်းကျွေး၊ နေ့လယ် အတင်းအိပ်ခိုင်း၊ အိပ်ရာကနိုးရင် ကစားခိုင်း၊ ညနေ သူ့မိဘတွေလာရင် ပြန်ထည့်ပေးလိုက် ပြီးရောလို့ အောက်မေ့နေကြတာ။

ဟင်း . . . လာကြည့် လှည့်စမ်းပါ။ တစ်ခါတစ်လေ ဘယ်လောက်များ သေချင်စော်နံလဲ ဆိုတာကို . . .။

သူများမွေးထားတဲ့ သားသမီးပေါင်းစုံဆိုတော့ ပြောမရ ဆိုမရ၊ ချော့မရ ချောက်မရနဲ့ ဝက်ဝက်ကွဲငိုနေကြရင် ကျွန်မဖြင့် ထွက်တောင်ပြေးလိုက်ချင်တယ်။ နည်းနည်းပါးပါး မာန်မဲခြိမ်းခြောက်မိရင်တောင် တက်မတတ် ချက်မတတ် အော်ငိုပြီး ညနေ သူ့အိမ်ကလာရင် တိုင်တော့

တာပဲ။ ကလေးအမေကလည်း မျက်နှာပျက်ပျက်နဲ့ ကျောတွေ ခြေသလုံး တွေကို လှန်ပြန် ပွတ်သပ်ပါလေရော။ အရှိုးရှာတာလေ။ အရှိုးရှာတာ။ ကျွန်မကလည်း ရယ်ရယ်မောမောနဲ့ 'အလကားပါ။ နည်းနည်းကြောက် သွားအောင် ကြမ်းပြင်ကို ချော်ချလိုက်တာ'

ဘာညာနဲ့ ကလေးအမေ ကျေနပ်အောင် လေပြည်ထိုးရတာ ပေါ့။ အမှန်ကတော့ ဘယ်ဟုတ်မလဲ။ ခေါင်းကလေး တစ်ချက်လောက် ပိတ်ခေါက်ပြီး နားသယ်မွေးလေးကို ခပ်ဆတ်ဆတ်ဆောင့် ဆွဲထားတာ။

ဒါက ဒဏ်ရာမပေါ်ဘူးလေ။

ကလေးတွေကများတော့ သမီးတစ်ယောက်တည်း ဘယ်လိုမှ မနိုင်ဘူး။ ဒီမူကြိုလေးရပ်တည်နေနိုင်တာလည်း ကျွန်မရဲ့ ပါးနပ် ဖျတ် လတ်မှုတွေ အများကြီးပါတယ်လို့ ထင်တာပဲ။

အခုပဲကြည့်။ သမီးက အိမ်နံရံမှာ ကပ်ထောင်ထားတဲ့ ကျောက် သင်ပုန်းကို ကြိမ်လုံးနဲ့ တဗျန်းဗျန်းပုတ်ရင်း စာသင်နေပေမယ့် စာသင်ဖို့ စိတ်မဝင်စားသေးတဲ့ အရွယ်လေးတွေကျတော့ ကျွန်မပဲ မျက်စိလျှင်လျှင် နဲ့ကြည့်ပေးနေရတာ။ မကြည့်လို့ကတော့လည်း မရဘူးလေ။

တော်ကြာ ခဲတံနဲ့ထိုးလို့၊ တော်ကြာ ဆံပင်ဆောင့်ဆွဲလို့။ တော် ကြာ ကုန်းကိုက်လို့၊ တော်ကြာ ဆိတ်ဆွဲလို့ . . . စတဲ့ အတိုင်အတော လေးတွေကို ပြဿနာရှင်းပေးရ၊ ငိုကြယိုကြတဲ့ မျက်ရည်၊ နှပ်ဗလဗျစ်တွေ ကို သုတ်သင်သန့်ရှင်းရ။

ပြီးတော့ ခဏခဏ ဘောင်းဘီထဲ သေးပေါက်ချတတ်တဲ့ ပုဂ္ဂိုလ် လေးတွေကို သတိတရခေါ်ခေါ် 'တည်' ရတဲ့ အလုပ်ကပါသေး။ ဒါတောင် ကြားဖြတ် အစီအစဉ်နဲ့ ပေါက်ချတဲ့ကလေးဆို (မပြောဘူး ဆိုပြီး ခေါင်းနှစ် ချက်လောက် ခေါက်လိုက်ပြီးမှ) ဘောင်းဘီချွတ်၊ ရေနဲ့သွားလျှော်၊ လှမ်းရတဲ့ အလုပ်က ပိုရော။ တချို့လည်း ဘောင်းဘီ အပိုထည့်ပေးလိုက် ပါရဲ့။

http://www.cherrythitsar.org



တချို့မပါတဲ့ ကလေးဆိုရင်တော့ သူ့ ဘောင်းဘီခြောက်သွားတဲ့ အချိန်အထိ ခဏတစ်ဖြုတ် 'လေသလပ်' ထားရတာပေါ့။ မထားလို့လည်း ရမှ မရတာ။

အဲ . . . ကံဆိုးချင်တဲ့နေ့ ဆိုရင်တော့ မိလ္လာပါ ကျုံးရပြီမှတ်။ ကလေးဆိုတော့လည်း ဘာမှ သိကြတာ မဟုတ်ဘူးလေ။ အဲဒါကြောင့် ကျွန်မက အရေးပါတဲ့ ဆရာမကြီးပါဆို . . .။

အမယ်လေး . . . တချို့ကလေးမိဘတွေဆို 'လခ' ကို ကပ်ဆစ်နေသေးတာတော့။ ဟင် . . . ကလေးက ငယ်ငယ်လေးကို စာတွေဘာတွေ သင်စရာမှ မလိုသေးတာ။ 'ထိန်းပေးရုံကလေးနဲ့များ၊ ဈေးလျှော့ပါဦး' တဲ့လေ။ အဲဒီ ထိန်းပေးရုံကလေးကိုပဲ ဒီကလည်း စိတ်ညစ်တာ။ ဒီမှာ လက်မလည်အောင် လုပ်နေရတဲ့ဥစ္စာ။ သူတို့က သဘောမပေါက်ကြဘူး။ ကျွန်မဖြင့် ကလေးငယ် ပိစိကွေးလေး ထိန်းရမှာထက် စာရင် ကျားအမြီးသာ ပြေးဆွဲလိုက်ချင်တော့တယ် အဟုတ်။

ကလေးဆိုတာ နူးညံ့တဲ့ပန်းကလေးတွေလိုပဲ။ ယုယကြင်နာရမယ်ဆိုတာ ကျွန်မ မသိဘဲ ရှိပါ့မလား။ ကလေး ၃ ယောက် အမေပဲဥစ္စာ။ ဒါပေမယ့် တစ်ခါတလေ သူတို့က ဘယ်လို 'ကဲ' မှန်း မသိဘူး။ လူကြီးတွေကတောင် လက်မြှောက်ရမယ့် အစားလေးတွေ။

'အေးစိမ့်စိမ့်ချို' ဆိုတဲ့ ကောင်မလေးဆို နာမည်ကသာ အေးစိမ့်ချိုတာ၊ လူက ဆိုးသလား မမေးနဲ့။ အဆဲကလည်း သန်မှသန်။ ကြည့်ရတာ သူ့မိသားစု အသိုင်းအဝိုင်းမှာ ဒီဆဲတဲ့ စကားလုံးကို ကလေးက နားရည်ဝဟန် တူပါတယ်။ ကလေး အချင်းချင်းရန်ဖြစ် ပြီလားဆို၊ မျက်လုံးချင်းဆိုင် တည့်တည့်ကြည့်ပြီး မကြားဝံ့မနာသာ ပီပီသသ တစ်တစ်ခွခွကြီးကို ဆဲတော့တာပဲ။ အသက်သုံးနှစ်လောက်ဆိုတော့ ဆဲတာမကောင်းတဲ့အကြောင်း၊ သမီးကရှင်းပြ၊ မဆဲတဲ့နေ့ မုန့်ကျွေးမယ်။ ဆဲရင်ရိုက်မယ် ပြောထားလည်း မရပါဘူး။ ရန်ဖြစ်တာနဲ့ အော်ငိုပြီး စီခနဲ ညံခနဲ

http://www.cherrythitsar.org



ကော်တုတ်တော့တာပဲ။ ဒါနဲ့ သမီးက ဆဲလို့ ဒဏ်ပေးတာဆိုပြီး သူ့လက်ဖဝါးကို ပေတံနဲ့ တစ်ချက်ရိုက်လိုက်ရော အဲဒီမှာတင် မယ်မင်းကြီးမကခုနှစ်အိမ်ကြား၊ ရှစ်အိမ်ကြား တမြဲမြဲအော်ငိုတော့တာပေါ့။

ဒီတော့ကျွန်မကလည်း ရောက်ရာနေရာကပြေးတဲ့ပြီး အဲဒီကလေးမရဲ့ပါးစပ်ကို ပြေးပိတ်ရရော။ တဂူးဂူးနဲ့ မပီမသ ဖြစ်နေတုန်းကို 'မငိုနဲ့လေ၊ မငိုနဲ့လေ၊ ငါကိုင်ဆောင့်လိုက်ရမလား' စသဖြင့် ကြိမ်းမောင်းရတာပေါ့။ နည်းနည်းငြိမ်သွားတော့မှ ရလောက်ပြီဆိုပြီး လွှတ်လိုက်တာတစ်ခါတည်း 'ဇတ်' ဆို လက်ကို လှမ်းကိုက်လိုက်တာ အရှောင်မြန်ပေလို့သာပဲ။ မဟုတ်ရင် အသားအတစ်လိုက်ပါ သွားလောက်တယ်။ အမယ်လေး သူ့တစ်ယောက်တည်းနဲ့ကို သားအမိနှစ်ယောက် ချွေးတောင် 'ပြန်' ယူရပါတယ်ဆို။

'စန္ဒီပပဝင်း' ဆိုတဲ့ ကောင်မလေးကျတော့ ပုံစံတစ်မျိုး။ အစက ကျွန်မနားထဲ ဆန်နီပပဝင်း ဆိုလားလို့ 'ဆန်နီ' 'ဆန်နီ' ခေါ်မိတာ။ ဆံပင်မွေးကလေးတွေကလည်း ခုခေတ်ပေါ် နီကြောင်ကြောင် ရွှေညိုရောင်ဆိုးထားသေးတယ်။

သူ့တုန်းက ကျောင်းအပ်ခါစ အသက် ၂ နှစ်လောက်မှာ သိပ်ပြဿနာ ရှာတာပေါ့။ လွတ်အိတ်နဲ့ ခြင်းကို နေရာမှာ ထားပြီးတာနဲ့တံခါးပေါက် ပြန်ပြေးပြီး "မေကြီးရေ . . . ပြန်မသွားနဲ့။ မေကြီး မသွားရဘူး" နဲ့ အော်တော့တာပဲ၊ သူ့အမေက "အေး . . . မသွားဘူး သမီး" ဆိုပြီး အိမ်ရှေ့လမ်းပေါ်က ရပ်နေတယ်။ ရုံးချိန် နီးပြီမို့ နာရီ တကြည့်ကြည့်နဲ့ပေါ့။ ကျွန်မတို့ကလည်း သူ့ကိုချော့မော့ပြီး ဘုရားရှိခိုးခိုင်းတော့ လက်အုပ်ချီတာက ဘုရားစင်ဖက်၊ မျက်နှာက အိမ်ရှေ့ဘက်ကို လည်တဆန့်ဆန့်နဲ့လေ။ ကုန်းဦးချနေတုန်း သမီးက ကိုယ်နဲ့ကွယ်ပြီး သူ့အမေကို သွားခိုင်းလိုက်လို့ကတော့ ချက်ချင်း ပြေးထပြီး အိမ်ရှေ့ တံခါးကို ထုရိုက်၊ လူးလိမ့် ငိုယိုတော့တာပဲ။ တော်တော်နဲ့ အငိုမတိတ်ဘူး။ သူငိုတော့

http://www.cherrythitsar.org



ကျန်နှစ်ယောက် သုံးယောက်လည်း တဟင့်ဟင့် တရှုံ့ရှုံ့ဖြစ်ကုန်ကြရော။ အဖော်လုပ်ပေးကြတာလေ။

အဲဒါ တစ်ရက်လည်း မဟုတ်။ နှစ်ရက်လည်း မဟုတ်။ နေ့တိုင်း။ ခု သုံးလေးလကြာသွားမှ နေသားကျသွားတာ။ ဒါတောင် 'ညနေစောစောလာ ခေါ်နော်' ဆိုတာက မှာရတာအမော။ ဒီမှာ မပျော်တာလည်း မဟုတ်ဘူး။ နေ့လယ်ဆို ဆော့လိုက်တာမှ 'ဗြောင်းထ'ရော။ အိပ်ခိုင်းတာတောင် မအိပ်ဘဲဘေးက ကလေးတွေကို 'ကျိပတ်' နေသေးတာ။ ဒါနဲ့ များ မနက်မနက် သောင်းကျန်းတာ။ အချုပ်ထဲထည့် ထားခံရတဲ့ အတိုင်း။

ဟို 'သီဟရဲမင်းအောင်' ဆိုတဲ့ နှစ်နှစ်ခွဲ ကလေးလေးများ။ စာအုပ်ဖြဲတာ ဘယ်လိုဝါသနာကြီးမှန်း မသိဘူး။ တွေ့တဲ့ စာအုပ်ဖြဲတာ။ လေးနှစ်ကလေးတွေ သင်နေတဲ့ သင်ပုန်းကြီး စာအုပ်တွေဆို သူ့လက်ချက်နဲ့ လွတ်တာ ခပ်ရှားရှားရယ်။ ကော်ထုပ်ဝယ်ပြီးတော့ ကို ကပ်ပေးရတာ ခဏခဏ၊ စာအုပ်ဖြဲလို့ လက်ဆစ်ခေါက်တာလည်း အံကြိတ်ပြီးခံတယ်။ မျက်ရည်တစ်စက်မထွက်ဘူး။ နောက်ဖြဲ ဦးမလား။ မေးလည်း ပြန်ဖြေချင်မှ ဖြေတာ။ ပေကတ်ကတ်ကလေး ရယ်။ အဲ . . . လစ်တာနဲ့ ဗျိခနဲ ဗျိခနဲ ဖြဲထည့်လိုက်တာပဲ။ စာရေးတဲ့ အချိန်ဆို သူ့ကို မျက်လုံးဒေါက်ထောက်ကြည့်နေရတယ်။ သူက သူများ စာအုပ်မဖြဲရရင် သူ 'ဝလုံး' ရေးတဲ့ စာအုပ်ကို ခိုးဖြဲတဲ့ကောင်၊ ဘယ်လိုကောင်မှန်း မသိဘူး။

*

၁၁ နာရီလောက် ဆိုရင်တော့ သူတို့ ထမင်းစားဖို့ ကျွန်မပြင်ရပြီလေ။ အစက ကလေးအယောက် ၂၀ ကျော်အတွက် ထမင်းဘူး ၂၀ ကျော်ကို မမှားအောင် မနည်းမှတ်ထားရတယ်။ နောက်မှ နာမည်ကပ်ထားလိုက်တော့ အဆင်ပြေသွားရော။

'အိသွယ်မျိုးမောင် ထမင်းဘူး လာယူ'

http://www.cherrythitsar.org



ဟင်း . . . သူ့အမေကလည်း ထမင်းကို စားချင်စဖွယ် ထည့်မပေးလိုက်ဘူး။ အပြည့်အသိပ် ဖိထည့်ပြီး ကြက်သားဟင်း တစ်မျိုးတည်းရယ်။ သူ့သမီးက အဆီအနှစ်နဲ့ ထမင်းကို နယ်ပေးမှ စားတတ်တာကို။

ပန်းကန်စင်ပေါ်က လင်ပန်းတစ်ချပ်ဆွဲပြီး ထမင်းတစ်ဝက်လောက်ကို ဖယ်ထုတ်၊ ထမင်းကို ဘေးဟင်းခွက်ထဲက အဆီအနှစ်တွေနဲ့ နယ်ပေး၊ ကြက်သားကိုလည်း တစ်ဝက်လောက်ကို လက်နဲ့မွပေးပြီး ဆားလေးနည်းနည်း ဖြူးလို့ နယ်ပေးလိုက်ရတယ်။

'ရော့ . . . ထမင်းနဲ့ ဟင်းလိုချင်ရင် ထပ်တောင်း၊ ဒီမှာ ဖယ်ထားတယ်နော်'

ပြောမယ်သာပြောရတာ ဒီကောင်မလေး စားနှုန်း ကျွန်မသိပြီးသား။

'ထက်အာကာဖော်'

ကိုယ်တော်က ထမင်းဘူးကို ငုံ့ကြည့်ပြီး . . .

'ဟင်း ပဲသီးကြော်ကြီး မစားချင်ဘူး'

လုပ်ကရော။

သူ့မှာ ဘဲဥဟင်းတော့ ပါသေးတယ်။ ဒါနဲ့ ပဲသီးကြော်ကို စောစောက လင်ပန်းထဲယက်ချ။ ထမင်းတွေလည်း များပုံပေါ်တာနဲ့ နည်းနည်း ဖယ်ထုတ်ပြီး ပေးလိုက်ရတယ်။

'နှင်းသီရိခင်'

အင်း . . . နှင်းသီရိခင် ကြီးဒေါ်ကတော့ လုပ်ချလိုက်ပြန်ပြီ။ သူ့အမေက နယ်မှာအလုပ်သွားနေတော့ ကလေးကို ကြီးဒေါ်လက်ထဲ ထားခဲ့ရတာ။ ကြီးဒေါ်ကလည်း ဆိုင်တစ်ဖက်နဲ့ဆိုတော့ သူ့ကိုဒီမှာ လာထားရတာ။ ဒီကောင်မလေးက ငါးဆိုအရိုးစူးရ တာနဲ့၊ ထွေးပစ်ရတာနဲ့ ပြဿနာတက်က တက်ပါဘိသနဲ့။ ဘယ် ဖြစ်မှာလဲ။ ဒီတော့ သူ့ငါးဟင်းကို ပန်းကန်တစ်လုံးထဲ ခပ်ထည့်၊ 'အောင်ကျော်ဇော' က

ဟင်းများတတ်တော့ အောင်ကျော်ဇောရဲ့ ဆိတ်သား အားလူးဟင်းထဲက နည်းနည်းယူပြီး ခုနက ပဲသီးကြော်နည်းနည်းရော နယ်ကျွေးမှ ဖြစ်မယ်။

'ဇာနည်ပိုင်စိုးဝေ' ရဲ့ ထမင်းဘူးကိုတော့ ကျွန်မသတိထားပြီး ဖွင့်ရတယ်။ ထမင်းဘူးကလည်း ဖိုက်ဘာဘူး အကောင်းစား။ ဟင်းက လည်း အပုံစားပါလာတာ များတယ်။ ထင်တဲ့အတိုင်းပါပဲ။ ပုစွန်ထုပ်ကြီး ဆီပြန်ဟင်းနဲ့ ကိုက်လန်အစိမ်းကြော်။ ဒီကလေးက ဟင်းစားကြီးတယ် ဆိုပြီးတော့ သူ့အမေက နှစ်ကောင်ထည့်ပေးလိုက်တာ။ ဒါပေမယ့် ကျွန်မ အကျင့်လုပ်ပေးထားလို့ သူဟင်းစားမကြီးတော့ပါဘူး။ ပုစွန်တုပ်တစ် ကောင်ဆို လောက်ပါတယ်။

ထမင်းကိုလည်း ပုစွန်ဆီနဲ့ ဆားနဲ့ နယ်ပေးလိုက်တယ်။ မိဘ တွေ စီးပွားရေးပြေလည်တိုင်း ကလေးကို ဟင်းစားကြီးအောင်အလေ့ အထလုပ်ထားဖို့ မကောင်းဘူးလေ။

ကလေးကြီးတွေကို စားရတာ အဆင်ပြေအောင် စီမံဝေခြမ်းပေး ပြီးတာနဲ့ အငယ်လေးတွေကို ထမင်းခွံ့ဖို့ ပြင်ရပြန်ရော။ ထမင်းခွံ့ရတဲ့ ကလေး ၇ ယောက်ရဲ့ ထမင်းဘူးတွေကို ဇလုံကြီးတစ်ခုထဲမှာ ရောထည့် ဟင်းတွေကိုလည်း ရောပြီးပုံ၊ ဟင်းရည်ဆန်း၊ သူတို့ကို ဝိုင်းကြီးပတ်ပတ် ထိုင်ခိုင်းပြီး၊ တစ်ယောက်စီ အလှည့်ကျ ခွံ့ပေးလိုက်တာပါပဲ၊ သူတို့အိမ်မှာ အမဲသားဝက်သား မစားတဲ့ကလေးကလည်း ဒီကျရင်တော့နှိပ်တာပဲ။ ဘယ် သူကဝက်သားရှောင်တယ်၊ ဘယ်သူက အမဲသားရှောင်တာ တစ်ဦးချင်းမှတ် မနေနိုင်ပါဘူး။ အဲလို မွှေခွံ့လိုက်တော့ သူတို့လည်း ဗိုက်ဝတယ်။ အဖိတ် အစင်နည်းတယ်။ ဟင်းတွေလည်း လောက်ရုံမက ပိုလျှံတောင်နေသေး။ သူတို့ဘာသာ စားခိုင်းလို့ကတော့ ကြမ်းပြင်ပေါ်မှာ ကြက်ယက်ထားတာ ထက်တောင် ဆိုးဦးမှာ။

'အားလုံးစားပြီးရင် ထမင်းဘူးပိတ် ရေသောက်။ တန်းစီ အိပ် ပေတော့ပဲ။ ခေါင်းထောင်မလာနဲ့၊ ဟောဒီမှာ ကြိမ်လုံးတွေ့လား'

http://www.cherrythitsar.org



ဒါမှ သားအမိနှစ်ယောက် ထမင်းဖြောင့်ဖြောင့် စားကြရမှာလေ။ သမီးကတော့ တစ်မနက်လုံး ကလေးတွေကို အော်ရဟစ်ရ၊ စာသင်ရနဲ့ မောနေပြီထင်ပါရဲ့။ ပန်းကန်ထဲက ဟင်းတစ်ဖတ် မအေကို ဦးချပြီးတာနဲ့ ခေါင်းမဖော်စတမ်း စားတော့တာပဲ။ ဒီဟင်းတွေကို သူ့အမေ ဘယ်လိုချက်တာလဲဆိုတာ မေးဖို့ဝေးစွ။

ဟင်းအရသာ 'ငန်သည် ပေါ့သည်' ကိုတောင် ချေး (ဂျီး) မများရှာဘူး၊ ဒီနေရာမှာတော့ သူတို့သားအဖတွေ အတူတူပါပဲလေ။ ရသမျှ ဝင်ငွေသူတို့ အသေးသုံးဖယ်ပြီး မအေကို အပ်ပြီးရင် တာဝန်ကျေပြီ ထင်ကြတာ။ အိမ်စရိတ်လောက် မလောက်ကို သူတို့ စိတ်မဝင်စားကြဘူး။ ကျွန်မတွက်ပြလည်း သူတို့နားထဲ ဝင်ချင်မှ ဝင်တာ။ ကျွန်မမှာသာ အိမ်စရိတ်၊ ကျောင်းစရိတ်၊ စားစရိတ်၊ ကျန်းမာရေးစရိတ်၊ သာရေးနာရေး လူမှုရေးစရိတ်တွေ ထေမိကာမိအောင် စီမံဆောင်ရွက်ရတာ၊ ဦးနှောက်တွေဆိုတာ ဖျစ်ဖျစ်မြည်လို့။ သန်းခေါင် စားရင်းမှာသာ အလုပ်အကိုင်က 'မှိုခို' တကယ့်တကယ်က ကျွန်မရဲ့ 'ဆရာမကြီး' ခေါင်းနဲ့ သူတို့ ရပ်တည်နေရတာများ။

'ဩော် . . . အခုမှ ထမင်းစားနေကြတာလား'

နောက်ဖေးတံခါးပေါက်ကနေ ထိုးဝင်လာတဲ့ အရိပ်နဲ့အတူ ကြားလိုက်ရတဲ့ အသံကြောင့် ကျွန်မစားလက်စ ထမင်းတောင် နင် သွားပါတယ်။ ဒီအချိန်မှာ ကျွန်မ မလာစေချင်ဆုံးသူဟာ သူပါပဲ။

သူကလည်း ဒီ အချိန်မှပဲ တမင်အချိန်ကိုက်လာသလား မပြောတတ်ပါဘူး။

'လာ မငယ်ထွေး ထမင်းစားဦး'

သမီးက လှမ်းဖိတ်လိုက်တဲ့ စကားတောင် မဆုံးသေးဘူး။ သူက ထမင်းစားပွဲဘေးကို စွေ့ဆို ဝင်ထိုင်ပြီးနေပြီ။ မျက်လုံးတွေကတော့ ဟင်းပန်းကန်တွေဆီမှာပေါ့။

http://www.cherrythitsar.org



'စား စား စားပြီးခဲ့ပြီ၊ အမယ် ဟင်းတွေကလည်း စုံလှချေလား'

တွေ့လား၊ စလာပြီ။ လေသံကိုက ငေါ့တော့တော့။ ခနဲ့တဲ့တဲ့နဲ့။ အဲဒါကိုပဲ ကျွန်မကလည်း မကြိုက်တာ။ သူများ အိမ်နောက်ဖေးပေါက်ကနေ အကြောင်းမရှိ အကြောင်းရှာ 'ဝင်တိုးထွက်' လုပ်။ အားမနာလျှာမကျိုး တောင်ပြော၊ မြောက်ပြော။ စပ်စပ်စုစု စကားရောင်း စကားဝယ်ကလည်း ဝါသနာပါ။ အလိုက်ကန်းဆိုးကလည်း မသိနဲ့ ဟင်း . . .။

'ဘယ်နှယ့် ဆာမကြီး ထမင်းစားတာ နည်းလှချည်လား'

'ဟုတ်တယ် စိတ်အနှောင့်အယှက်ဖြစ်ရင် စားလို့ မရတော့ဘူး'

ကျွန်မ တကယ်ပဲ သူလာတာနဲ့ စိတ်ရှုပ်သွားတာ။ ဟင်းတွေလည်း လျှာမှာ အရသာမရှိတော့ဘူး။ သူခေါ်ပုံကိုလည်း ကြည့်ဦးလေ။

'ဆာမကြီး' တဲ့။ မပီကလာ ပီကလာ လုပ်ပြီး တမင်ခေါ်တာလေ။ မခေါ်နဲ့ ပြောလည်း မရဘူး။

'ဘာလို့လဲ ကလေးတွေ ထိန်းရတာ မောလို့လား'

'မောလား မမောလား သိချင်ရင် ညည်းကိုယ်တိုင် ထိန်းကြည့်ပါလား'

ကျွန်မပါးစပ်ကလည်း အငေါ်တူးတူး အသံပဲ ထွက်သွားနိုင်တော့တယ်။ ဒါပေမယ့် သူကတော့ အပြုံးတောင် မပျက်ဘူး။

'အမယ် . . . တကယ်လား။ ကလေးထိန်းတာ ကျွန်မ သိပ်ဝါသနာပါတယ် ဆာမကြီးရဲ့။ အထည် လပေးရောင်းရတာလည်း အကြွေးက မှန်မှန်မရဘူး။ သူတို့ကို ချမ်းသာလွန်းလို့ လိုက်'ဝေ' ထားတယ်များမှတ်နေကြလား မသိဘူး။ ပိုက်ဆံလာတောင်းတဲ့ သူကို ပြန်ကြည့်တဲ့မျက်နှာတွေက သေတော့မယ့်အတိုင်းပဲ။ တော်ပြီ ဒီတစ်ခါ ပစ္စည်းပြတ်ရင်မူကြိုကျောင်းပဲ ဖွင့်စားတော့မယ်နော်။ ဆာမကြီးတို့ပဲ 'မိုက်' တယ်'

သူ ဘာကို ဆိုလိုနေတယ်ဆိုတာ သူ့မျက်လုံးတွေကို ကြည့်တာနဲ့ ကျွန်မသိနေပြီ။ တော်ပါပြီ။ ဆက်မပြောပါနဲ့တော့။ မြန်မြန် ပြန်

http://www.cherrythitsar.org



ပါတော့အေ။ စိတ်ထဲက တနင်တည်း နင်နေတဲ့ အချိန် သူက ထိုင်ရာက ထလိုက်လို့ ကျွန်မဝမ်းသာသွားပါတယ်။ ပြန် . . . ပြန်၊ ရှုပ်တယ်။ ဒါ ပေမယ့် မပြန်ခင် မတ်တတ်ကြီး ရပ်ပြီး ပြောနေပြန်ရော။

'ဒါနဲ့ ဟိုဖက် လမ်းထောင့်တိုက်က သဘော်သား မိန်းမက သူ့သားလေးကို ဒီလကုန်ပြီးရင် မထားတော့ဘူး ဆိုပါလား'

'မထားတော့လည်း နေပေါ့အေ'

ကျွန်မ ဟင်းပန်းကန်တွေကို ကြောင်အိမ်ထဲ သိမ်းရင်း အရေး မကြီးသလို တုံ့ပြန်လိုက်ပေမယ့် ရင်ထဲမှာတော့ 'ဒိန်း' ခနဲ ဖြစ်သွားပါ တယ်။ ဘာကြောင့် မထားတော့တာလဲ။ ဘာမကျေနပ်လို့လဲ။ ဒီမှာ ထား ရတာ ဘာ အဆင်မပြေလို့လဲ။ ဒီကအကြောင်းတွေကိုများ ဒီမိန်းမ ဖောက် သည်ချလိုက်ပြီလား။ တွေးရင်းနဲ့ နားထင်နားရင်းတွေတောင် ထူပူလာ ပါလေရော။

'ဟုတ်တယ် အမေရဲ့၊ ဇာနည်ပိုင်စိုးဝေရဲ့ အဖေက နိုင်ငံခြား ပြန်ထွက်မှာမို့ သူတို့သားအမိက မြို့ထဲက အမေ့အိမ်ကို ရွှေ့နေပြီး ဒီအိမ် ကို အငှားထားခဲ့မယ်တဲ့။ မနက်က အမေ ဈေးသွားတုန်းပြောသွားတာ'

ဟင်း . . . တော်ပါသေးရဲ့။ ခုမှပဲ ရင်ထဲက အလုံးကြီးကျ သွားတော့တယ်။ ဒါပေမယ့် ဟိုးအောက်အထိ ရှင်းရှင်းလင်းလင်း ကျသွား တာတော့ မဟုတ်ဘဲ လမ်းခုလတ်တင် တန့်နေတာကတော့ တစ်ခုခုကို နှမြောနေတာကြောင့်လား။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ်လေ။ ခုလောလော ဆယ်မှာတော့ မနက်ဖြန် ဟိုသားအဖတွေအတွက် ထမင်းဘူးထည့်ပေးဖို့ ဟင်းတွေကို သပ်သပ်ဖယ်ပြီး ကြောင်အိမ်ထဲ သိမ်းထားတာကို 'ဆာမကြီး' လို့ ခပ်လှောင်လှောင် ခေါ်နေတဲ့ 'အငယ်ထွေး' မြင်တွေ့ မသွားဖို့ အရေး ကြီးတယ်။

**နဝဒေးမဂ္ဂဇင်း၊ ဩဂုတ်လ၊ ၂၀၀၀**

http://www.cherrythitsar.org

# မဟူရာရောင်ပြကွက်များ



http://www.cherrythitsar.org

# မဟူရာရောင်ပြကွက်များ

မနက်မိုးလင်းပြီဆိုတာနဲ့ကို ညီထွေးလေးငိုသံ၊ အစ်မအေးစန်းကို အမေဆူငေါက်သံ၊ အမေဆူလို့ အမအေးစန်း ဆောင့်အောင့်သံတွေနဲ့တင် မှန်းလို့ ရနေပါပြီ။

ဒီကြားထဲ ဖိမ်ပျက်သွားတဲ့ အဖေရဲ့ အရက်ခိုးရှိန်မပြေသေးတဲ့ အသံနက်ကြီးနဲ့ အော်ဆဲတဲ့အသံကြီးကိုပါ ကြားလိုက်လို့ကတော့ ကျွန်တော် ဘယ်လိုမှ ဆက်အိပ်လို့ မရတော့ဘဲ အိပ်ရာထဲက ငေါက်ခနဲ ထထိုင်မိပါတော့တယ်။

ထပြီးတာနဲ့ ခြင်ထောင်အပြင်ထွက် (တစ်ခါတစ်လေ ကြောင်တစ်ကောင် အာမထိ လျှာမထိ ဝင်လို့ထွက်လို့ရတဲ့ ခြင်ထောင်က အပေါက်နဲ့ ကျွန်တော်ခေါင်းစွပ်မိနေလို့ စိတ်ရှည်လက်ရှည်ဖြုတ်နေရတာတော့ ရှိတတ်တာပေါ့) အဲ ကမန်းကတန်းအထွက်မှာ ဆောင့်ဆွဲမိလို့ ဗြိခနဲထပ်ပြဲရင်တော့ ချုပ်တဲ့ဖက်ကို ပြန်မလှည့်နိုင်သေးတဲ့ အမေ့ သံမဏိလက်ဆစ်တွေက ကျွန်တော်ခေါင်းကိုလာပြီး မိတ်ဆက်တတ်ကြပါတယ်။

ဒါကြောင့် သတိထားပြီး လွတ်အောင် မ,ထွက်တော့ အန္တရာယ်ကင်းတာပေါ့။ ပြီးတော့ အိပ်ရာနဲ့ သုံးလေးလှမ်းပဲ ဝေးတဲ့ အိမ်ရာနောက်ဖေးကပြင်စပ်ကိုဆင်း၊ ဆားနဲ့သွားတိုက်၊ မျက်နှာသစ်ပြီးရင် ကျွန်တော်အနေနဲ့ မနက်စာစားဖို့ အဆင်သင့်ဖြစ်နေပြီပဲ။

'အမေ့ဗိုက်ဆာနေပြီ၊ ဘာစားရမလဲ'

ဒီတော့ ကျွန်တော်အောက် မိငယ်ကလည်း သံယောင်လိုက်ပြီး၊

'မေ့ ဗိုက်ချာနေပြီ၊ ဘာချားရမလဲ'

လို့ ကုန်းအော်တော့တာ။

စားစရာ အဆင်သင့်ရှိတဲ့နေ့ဆို 'ရော့ . . . ဂွပ်' ဆိုပြီး ထမင်းကြမ်းနဲ့ ပဲပြုတ်ပန်းကန် ရောက်လာတာပဲ။ အမေကလည်း ဘာတွေ စိတ်တိုနေမှန်းမသိဘူး။ ဘာပဲဖြစ်ဖြစ်လေ ကျွန်တော်တို့ကတော့ စားရဖို့အဓိကပဲ၊ ဘယ်လို ကျွေးကျွေးပါ။ အဲအဆင်သင့် မပြင်ရသေးတဲ့နေ့ဆိုရင်တော့လား။

'မျက်လုံးပွင့်လာတာနဲ့ ပါးစပ်တွေပါ ဟပြီး ထလာကြ သိလား၊ နင်တို့နဲ့ကတော့ ငါသေချင်တယ်။ အလိုက်ကန်းဆိုး မသိတဲ့ဟာတွေ ဘာဖြစ်တယ်။ ညာဖြစ်တယ်' နဲ့ အမေ့ဆူသံ ပူသံကို အရင်နာခံကြရသေးတာပေါ့။ ကျွန်တော် တို့ကတော့ ရိုးနေပြီလေ။

တစ်အောင့်လောက်နေရင် အဖေလည်း အလုပ်သွား။ အမေလည်း ဈေးရောင်းထွက်၊ ကျွန်တော်တို့ မောင်နှမလေးယောက်ပဲ ကျန်ခဲ့ရော။

အဲဒီ အချိန်ကစပြီး ကျွန်တော်တို့ အဖို့ လွတ်လပ်ပျော်ရွှင်စရာကမ္ဘာလေး ဖြစ်သွားတော့တာပါပဲ။

http://www.cherrythitsar.org



စိတ်တိုင်းကျ ဆော့ကြ၊ ဆာရင် အေးစန်းကို ဂျီကျပြီး သူထည့်ပေးတဲ့ ထမင်းကို စားကြ၊ ပြီးတော့ အိပ်ကြ၊ နိုးတော့ ထဆော့ကြနဲ့ ညနေတိုင်ရော။ ညနေ အမေပြန်လာတော့ ပါတာလေးနဲ့ ချက်ပြုတ်စားကြ။ (ထုံးစံအတိုင်း အအော်အငေါက်၊ အဆူအဆဲလေးနဲ့ပဲလေ) အဖေက အဖော်လေးနဲ့ ပြန်လာတဲ့အခါ အမေနဲ့ စကားများကြ၊ ကျွန်တော်တို့လည်း ကြားနေကျအသံကို နားဝင်ပီယံဖြစ်ရင်း အိပ်ရာဝင်ကြရတာပါပဲ။

အိပ်ပျော်သွားတော့ အိပ်မက်ထဲမှာ ကျွန်တော်အားလုံးကို မြင်ရတယ်။ မှန်ထဲမှာ တွေ့ရတဲ့ ကျွန်တော်ကလည်း သိပ်ကို ကြည့်လို့ကောင်းတာပဲ။ ဘယ်လိုပုံစံလဲ ဆိုတာ ပြန်ပြောမပြတတ်ပေမယ့် လှတာတော့ အမှန်ပဲ။

ဒါပေမယ့် ကျွန်တော် အိပ်မက်ကလေးဟာ မကြာခဏ ပျက်စီးရပြန်ပါတယ်။ တရေးနိုးမှ ထနွှဲကြတဲ့ အဖေနဲ့အမေရဲ့ ရန်ပွဲကြောင့်ပါပဲ။

*

'ဟဲ့ ဖိုးချစ် . . . ငါတို့ ဗီဒီယို သွားကြည့်မလို့ နင်အိမ်စောင့်'

အဲဒီ အစ်မ အေးစန်းဟာလေ မရမှန်းသိရက်သားနဲ့ ကျွန်တော်ကို အမြဲတမ်းအဲသလို ပြောတတ်တာကို သိပ်စိတ်တိုတာပဲ။ သူ့စကားဆုံးတာနဲ့ လက်ထဲမှာ ဆော့နေတဲ့ သားရေကွင်းတွေကို ပစ်ချပြီး အိမ်ရှေ့လှေကားကဆင်း၊ ဖိနပ်ရှာစီးပြီး လမ်းပေါ်ထွက်ဖို့ အဆင်သင့် ဖြစ်သွားတဲ့ ကျွန်တော်ကိုလည်း အမြဲတမ်း ရယ်တတ်တယ်။ ဘာရမလဲ။

ကျွန်တော်ကို ထားခဲ့ပြီး သူတို့ ဗီဒီယိုသွားကြည့်ရရိုး ထုံးစံမှ မရှိတာ။

http://www.cherrythitsar.org



နောက်ဆုံးတော့ မိငယ်ကို ကျွန်တော်လက်တွဲ ညီထွေးလေးကို အေးစန်းကချီလို့ ဗီဒီယိုရုံကို လေးယောက်သား ချီတတ်ကြတော့တာပဲ။

ရုံဝကို ဝင်ကတည်းက အထဲက အသံတွေကို တဝေါဝေါနဲ့ ကြားနေရလို့ အထဲဝင်ချင်လှတဲ့ ကျွန်တော်က ခုန်ဆွခုန်ဆွ လုပ်နေမိတယ်။

အေးစန်းကတော့ ရုံဝမှာ ပြဿနာရှင်းတုန်း။

'ဟော့ နင်တို့ လေးယောက်ကို နှစ်ယောက်စာပဲ ပေးထားတာနော်။ ကလေးတွေ ငိုရင်တော့ ပြန်ထွက်ရမယ်။ ပြီးတော့ ရုံထဲမှာ ညစ်ညစ်ပတ်ပတ် မဖြစ်စေနဲ့ အမှိုက်မဖွနဲ့'

'အင်းပါ ဦးလေးကြီးကလည်း ဒါပဲ လာတိုင်းပြောနေတာပဲ'

အဲဒါကလည်း အေးစန်းအမြဲ ပြောနေကျစကားပဲလေ။ ဒီလိုနဲ့ ကျွန်တော်တို့အထဲမှာ နေရာရတော့ အေးစန်းကို ကျွန်တော့်နားကပ်ထိုင်ဖို့ ဆွဲထားရသေးတယ်။

ဒါမှ . . . ။

'ဟယ် ထက်ထက်မိုးဦး ချစ်စရာလေးတော့'

'ချစ်စရာလေးဆိုပြီး ရပ်မထားနဲ့လေဟာ၊ အခု သူဘာလုပ်နေလဲ ပြောဦး'

အေးစန်းက အဲဒီလိုသတိမပေးရင် မရဘူး။

သူ့ဘာသာ ဇာတ်လမ်းထဲ စိတ်ဝင်စားသွားပြီး အသံတိတ်နေတတ်တာကိုး။

'အခု လွယ်အိတ်လေး ကျောပိုးလျှောက်လာတာဟာ။ ဟော ဟော ဒွေးက နောက်က ပြိုင်စက်ဘီးလေးနဲ့ လိုက်လာတာ၊ ဟယ် ဒွေး အင်္ကျီလေးက အနီရဲလေး လှလိုက်တာ'

http://www.cherrythitsar.org



အဲဒီအချိန် ဒွေးရဲ့အသံပေါ်လာလို့ အေးစန်းကို 'တိတ်တော့'ဆိုတဲ့ သဘောနဲ့ သူ့ပေါင်ကိုလှမ်းပုတ်ရပြန်ရော၊ ဇာတ်လမ်းထဲက အသံတိတ်သွားရင် 'ဘာလဲ ဘာလဲ' နဲ့ မေးရပြန်ရော။

ကြာတော့ ဘေးလူတွေငေါက်တာ ခံရတာပေါ့။

'ဒီကလေးတွေ ကလည်း ဆူလိုက်တာ၊ ကောင်းကောင်းကို မကြည့်ရဘူး။ တစ်ချိန်လုံး အသံထွက်နေတာပဲ'

ဆိုပြီး ငြူစူကြတယ်။

ဓာတ်သိတွေကတော့ . . .

'ဩော် ဖိုးချစ်တို့ အဖွဲ့ကိုး' ဆိုပြီး ဘာမှ မပြောကြတော့ဘူး၊ အေးစန်းခမျာလည်း ဒီလိုပြော ပြပေးရလို့ တစ်ခါမှ မညည်းရှာပါဘူး။ 'ဟော တစ်ယောက်နဲ့တစ်ယောက် ကြည့်နေကြပြန်ပြီ။ အဲ ပန်းပန်ပေးနေတာ' 'ဟားဟားပြေးရင်းနဲ့ ချော်လဲသွားလို့ ထူပေးနေတာ' 'အမလေး ကြူကြူသင်းကြီးက ဝလိုက်တာ၊ ချစ်စရာက ပုပုသေးသေး' ဆိုတဲ့အသံတွေကို နားထောင်ပြီးတော့ ကျွန်တော်က သဘောကျလို့ လက်ခုပ်လက်ဝါးတီးပြီး ရယ်နေရင် သူကျေနပ်နေတာပဲ။

ကျွန်တော်တို့ ဗီဒီယိုကြည့်ပြီး ပြန်လာရင်တော့ အိမ်နားက ကွမ်းယာဆိုင်က ဒေါ်မြကြီးကို ကျွန်တော်က ဇာတ်လမ်းပြန်ပြောနေကျလေ။

ဘယ်မင်းသားက ဘယ်လိုမျိုး ဝတ်စားပြီး၊ ဘယ်မင်းသမီးက ဘယ်လိုလှတာ။ ဇာတ်လမ်းထဲက စကားပြောတွေ ဘာတွေကို ကျွန်တော်က အမူအရာနဲ့ပြန်လုပ်ပြတာကို သူက သိပ်သဘောကျတာကလား။

သူပြောနေတတ်တဲ့ 'အကျိုးဆော့၊ အကန်းမော့ ဆိုတာများ သိပ်မှန်တာဘဲ မျက်စိသာမမြင်တာ၊ ဗီဒီယိုသွားကြည့်ပြီး ပြန်ပြောလိုက်တာ ညွှန့်လို့ ' ဆိုတဲ့ ချီးကျူးစကားကို နားထောင်ပြီး ကျွန်တော်လည်း မိငယ်

http://www.cherrythitsar.org



လေး လက်ဆွဲလို့ မြောက်ကြွ၊ မြောက်ကြွတမင်လုပ်လျှောက်ပြီး ပြန်လာခဲ့တာပေါ့။

*

ကျွန်တော်နေတဲ့အိမ်က အလုပ်သမားတန်းလျားလို့ ပြောတာပဲ။ ဟိုဘက်ခန်း၊ ဒီဖက်ခန်းကပ်လျှက် အိမ်ခန်းမှာနေတဲ့လူတွေ အများကြီးတဲ့၊ ကျွန်တော်တို့အိမ်ရှေ့မှာ ရုံးကြီးတစ်ခု ရှိတယ်။ အဲဒါရဲ့ဘေးကနေ ပတ်ပြီး ထွက်မှလမ်းမပေါ်ကို ရောက်တာ။

ကျွန်တော်ကတော့ ကိုယ့်အမှတ်သားနဲ့ကိုယ် သွားနေကျဆိုတော့ လမ်းမမှားတော့ပါဘူး။ လက်တွေနဲ့အသာစမ်း၊ ခြေထောက်နဲ့လည်း မြေအပျော့အမာ၊ မြက်ပင်၊ ခဲလုံးတွေကို စမ်းနင်းရင်း သွားတတ်နေလို့ အဆင်ပြေပါတယ်။ လမ်းပေါ်ရောက်တော့ မိငယ်ကို အားကိုးရတာပေါ့။ သူက စကားသိပ်မပီသေးတော့ 'ဂျိဖက်ရာ' ဆိုတဲ့ သူ့အသံကိုနားထောင်ပြီး သူဆွဲခေါ်ရာ လိုက်လျှောက်လိုက်ရင် အန္တရာယ်ကင်းတာပဲလေ။ ကျွန်တော်တို့ အမြဲတမ်း ဆော့နေကျနေရာကတော့ ဒေါ်မြကြီးရဲ့ ကွမ်းယာဆိုင်ဘေးက ကွက်လပ်ကလေးပေါ့။ ဝိုင်းကြီးပတ်ပတ် ဒူဝေဝေတို့၊ မျက်စိမှိတ်စိန်ပြေးတမ်း၊ ခေါင်းပုတ်တမ်းတို့ဆိုရင်တော့ကျွန်တော် ပါဝင်ကစားလို့ရတာပေါ့။ များသောအားဖြင့်တော့ သူတို့ကစားနေတာကို ကျွန်တော် ထိုင်ကြည့် ( အဲလေ) ထိုင်နားထောင်နေတာများပါတယ်။ ဒါပေမယ့် သူတို့ရယ်ရင်လိုက်ရယ်၊ သူတို့ ငြင်းရင်ငြင်းရတာ ပျော်စရာကောင်းတယ်။

သူငယ်ချင်းတွေကလည်း ကျွန်တော်ကို ခေါ်ခေါ်ကစားကြပါတယ်။ အချို့ကောင်တွေကတော့ ကျွန်တော်ကိုမမြင်ဘူးဆိုပြီး အနိုင်ကျင့်ချင်တယ်။ ဒါဆိုဒေါ်မြကြီးကို လှမ်းတိုင်လိုက်ရင် သူတို့အအော်ခံရတော့

http://www.cherrythitsar.org



တာပဲ။တစ်ခါတလေ ကျွန်တော်ကလည်း သူတို့မြင်တာကို မေ့မေ့သွားပြီး ကိုယ့်လိုပဲမှတ်လို့ ပြောမိတာတွေ ရှိတာပေါ့။ တစ်ခါတလေလည်း ကျွန်တော်မမြင်တာကို မေ့နေပြန်ရော။

ဟိုး တစ်လောတုန်းက စွန်လွှတ်ကြတော့ ကျွန်တော်လည်း လွှတ်ချင်တာနဲ့ အတူကစားနေတဲ့ သံချောင်းဆီကတောင်းပြီး စွန်လွှတ်သင်သေးတယ်။ကျွန်တော့်ကို ရစ်ဘီးကိုင်ထားခိုင်းပြီး သံချောင်းကစွန်ကိုဆွဲပြေးတယ်လေ။ ဟိုးခပ်ဝေးဝေးရောက်တော့ သူက 'ထိုးပြီဟေ့' လို့ဆိုပြီး လှမ်းအော်တာနဲ့ ကျွန်တော်က( သူသင်ပေးသလို) ရစ်ဘီးကို နာနာရစ်တော့တာ။ ရစ်ဘီးက'လေး' ပြီးတော့ အပေါ်ဘက်ကို အဆွဲခံရသလို တင်းသွားချိန်မှာ သံချောင်းက 'ဟေး . . .ဟုတ်ပြီ၊ ပြန်လျှော့၊ ပြန်ရစ်၊ ကြိုးကိုကိုင်ပြီး ဆောင့်ဆွဲလိုက်' ဆိုပြီး အမျိုးမျိုးသင်ပေးတာပါပဲ။

ဒါပေမယ့် ခဏနေတော့ 'ထန့်' ခနဲအသံနဲ့ အတူ စွန်ကပြန်ကျလာပြီး မြေကြီးပေါ်မှာ တရွတ်တိုက်သံကြားရတော့ ကျွန်တော် ကိုယ့်ကိုယ်ကိုယ် အားမလိုအားမရ ဖြစ်မိတာပေါ့။ အဲဒီအချိန်မှာ တစ်ခန်းကျော်က ဦးလေးကြည်ရဲ့ ' ဟာ ဖိုးချစ် လွှတ်နေတဲ့စွန်က ဟိုကအနီလေးလား။ ဟား မိုးပေါ်မှာ ဝဲနေလိုက်တာများ လှလိုက်တာကွာ၊ ကြည့်ကြစမ်းဟေ့' ဆိုတဲ့အသံကိုကျွန်တော်က'ဟင်မဟုတ်ပါဘူး။ ကျွန်တော့်စွန်ကဒီအောက်မှာဆိုပြီး ပြန်ဖြေရှင်းနေမိသေးတာ။ နောက်တော့မှ တမင်ပြောမှန်း သိပြီး ရှက်ရယ်ရယ်လိုက်ရတော့တယ်။

တောက် ကျွန်တော့်မျက်စိများ မြင်လိုက်လို့ကတော့ ဟိုးကောင်းကင်အမြင့်ကြီးအထိတက်သွားအောင် စွန်လွှတ်ပစ်လိုက်မှာ။ ခုတော့ . . .

သံချောင်းတို့၊ အောင်ကျော်ဝင်းတို့ဆို ကျွန်တော်နဲ့ရွယ်တူပဲ။ ခု သူတို့သုံးတန်းတောင် ရောက်နေကြပြီ။ ကျွန်တော်လည်း မြင်ရရင်

http://www.cherrythitsar.org



သုံးတန်း တက်ရမှာ။ သူတို့ အော်အော်ကျက်နေတဲ့ စာတွေ ကျွန်တော် အကုန်အလွတ်ရနေတာပဲ ။ လွယ်လွယ်လေးတွေပါဗျာ။

*

'အမေ သားကျောင်းနေချင်တယ်'

ဒါဟာ ကျွန်တော်အမေ့ကို ပူဆာနေကျစကားဖြစ်တဲ့အပြင် အမေကလည်း 'ကြီးကျယ်လိုက်တာ သူက' ဆိုပြီး ကိစ္စပြတ်ပြတ်သွားတာ ထုံးစံလို ဖြစ်နေပါပြီ။ကျွန်တော်ကတော့ စိတ်ထဲမှာဖြစ်လာတိုင်း ခဏ ခဏပြောနေမိတာပဲ။ ဒီနေ့တော့ အမေ့ဆီက ခါတိုင်းလိုမဟုတ်ဘဲ 'တကယ်နော်' ဆိုတဲ့ အသံကိုကြားလိုက်ရလို့ ကျွန်တော်အံ့ဩစွာနဲ့ 'တကယ်နေချင်တာ' လို့ ဖြေလိုက်မိပါတယ်။

'သားက အမေတို့နဲ့ ခွဲနေနိုင်လို့လား' တဲ့။

သံချောင်းတို့လိုမျိုး ကျောင်းမဟုတ်ဘူးလားဆိုတော့'မဟုတ် ဘူး၊ မျက်မမြင်ကျောင်းမှာ သွားနေရမှာ' တဲ့။ ဟိုမှာ အားလုံးမျက်မမြင် တွေချည်းပဲတဲ့။ တစ်ချို့ ဆရာတွေဆို သူတို့လည်းမမြင်ကြဘူးဆိုပဲ။

ဒီနောက်ပိုင်းတော့ ကျွန်တော်မက်တဲ့အိပ်မက်တွေဟာ 'ကျောင်း အိပ်မက်' တွေပဲ။ ညစဉ်ရက်ဆက်ပေါ့။ အဖေတို့၊ အမေတို့နဲ့ ခွဲနေရမှာမို့ တစ်မျိုးကြီးတော့ ဖြစ်နေသား။ ဟိုကျရင်အေးစန်းလို ကျွန်တော်ကို ဘေး ကနေတဖွဖွ ပြောပေးမယ့်သူ ရှိပါ့မလား။ မိငယ်လေးကို လက်တွဲ လျှောက် ပြီး လမ်းပြပေးမယ့်သူ ရှိပါ့မလား။

အဲဒီစိတ်တွေ အကုန်လုံးကို စာတတ်ချင်တဲ့စိတ်က အနိုင်ယူသွား ပါတယ်။ သံချောင်းတို့ကို 'ငါကျောင်းနေရတော့မှာ' လို့ ထုတ်ကြွားနေမိ

http://www.cherrythitsar.org



တယ်။ အောင်ကျော်ဝင်းတို့လို အင်္ဂလိပ်စာတွေ ဘာတွေလည်း ကျွန်တော် တတ်တော့မှာလေ။

အဖေနဲ့အမေလည်း ကျွန်တော်ကိစ္စနဲ့တိုင်ပင်ကြ၊ ဆွေးနွေးကြ၊ တစ်ယောက်တစ်ပြန် အော်ဟစ်ငြင်းခုန်ကြနဲ့ပေါ့။ အဖေက မူးလာရင် 'ငါ့သားကြီးနဲ့ မခွဲဘူး' ဆိုပြီးပြောပေမဲ့ အမူးပြေပြန်တော့ 'သားကျောင်းသွားတက်မှ လူရာဝင်မှာ' လို့ပြောပြန်ရော။

နောက်အမေက ကျွန်တော့်ကို အင်္ကျီအသစ်ဝတ်ပေးပြီး ခေါင်းဖြီးပေးတော့ 'အခု ကျောင်းသွားရတော့မှာလား' လို့ မေးမိပါတယ်။ 'မဟုတ်သေးဘူး၊ ဓာတ်ပုံဆိုင်' တဲ့။

ဟိုရောက်တော့ လူတစ်ယောက်က ကျွန်တော့်ကို ခုံတစ်လုံးပေါ် ထိုင်ခိုင်းပြီး ခေါင်းကို ဟိုလိုတည့်လိုက်ဦး၊ ဒီလိုစောင်းလိုက်ဦး၊ ခါးနည်းနည်း ဆန့်လိုက်ဦးနဲ့ လုပ်ရင်း ခဏနေတော့ပြီးပြီ။ ဆင်းလို့ရပြီ တဲ့။ ဟင် အဲဒါ ဓာတ်ပုံရိုက်တာ၊ ဘယ်လိုပါလိမ့်၊ ကျွန်တော့်ဘဝမှာ တစ်ခါမှ ဓာတ်ပုံမရိုက်ဘူးပါဘူး၊ ဓာတ်ပုံရိုက်တာ နာလည်းမနာဘူး၊ သိတောင် မသိလိုက်ရဘူးနော်။ နောက်တစ်နေ့ ကျွန်တော်ဓာတ်ပုံဆိုပြီး အမေပြလို့ စမ်းကြည့်လိုက်တော့ လက်မလောက်ရှိတဲ့ ကတ်ပြားလေးတွေကို 'အဲဒါ သားဓာတ်ပုံ ' တဲ့။ ကျွန်တော်စိတ်မှန်းနဲ့ကြည့်လိုက်ပါတယ်။ အိပ်မက်ထဲကအတိုင်း ကျွန်တော် ချောမှချော။

ကလေးထိန်းမယ့်သူမရှိလို့ တစ်တန်းနဲ့ကျောင်းထွက်ထားရတဲ့ အေးစန်းကလည်း 'ငါလည်းနင့်လို ကျောင်းနေချင်လိုက်တာ ဖိုးချစ်ရယ်' တဲ့။ သနားပါတယ်နော်။

ကျွန်တော် ကျောင်းသွားတဲ့နေ့မနက်က တန်းလျားတစ်ခုလုံးရော၊ ကွမ်းယာဆိုင်က ဒေါ်မြကြီးကိုရော၊ သူငယ်ချင်းတွေကိုရော လိုက်

http://www.cherrythitsar.org



နှုတ်ဆက်ပစ်လိုက်တယ်။ သူတို့အားလုံးလည်းဝမ်းသာကြလို့။

ကျောင်းရောက်တော့ အဖေက

'ဆရာမတွေမေးရင် သွက်သွက်လက်လက်ဖြေနော်၊ သင်ရင် သေသေချာချာနားထောင်နော်၊ အဖေတို့လာရင် ဆိုပြရမယ်နော်' နဲ့ အားပေးလို့။ အမေကတော့ မျက်ရည်တွေ၊ နှာရည်ညှစ်ပြီး အသံ တုန်တုန်နဲ့ . . .

'သားကြီး မကြောက်နဲ့နော်၊ အမေခဏခဏ လာတွေ့မယ်၊ မငို နဲ့နော်'

ဆိုပြီးပြောမှ ကျွန်တော်ကငိုချင်လာရော။ ဒါပေမယ့် ကျောင်း မနေရမှာစိုးတာနဲ့ပဲ မငိုမိအောင် နေလိုက်ရတယ်။

ကျောင်းမှာဆရာမတွေက ကျွန်တော်ကိုချစ်ကြတယ်။ စာ တော်တယ်လို့လည်း ခဏခဏ ချီးကျူးကြတယ်။ စာက မရရှင်မှ အဆိုး လေ။ အရင်ကသူများတွေဆိုတဲ့ စာတွေ ကျွန်တော်က အကုန်မှတ်ထားခဲ့ တာကိုး။

ဒါပေမယ့် စည်းကမ်းနဲ့နေရတော့ နည်းနည်းစိတ်ညစ်တာပေါ့။ အိမ်ကိုလည်း လွမ်းတယ်လေ။ ဆော့ချင်တိုင်း မဆော့ရတဲ့ အခါကျ အမေ လာတွေ့ရင် ပြန်လိုက်ချင်တယ်။ နောက်တော့ အမေက ပစ္စည်းတွေ၊ စား စရာတွေပေးခဲ့ပြီး ပြန်ပြန်သွားတယ်လို့ ဆရာမက ပြောတာပဲ။ ဒါပေမယ့် ကျွန်တော်သိပါတယ် အမေ တိတ်တိတ်ကလေး အသံမထွက်ဘဲ ငိုမ်နေ တာကိုလေ။

ဒါနဲ့ပဲ အမေ့အသံကိုကြားချင်၊ အမေနဲ့ စကားပြောချင်တာနဲ့ 'အိမ်မပြန်ချင်ဘူး' လို့ ဆရာမကိုညာပြောလိုက်ရတာပေ့ါ။ ဒီတော့မှ နောက် တစ်ပတ်မှာ အမေနဲ့တွေ့ရတာ။

http://www.cherrythitsar.org



အစ်မအေးစန်းနဲ့ညီလေး၊ ညီမလေးတွေကို သတိရလို့ နောက်တစ်ခါလာရင် ခေါ်ခဲ့ဖို့ အမေ့ကို မှာရတာ အမောပါပဲ။

တစ်ရက်တော့ အမေက

'သားဖိုးချစ်၊ ဒါဘယ်သူလဲ မှန်းကြည့်စမ်း'

ဆိုပြီး ကျွန်တော့်လက်တွေနဲ့ တစ်ခုခုကို ထိပေးတယ်။ အေးစက်နေတဲ့ လက်ချောင်း ပိန်ပိန်သွယ်သွယ်လေးတွေကို ကျွန်တော် လူမှန်းသိတတ်စကတည်းက ရင်းနှီးခဲ့တာပဲ ဥစ္စာ။

'သိတယ် အစ်မအေးစန်း'

ဒီတော့မှ အစ်မအေးစန်းက ကျွန်တော့်လက်တွေကို ဖျစ်ညစ်ဆုပ်ကိုင်ရင်း စကားပြောလာပါတယ်။

'ဖိုးချစ်ရယ် နင်ကဝတုတ်နေတာပဲ အသားတွေတောင် ပိုဖြူလာတယ်ဟ' တဲ့။

ကျွန်တော်တို့ မောင်နှမနှစ်ယောက် မတွေ့ရတာကြာလို့ စကားတွေပြောလိုက်ကြတာ ဘယ်လောက်ကြာသွားလဲဆို ကျွန်တော်တို့ ထမင်းစားချိန်နီးလို့ ခေါင်းလောင်းထိုးမှပဲ။ ဒါတောင် ပြောလို့မဝသေးလို့ အမေ့ကိုနောက်တစ်ပတ်ကျ အေးစန်းကိုလည်း ခေါ်ခဲ့ပါဦးလို့ မှာရသေးတယ်။

အေးစန်းက အတော်ရယ်ရတာပဲ။ ကျွန်တော်တို့ကျောင်းမှာ သင်ပေးသမျှ၊ နေရစားရသမျှတွေ ပြောပြတိုင်း 'ဟယ်၊ ဟုတ်လား' 'ဟယ်၊ ဟုတ်လား' နဲ့ ဒီကျောင်းက ဆရာ၊ ဆရာမတွေနဲ့ မျက်မမြင် သူငယ်ချင်းတွေအကြောင်း ပြောပြတော့လည်း သဘောတွေ ကျလို့။

သူကလည်း အိမ်အကြောင်း၊ အဖေက အလုပ်အကိုင် မကောင်းရတဲ့အထဲ အရက်ချည်းပဲ ဖိသောက်၊ အမေကျတော့ ကိုယ်ဝန်ကြီးနဲ့တဲ့ကြည့်စမ်း၊ ကျွန်တော့်ကိုတော့ မပြောဘူး၊ ရှက်လို့နေမှာ။ ဒါဖြင့် အိမ်မှာ

http://www.cherrythitsar.org



ဈေးရောင်းဘယ်သူ ထွက်ပါလိမ့်၊ အေးစန်းကလည်း ညီလေး၊ ညီမလေး တွေကို ထိန်းရသေးတာလေ။ သူကလည်း ဈေးရောင်းတတ်မယ် မထင်ပါ ဘူး။ အမေကဆို သူ့ကို 'ဝမ်းတွင်းရူး' 'ဝမ်းတွင်းရူး' နဲ့ ခေါ်သေးတယ်။

ခုပဲကြည့်။ ပြန်ခါနီးကို အော်ပြောသွားသေးတယ်။ အမေက 'တယ် ဒီကောင်မလေး မရူးမကောင်းနဲ့ ပေါက်ကရပြောဦး' ဆိုပြီး ဗျတ် ကနဲလှမ်းချလိုက်သံ ကြားလိုက်ရရဲ့။ သူပြောတာက . . . 'ဖိုးချစ်ရယ် ငါတောင် မျက်မမြင် ဖြစ်ချင်လိုက်တာဟယ်' တဲ့ ။ ကဲ . . . မရယ်ရ ဘူးလား။

**ရုပ်ရှင်တေးကဗျာ၊ ဇန်နဝါရီ၊ ၂၀၀၁။**

http://www.cherrythitsar.org

# အိမ်သူ



http://www.cherrythitsar.org

# အိမ်သူ

'လာ ခင်လေး'

လက်ဖျားကလေးကို ဖျစ်ညစ်အားပေးရင်း ဆွဲခေါ်လိုက်သော ကိုကို့နောက်သို့ သူမလိုက်ဝင်ခဲ့သည်။ ယခင်က ဧည့်သည်အဖြစ် သုံးလေးခေါက်ရောက်ဖူးသော သည်အိမ်ကြီးသို့ ယခုတော့ အိမ်သားတစ်ယောက်အဖြစ်နှင့် သူမစတင်ရောက်ရှိခဲ့ပေပြီ။

မင်္ဂလာဆောင်ပြီးကတည်းက မိဘတွေနှင့် ချက်ချင်းမခွဲပါရစေနှင့်ဦးဟူသော သူမဆန္ဒကို အလိုလိုက်ကာ အိမ်ကျဉ်းကျဉ်းကလေးမှာ အိမ်သားများစွာကြားထဲ ကိုကိုအတော်ပင် သည်းညည်းခံ နေခဲ့ပုံပေါ်သည်။

အနေမကျုံ့ဘဲ ခံနိုင်ရိုးလား။ သူမတို့အိမ်မှာ စုစုပေါင်း လူက ၉ယောက်၊ အစ်ကို အိမ်ထောင်သည်ရော၊ အပျိုလူပျို မောင်ညီမတွေရော၊ ကလေးတွေရော ဆူညံဝေစည်လျက်၊ သူမတို့ ညားခါစ ဇနီးမောင်နှံမှာ အိပ်ချိန်ရောက်မှ အိပ်ရာခင်းခွင့်ရသည်။

http://www.cherrythitsar.org



လွတ်လွတ်လပ်လပ် မရှိသောကြောင့် ကိုကို့ မျက်နှာမသာယာ နိစ္စဓူဝ သူ့အိမ်သို့ ပြောင်းစကားသာ ပြောခဲ့သော ကိုကို။ ယခုတော့ သူ့ဆန္ဒပြည့်လေပြီ။ မိဘရင်ငွေ့က တစ်ဖဝါးမှ မခွာချင်ငြားလည်း ခင်ပွန်းသည် စိတ်ငြိုငြင်မည်စိုး၍ သူမလျှော့ပေးလိုက်ပါသည်။

ရောက်ရောက်ချင်း ယောက္ခမများက နွေးထွေးလှိုက်လှဲစွာ ကြိုဆိုကြသောကြောင့် သူမရင်ထဲက စိုးရိမ်ပူပန်မှုတို့ လွင့်ပြယ်သွားရ၏။

'အစကတည်းက မေမေတို့ ပြောပါတယ်ကွယ်။ ဒီမှာ လာနေကြပါဆိုတာ။ အခန်းတွေလဲ အများကြီး ကိုယ့်အခန်းနဲ့ကိုယ် လွတ်လွတ်လပ်လပ် ကြိုက်သလို နေလို့ရတယ်လေ။

'အေးလေကွာ၊ အိမ်က အကျယ်ကြီးပဲဥစ္စာ။ ဖေဖေတို့ ရှိနေလို့ဘာမှ စိတ်ကျဉ်းကျပ်နေစရာ မလိုဘူး'

ကိုကို့ဖခင်က ကွမ်းတမြုံ့မြုံ့နှင့် သဘောကောင်းသလို . . . ကိုကို့မိခင်ကလည်း နက်မှောင်သန်စွမ်းသော ဆံပင်ကို ဆံထုံးအက်အက်ကြီး ထုံးထားပြီး ဖော်ရွေလွန်းလှပေစွ။

'ဒါ ဖေဖေတို့အခန်းလေ . . . ဒါက ညီမလေး ထွေးထွေးအခန်း ကျူရှင်သွားနေတယ် ထင်ပါရဲ့။ လာ ခင်လေး၊ ဒါကိုကို့အခန်း ခုဆို ခင်လေးရဲ့ အခန်းဖြစ်သွားပြီ'

ကိုကိုက သော့ခတ်မထားသော အခန်းတံခါးလက်ကိုင်ဘုကို လှည့်ဖွင့်ရင်း အတွင်းသို့ဝင်လိုက်သည်။ ပြတင်းမှ အလင်းရောင်က အခန်းတစ်ခုလုံးပေါ်သို့ ဖြန့်ကျက်ကျရောက်နေသည်။ တစ်ယောက်အိပ်ခုတင်၊ စားပွဲ၊ ကုလားထိုင်နှင့် ဗီဒိုအပြင် အဝတ်များချိတ်ဆွဲထားသဖြင့် ကွေးညွတ်ကျနေသော ကြိုးတန်း၊ စားပွဲပေါ်မှာ တုံးလုံးလဲနေသော ရေမရှိတော့သော ပန်းအိုးနှင့် ပန်းခြောက်များ၊ အခန်းထောင့်မှာ ပြုတ်ကျနေသည့်

http://www.cherrythitsar.org



စာကလေးအသိုက်နှင့် စာမွေးများ၊ ခြင်ထောင်နှင့် အဝတ်တန်းကို ယက်ရှုယ်ထားသော ပင့်ကူအိမ်များကို အထင်းသားတွေ့နေရသဖြင့် သူမစိတ်ထဲ နောက်ကျိရှုပ်ထွေးသွားရသည်။ သူမတို့ အိမ်ကလေးသည် ကျဉ်းမြောင်းသည်မှာ မှန်ပါသည်။ သို့သော် စည်းစနစ်ကျလှသော မိဘများ၏ သွန်သင်ဆုံးမမှုအောက်တွင် သူမတို့ မောင်နှမအားလုံး အချိုးကျပုံစံ ဝင်ပြီးသား၊ ကိုယ်နေသည့် နေရာလေးတစ်ဝိုက်ကို သပ်ရပ်အောင် ပြုပြင်တတ်သည့် ပညာကို ကလေးဘဝကတည်းက ကျွမ်းကျင်ပိုင်နိုင်ပြီးသား။

'ကဲ ခင်လေး အေးအေးဆေးဆေး ထိုင်ဦး။ တော်ကြာ ပစ္စည်းကားရောက်လာမှ ကောင်လေးတွေနဲ့ ကိုကိုကြည့်စီစဉ်ပေးမယ်။ ခင်လေး မျက်နှာကလေးက နွမ်းလို့။ ဘာလဲ ကိုကို့အိမ်မှာ လိုက်နေရတာဆိုပြီး အားငယ်နေတာလား။ ဒါမှမဟုတ် ကိုကို့အခန်းရှုပ်ပွနေလို့လား။ ဟဲဟဲ။ အိမ်မှာက အိမ်ဖော်လည်း မရှိဘူး။ ဖေဖေ မေမေတို့ကလည်း အသက်ကြီးပြီဆိုတော့ အိမ်သန့်ရှင်းရေးကို ကိုတို့မောင်နှမပဲ လုပ်ရတာလေ။ ကိုကိုကလည်း ရုံးသွား၊ ထွေးထွေးကလည်း ကျောင်းသွားဆိုတော့ ဒီအတိုင်းဖြစ်ကုန်တာ ခင်လေးရဲ့'

သူမမျက်နှာ အရိပ်အကဲကို ကျွမ်းကျင်စွာ ဖတ်နိုင်သော ကိုကို၏ ဖာဖာထေးထေး ဆင်ခြေလေးများကို အားတုံ့အားနာစွာ နားထောင်ရင်း ခွင့်လွှတ်မှုဖြင့် ပြန်ပြောလိုက်သည်။

'ကိစ္စမရှိပါဘူး ကိုကိုရာ၊ ခုခင်လေးရောက်လာပြီပဲ၊ လောလောဆယ်ဆယ် အလုပ်ခန့်စာကလည်း မလာသေးတော့ ဒီအလုပ်တွေ ခင်လေး လုပ်ပေးလို့ရပါတယ်'

'ဟာ အဲဒီလိုလည်း မဟုတ်ပါဘူး။ ကိုယ့်မိန်းမ ပင်ပန်းမှာ ကိုကို မကြည့်ရက်ပါဘူးကွာ။ ရုံးပိတ်ရက်ကျရင် ကိုကိုပဲ လုပ်ပေးပါ့မယ်နော်'

http://www.cherrythitsar.org



အိပ်ယာက နိုးတော့ သူမဘေးမှာ ကိုကိုမရှိတော့ပြီ။ ခါတိုင်း စောစောနိုးပါလျက် မနေ့က ပစ္စည်းများထားသိုရသည်မှာ ညဉ့်နက်သွားသဖြင့် ဒီမနက် အိပ်ရာထနောက်ကျပြီ။ ကမန်းကတန်း ကုန်းရုန်းထရင်း ဆံပင်ကို တစ်ချက်၊ နှစ်ချက် သပ်ကာ ကျစ်ကျစ်ထုံးလိုက်သည်။ လက်မှ နာရီကို ကြည့်လိုက်တော့၊ မနက် ၆နာရီ။ တော်ပါသေးရဲ့။ အိတ်ထဲက သွားပွတ်တံကို ထုတ်ယူပြီး ရေချိုးခန်းဘက်ထွက်လာခဲ့၏။ ဘယ်သူမှ လည်း မနိုးကြသေးပါလား။

ကိုကိုရေချိုးနေသည်ကို စောင့်ရင်း အကျင့်ပါနေသော လက်များက ရေနွေးအိုးကျိုရန် ပြင်ဆင်နေမိသည်။

'ဟေး ခင်လေး ဘာတွေလုပ်နေတာလဲ'

'ရေနွေးအိုးတည်မလို့ ကိုကို။ ပြီးတော့ ထမင်းချက်မလို့ အဲဒါဆန် ဘယ်နှစ်လုံး'

'ဟာ နေနေ မေမေတို့နိုးမှ တည်မှာပေါ့။ ဘာလို့ အစောကြီး ထလာတာလဲ။ ခင်လေးတို့ အိမ်မှာဆို အားလုံးစောစောထကြလို့ ကိုကိုဆို လန့်လန့်နိုးတယ်။ ဒီအိမ်မှာ အေးအေးဆေးဆေးအိပ်လို့ ရပါတယ်။ လာ ဘာမှ မလုပ်နဲ့'

'ဟင် ဒါဆို ကိုကို ဘာစားသွားမှာလဲ'

'ရုံးကျ လက်ဖက်ရည်သောက်မယ်လေ။ မုန့်ဟင်းခါးစားလည်းရတာပဲ'

'ထမင်းဘူးကျတော့ရော'

'အဲဒါလည်း ရုံးကင်တင်းမှာ ဝယ်စားလိုက်မှာပေါ့'

'အပိုကုန်တာပေါ့ ကိုကိုရဲ့။ ခင်လေးကိုကို့ ကိုထချက်ကျွေးနိုင်သားပဲ'

http://www.cherrythitsar.org



'ခင်လေးတို့အိမ်မှာတုန်းက အားနာလို့ ကိုကိုထမင်းဘူးယူတာ အခုဒီအိမ်မှာ ခင်လေး အပင်ပန်းမခံနဲ့တော့နော်။ မေမေတို့ နိုးလာမှ ဈေးသွားလိမ့်မယ်။ အဲဒီတော့မှ ဈေးလိုက်သွားရင်း မုန့်စားချင်စား ဒါမှမဟုတ် မေမေနဲ့မှာလိုက်၊ မေမေနဲ့ ညီမလေးလည်း ဒီလိုပဲ စားကြတာ။ နေ့ခင်းကျ ပျင်းရင် စာအုပ်ငှားဖတ်၊ မျက်စောင်းထိုးအိမ်မှာ စာအုပ်ငှားတဲ့ ဆိုင်ရှိတယ်နော် ခင်လေး'

ကျောကို မျက်နှာသုတ်ပဝါနှင့် ထောင့်ဖြတ်တိုက်ရင်း ထွက်သွားသည့် ကိုကို့နောက်ကျောကို ငေးကြည့်ရင်း ခေါင်းကို ခါရမ်းနေမိတော့သည်။

ရေချိုးခန်း တံခါးတွင် ချိတ်ထားသော သွားတိုက်ဆေး၊ သွားပွတ်တံခြင်းကလေးထဲတွင် ကုန်ခါနီးသွားတိုက်ဆေးလေးဘူးနှင့် အသစ်စက်စက်တစ်ဘူးကို တွေ့ရ၏။ ဘူးဟောင်းများမှာ ကြိုသလို ညစ်ထားသဖြင့် ပိန်လိန်ရှုံ့တွနေပြီး အထဲမှာလည်း ဆေးတော်တော်များများ ကျန်နေသေးသည်။ သူမက အဟောင်းတစ်ဘူးကို ယူပြီး ပြန်ဖြန့်ကာ စားပွဲပေါ်တင်၍ အနားမှ ခေါင်းလိမ်းဆီပုလင်း အလွတ်ကလေးနှင့် ပြားနေအောင် လိမ့်ကြိတ်လိုက်သည်။

ထိတ်ဝဖက်စုသွားသော သွားတိုက်ဆေးတွေက နောက်လေးငါးခါလောက် အသာလေးသုံး၍ ရနိုင်သေးသည်ပဲ။ သူမတို့ အိမ်မှာဆို နောက်ဆုံးဘူးခွံကို ကတ်ကြေးအကြမ်းဖြင့် ကိုက်ညပ်ဖွင့်ဟပစ်လိုက်ပြီး သွားပွတ်တံနှင့် ခြစ်ယူ၍ တိုက်ခဲ့ဖူးသည်။

ရေချိုးခန်းခုံဖိနပ်ကို စီးပြီး လှမ်းအဝင်လိုက်မှာ လျှောခနဲဖြစ်သွားသဖြင့် အမြန် ထိန်းလိုက်ရသေးသည်။ ရေညှိတွေနှင့်ပါလား။ ထုံးဖြူးပြီး အုတ်ခဲကျိုးနှင့် တိုက်လိုက်လျှင် သည်ရေညှိဘာခံနိုင်မှာမို့လို့လဲ

http://www.cherrythitsar.org



ချော်များ လဲလိုက်လို့ကတော့ ကိုင်ရိုက်လိုက်သလို နေမည်။ ကြောက်စရာ ကောင်းပါဘိတော့။ တွေးမိရင်း တစ်စုံတရာကို သူမသဘောပေါက်သလို ရှိ၏။

*

ပိုက်ဆံအိတ် ချိုင်းကြားညှပ်ထားသော ယောက္ခမဘေးမှ ခြင်းတောင်းဆွဲ၍ လိုက်ခဲ့သော သူမပုံစံက မည်သို့သော အဓိပ္ပါယ်ပေါက်နေပါစေ။ သူမမှာ ရွေးစရာလမ်းမရှိပါ။ လမ်းမှာ နှုတ်ဆက်သူများကိုတော့ 'ဒါသားရဲ့ ဇနီးလေ'၊ 'ဒါ ချွေးမလေ' စသဖြင့် မိတ်ဆက်ပေးဖော်ရသဖြင့် တော်ပေသေး၏။

ယောက္ခမဈေးဝယ်သမျှကို နောက်ကလိုက်အကဲခတ်ရင်း ပညာယူရန် သူက နား၊ မျက်စိတို့ကို ဖွင့်ထားရသည်။ ဟုတ်တယ်လေ။ အိမ်ရှင်မတို့ တပ်အပ်သည့်ပညာဆိုသည်မှာ ကုန်နိုင်ဖွယ်မှ မရှိတာ။ ဈေးဝယ်နည်း၊ ပစ္စည်းရွေးနည်း၊ ဈေးဆစ်နည်း၊ အဆစ်တောင်းနည်း၊ ပါသောငွေနှင့် လောက်င ဖွယ်ရာအောင် တွက်ချက်ဝယ်ယူနည်း စသည်တို့ အထဲတွင် သူမ မသိတာတွေ အများကြီး ရှိနိုင်သည်ကိုး။

သူမ သတိပြုမိသလောက်တော့ ယောက္ခမကြီး၏ ဈေးသည်များအပေါ်ကို ပြောသော 'အထက်စီးဆန်သည်လေသံ'နှင့် ရောင်းသည့်ပစ္စည်းကို နှိမ်နှိမ်ချချ အပြစ်ရှာပြောကာ ဈေးဆစ်၊ အဆစ်တောင်းသည့်နည်းစနစ်ပင်ဖြစ်တော့သည်။ ထွက်လာတော့မှ 'ဈေးဝယ်တယ်ဆိုတာ အဲဒီလိုပြောနိုင်မှ တော်ကာကျတယ်။ ကြည့်စမ်း အရတော်လိုက်တာ' ဟု ပီတိဖြစ်နေတော့၏။ အဲသည်လိုမျိုး စိတ်ထားရှိသူ၏သားသည် အလွန်သဘော

http://www.cherrythitsar.org



ကောင်းပြီး သူမကိုလည်း အလွန်ကြင်နာတတ်သော ခင်ပွန်းသည်ဖြစ်နေခြင်းမှာ အမြဲတမ်းအတွက် မှန်ကန်နိုင်ပါ့မလား။

*

ဈေးမှ ပြန်လာကြပြီး မီးဖိုထဲမှာ အတူကူလုပ်သောအခါ စိမ်းသောဒေသဖြစ်နေရှာသာမက။

စနစ်ချင်း မတူသော အထားအသိုများကြောင့် သူမစိတ်ထဲ ရှုပ်ထွေးကာ မြင်မြင်သမျှ လုပ်ကိုင်ရှင်းလင်းစရာတွေချည်းဟု ထင်နေတော့သည်။

ယောက္ခမကြီး၏ 'သမီးရယ် နေပါစေ၊ မလုပ်ပါနဲ့' ဟုသော တားမြစ်စကားကြားမှ အိုးတွေခွက်တွေကို ပြောင်လက်နေအောင်တိုက်၊ ပန်းကန်ခွက်ယောက်များကို သပ်သပ်ယပ်ယပ်စီ ကြက်သွန်တောင်းထဲမှာ အဖြူတွေရော အနီတွေရော ခွာပြီးသားရော မခွာရသေးသည်တွေရော အခွံတွေရော ပေါင်းစုံလုံးထွေးနေသည်များကို ရှင်းလင်း၊ တစ်ကန့်စီပုံ၊ ကျွတ်ကျွတ်အိတ် သုံးလေးထပ်နှင့် မဲညစ်ရှုပ်ပွနေသော ငါးပိထုပ်ကို စဥ္စအိုးရှာပြီးထည့်။

ခြင်းတောင်း ကြွက်ကိုက်ပဲ့တစ်ခုထဲ စုပုံထည့်ထားသော ဆနွင်းမှုန့်ထုပ်၊ ငရုတ်သီးလှော်မှုန့်ထုတ်၊ အချိုမှုန့်ထုပ်များကို ကြည့်ပြီး၊ ပုလင်းကလေးတွေနှင့် ထည့်ကာ စာရေးကပ်ထားသော သူမတို့အိမ်မှ ပန်းကန်စင်သေးသေးကလေးကို လွမ်းမိတော့သည်။ ပုလင်းလွတ်ကလေးတွေ ဈေးထဲက ဝယ်ပြီး လုပ်ပေးဦးမှပဲလေ။ ငရုတ်သီးထောင်းတော့ သူမက ငရုတ်သီးပွအတောင့်များကို ကတ်ကြေးနှင့်ညှပ်၊ ရေနွေးနှင့် စိမ်ဆေးပစ်

http://www.cherrythitsar.org



လိုက်ပြီး စင်အောင်ညှစ်၊ ဆား အနည်းငယ်ထည့်ထောင်းရင်း၊ အရင်ခေတ်က ချွေးမရွေးနည်းကို သတိရလျက် ပြုံးချင်လာ၏။ သည်ပုံအတိုင်းဆို ကိုကို့အမေ သူမကို ချွေးမတော်ရတာ မနာပါဘူးဟု ကိုယ့်ဘက်ကိုယ်ယက်ပြီး တွေးနေမိသည်။

ထိုအခိုက်မှာ ထွေးထွေး မီးဖိုထဲ ဝင်လာ၏။

'မမခင်ရယ် ညက မမခင်တို့ အစောကြီး အိပ်သွားလို့ တွေ့တောင် မတွေ့လိုက်ရဘူး၊ ထွေးကလဲ အိမ်ပြန်မိုးချုပ်သွားတယ်။ ဟာ ဘာတွေလုပ်နေတာလဲ အမလေး ကိုကိုကြီးသိသွားရင် ထွေးတို့ကို လာဆူနေဦးမယ် လာပါ အဲဒါတွေ မလုပ်ပါနဲ့'

'ရပါတယ် ထွေးရယ်၊ မမခင်က အိမ်မှာ လုပ်နေကျပါကွ'

'ဟင့်အင်း မလုပ်နဲ့တော့လာ။ မမခင် ရေချိုးပြီးရင် ထွေး မိုလ်ချုပ်ဈေးသွားချင်လို့ အဖော်လိုက်ခဲ့ပေးနော်'

'ဟင် ထွေး ကျောင်းမသွားဘူးလား'

'စာမေးပွဲနီးလို့ စာကျက်ချိန်ပေးထားတယ်လေ မမခင်ရဲ့။ ကျူရှင်ကလဲ ညနေမှ'

ထွေးထွေး ဆွဲခေါ်ရာပါသွားရင်း မျက်လုံးများက နံရံမှာ ချိတ်ထားသည့် ခြင်းတောင်းဆီ အတန်းလိုက်ချိတက်နေသော ပုရွတ်ဆိတ်တန်းကွေ့ကွေ့ကောက်ကောက်ကြီးကို ငေးကြည့်နေမိသည်။ အင်း ပြန်လာမှ။

*

'အဟား အခန်းလေးက နေချင်စရာလေးတော့်၊ ကိုကိုကြီးတစ်ယောက်တည်း နေတုန်းကနဲ့ တခြားစီပဲ'

http://www.cherrythitsar.org



သူမတို့အခန်းထဲ လှည့်ပတ်ကြည့်ရင်း အိပ်ရာဖုံးခင်းထားသော ခုတင်ပေါ်သို့ ကန့်လန့်ဖြတ်လှဲအိပ်လိုက်သော ထွေးထွေးကို သူမ ပြုံးပြ လိုက်ရင်း ခေါင်းဖြီးရာမှ ဘီးမှာ ငြိပြီး ကျွတ်ပါလာသည့် ဆံပင်များကို လက်ညိုးတွင် ရစ်ခွေကာ အနီးရှိ စက္ကူအိတ်အတွင်း ထည့်လိုက်သည်။

'မမခင် အဲဒါ ယတြာချေဖို့လား'

'မဟုတ်ပါဘူး ထွေးရယ်။ ကျွတ်တဲ့ဆံပင်တွေကို ဒီလိုမှ မသိမ်း ရင် တစ်အိမ်လုံး ဆံပင်တွေနဲ့ ရှုပ်ပွနေတော့မှာ စိုးလို့၊ ကိုယ့်ဆံပင်ကို သူများနင်းမိမှာစိုးလို့ သိမ်းတာ။ နောက်မှ စက္ကူဘူးကြီးရှာရဦးမယ်'

'ဟုတ်တယ်၊ ဟုတ်တယ် ထွေးတို့က ဆံပင်တိုလို့ တော်သေး တယ် သိလား။ မေမေဆို သူ့ဆံပင်ရှည်ကြီးကို ဟိုနားဖြီး သည်နားဖြီးနဲ့ တစ်အိမ်လုံး ဆံပင်တွေ လျှောက်ကျနေတာပဲ၊ ဟီဟိ တစ်ခါတစ်လေ ဟင်း အိုးထဲမှာတောင် ပါလာသေး'

ကလေးဆန်သော ထွေးထွေးက အမှတ်တမဲ့ ကလေးပြောရင်း သူမ အဝတ်အစား လဲလှယ်နေသည်ကိုကြည့်နေရာမှ 'ထွေးလည်း အင်္ကျီလဲ တော့မယ်' ဆိုပြီး ထထွက်သွားသည်။ အိပ်ရာဖုံးကလေးခများမှာတော့ တွန့် ကြေကျန်ရစ်ခဲ့၍ သူ၏ သခင်မကို ငိုယိုတိုင်တန်းနေဟန်မို့ စန့်စန့် ယန့် ယန့် ဖြစ်အောင် ပြန်ခင်းလိုက်ရသည်။

အားလုံး အဆင်သင့်ဖြစ်၍ သူမထွက်လာချိန်မှာတော့ မျက်နှာ ချင်းဆိုင်မှ ထွေးထွေး၏အခန်းကို (တံခါးဖွင့်ထားသဖြင့်) လှမ်းမြင်နေ ရ၏။ ထွေးထွေးက စကတ်လုံချည်ကို ကြိုးတင်းတင်းချည်လိုက်ရင်း ခြေ ရင်းမှ လုံချည်ကို ခုတင်ပေါ်သို့ ကော်တင်လိုက်သည်။ ခုတင်ပေါ်မှာတော့ စောစောက ဝတ်ခဲ့သော အင်္ကျီနှင့် အတွင်းခံတို့သည် သည်အတိုင်း။ သံ အဝတ်လှမ်းစင် နီနီကလေးပေါ်တွင် ဝတ်လက်စလား၊ မီးပူမထိုးရသေး

**၁၀၂ ❑ မဦး**

သောလျှော်ပြီးသားလား မကွဲပြားနိုင်သည့် အင်္ကျီတစ်ချို့ တန်းလန်းလျော ကျနေသည်။ အခန်းထောင့်က အဝတ်ခြင်းထဲမှာလည်း လျှော်စရာ အဝတ်များပြည့်ရုံမက လျှံတောင်ကျနေ၏။

သြော် စာမေးပွဲနီးနေ၍ ဒါတွေမလုပ်အားဘူးဟု ဆင်ခြေပေး လျှင် ရသော်လည်း မိုလ်ချုပ်ဈေးသွားသည့် အချိန်ကို ကျတော့ရော။

သူမတွေးတော၍ မဆုံးခင်မှာပင် ထွေးထွေးက ကျောပိုးအိတ်ကို ကောက်လွယ်လျက် 'သွားစို့' ဟုဆိုနေပြီ။ ခုံမြင့်ဖိနပ်ထူထူနှင့် ခြေကျင်း ဝတ်မှာ ရွှေကြိုးပျော့ပျော့ကလေးနှင့ ခေတ်ရှေ့ပြေးနေသော ထွေးထွေး၏ပုံစံ ကို ကြည့်ရုံဖြင့် အခန်းထဲမှာ ပွစာကြဲ ကျန်ခဲ့လိမ့်မည်ဟု မည်သူတွေးလိမ့် မည်နည်း။ ကိုယ်တိုင်လည်း စည်းစနစ်ကျသော သူမမိခင်၏ သွန်သင်ညွှန် ပြမှုများဖြင့် တစ်သက်တာ ပုံစံဝင်နေခဲ့သောကြောင့် 'ချွေးမကောင်း' ဖြစ်ဖို့ အမှတ်မီနေသော သူမမှာ သည်မိသားစုထဲတွင် ချွေးမတန်းကို ဂုဏ် ထူးနှင့် အောင်ရုံမျှမက စံပြဆုပင် ရသင့်နေပေပြီ။

ဆက်ကြည့်ကြဦးစို့။

*

'ဟဲ့ ငါဒီနားမှာထားတဲ့ ဖန်ခွက်ရော ဘယ်သူ ဘယ်ယူသွားလဲ ဟေ့'

ခပ်ကျယ်ကျယ် မေးလိုက်သော ယောက္ခမကြီး၏ အသံကြောင့် သူမမှာ တာဝန်ရှိသူလို ချက်ချင်း နိုးကြားသွား၏။

ဖန်ခွက် စားပွဲစွန်းတွင် တင်ထားတတ်သော ဖန်ခွက်၊ ကြွက် တက်၊ အိမ်မြှောင်တက် ဖြစ်ရုံမျှမက မတော်တဆ တိုက်မိလျှင် ကျကွဲနိုင်

http://www.cherrythitsar.org



သောကြောင့် သေချာတိုက်ချွတ်ဆေးကြောပြီး ပန်းကန်စင်ပေါ်သို့ သူမရွှေ့ထားလိုက်မိတာပါ။

'ဒီမှာ မေမေ ခင်လေး သိမ်းထားတာ'

'ဩော် အေး၊ ပေးစမ်း ဆေးဖျော်သောက်ရင် လက်နားနီးအောင်ထားတာကွဲ့၊ နောက်ဆို ဒီမှာပဲထား၊ မရွှေ့နဲ့'

ဘာကြောင့် ရွှေ့ထားရသည်ကို ရှင်းပြဟန်ပြင်နေသော နှုတ်ခမ်းတို့မှာ တင်းမာသော ယောက္ခမကြီး၏ မျက်နှာကြောင့် လမ်းတစ်ဝက်မှာပင် ဆွံ့အသွားကြတော့သည်။ သွေးရိုးသားရိုး အနေအထားဆိုရှင်းပြရန် သူမ ဝန်လေးမည် မဟုတ်သော်လည်း သည်မနက် ဖရိုဖရဲဖြစ်နေသော ကြောင်အိမ်ပေါ်က ပုလင်းများ၊ မီးခိုးမှိုင်းမည်းနေသော ဒန်အိုးများနှင့် ကြက်သွန်ခွံ၊ ငရုတ်သီးအညှာ၊ အာလူးခွံများ ရောထွေးနေသော ကြက်သွန်ခြင်းတို့ကို ကြည့်ပြီး ရှင်းပြချင်စိတ်များ လျော့နည်းသွားရခြင်းသာ။

သက်ပြင်း တစ်ရှိုက်ကိုသာ သူမ ရင်နှင့်အပြည့်။

*

ဘာပဲဖြစ်ဖြစ် သူမဖက်ကတော့ စေတနာထား၍သာ ဆက်လက်လုပ်ကိုင်ပေးနေခဲ့၏။ အညှိတက်နေသော ဘုရားပန်းအိုးများကို သွားပွတ်တံဟောင်းရှာ၍ တိုက်သည်။ ဘုရားကျောင်းဆောင်ကြားမှ ကြွက်သိုက်နှင့်တကွ အမှိုက်သရိုက်များကို ရှင်းလင်းလဲကျင်းသည်။

ဧည့်ခန်းရှိ စာအုပ်စင် နှင့် စားပွဲမှာ ရောထွေးနေသော သတင်းစာ၊ မဂ္ဂဇင်း၊ ဝတ္ထုစာအုပ်များ၊ မင်္ဂလာဆောင်ဖိတ်စာနှင့် ပိုစ့်ကတ်အဟောင်းများကို တူရာစုပုံပြီး စနစ် တကျထားသည်။ ပြီးတော့ အရင်တစ်ပတ်က သူမ တိုက်ပေးပြီး နောက်ပိုင်း ဘယ်သူမှ ထပ်မတိုက်

http://www.cherrythitsar.org



ကြသဖြင့် ရေညှိတက်စပြုနေသော ရေချိုးခန်းကြမ်းပြင်ကို တိုက်သည်။

အဲသည်မှာပင် သူမလက်သည်းခွံ လန်သွားခဲ့၏

တစ်အိမ်သားလုံး (ကိုကိုက အစ) နေတတ်လွန်းကြသည်။ သူတို့တွေ ဤအနေအထားမှာ စိတ်အနှောက်အယှက်မရှိ။ အသားကျလျက် နေပါလျက် သူမတစ်ယောက်တည်းသာ ထိုင်လည်းရှုံ့။ အိပ်လည်းတွန့်၊ အိမ်သာတက်လည်း အဲပြောရင်း ဆိုရင်း ခုမှ သတိရသည်။

အိမ်သာသန့် စင်အိုးထဲမှ အနည်တွေကို လှယ်ဦးမှ။

ဟွန်း ပြောတော့ဖြင့် ခင်လေးဘာမှ မလုပ်နဲ့ ဘာမှမလုပ်နဲ့ အေးအေးနေနဲ့ ကိုကို့အိမ်ကဖြင့် မပြောလိုက်ချင်ဘူး။

*

အလုပ်ခန့်စာရပြီ။

ရရခြင်း ကိုကို့ရုံးကိုလည်း ဖုန်းဆက်ခဲ့ပြီးပြီ။ အိမ်အပြန်မှာ သူမ ခြေလှမ်းများက တက်ကြွဖျတ်လတ်၍ နေသည်။

ဩော် ငါအလုပ်ဝင်ရရင် အိမ်က အလုပ်တွေကို ဘယ်သူလုပ်ပါ့မလဲ။ ယောက္ခမကြီးကလည်း အသက်ကြီးပြီ။ အင်းလေ ထွေးကျောင်းပိတ်ပြီပဲ။ ဒါပေမယ့် ကွန်ပျူတာသင်တန်းတက်မည်ဟုတော့ ပြောသံကြားမိ၏။ သူမအလုပ် ပိတ်ရက်ကျမှပဲ ကူညီရှင်းလင်းပေးနိုင်တော့မည်မို့ စိတ်တော့မကောင်းလှပါ။ အိမ်ရှေ့ ဖိနပ်ချွတ်မှာ ဖိနပ်တစ်ရံတွေ့ရသဖြင့် ဧည့်သည်ရောက် နေပြီဟုသတိထားလိုက်မိ၍ ခြေလှမ်းများကို အရှိန်သတ်ပြီးတက်ခဲ့သည်။

http://www.cherrythitsar.org



'အလကားပါအေ . . . တစ်အိမ်လုံး လျှောက်လုပ်နေတာသာ ညည်းက မြင်တာ၊ ပစ္စည်းတွေကို ထားနေကျနေရာမထားဘဲ ဟိုပြောင်း သည်ရွှေ့နဲ့ ပစ္စည်းတစ်ခုလိုချင်ရင် သူ့ကို ပြန်မေးနေရတယ်။ ချွေးမက အိမ်ရှင် ယောက္ခမက ဧည့်သည်ကဖြစ်နေပြီ'

'အဲဒါ အစ်မကြီးက အလျှော့ပေးတာကိုး။ သန့်ရှင်းရေးလုပ်တာ တော့လုပ်ပါစေ။ ကိုယ့်စည်းကမ်းအတိုင်းတော့ လိုက်နာမှပေါ့။ ကျွန်မ ချွေးမတွေဆို ပုံစံပေးထားတာ'

အသံကတော့ ကိုကို့အဒေါ် ယောက္ခမကြီး၏ညီမအသံ။

သူမအကြောင်း ပြောနေကြသဖြင့် ဧည့်ခန်းထဲ မဝင်သေးဘဲ အသာရပ်တန့် နားစွင့်မိသည်။

'သားကြီးက မှာထားလို့ပေါ့အေ။ သူ့မိန်းမကို ပျော်အောင်ထား ရမယ်တဲ့။ ထွေးထွေးကိုလည်း သူ့မိန်းမဆီမှာ အိမ်တွင်းမှုပညာသင်ရမတဲ့ လေ။ သူ့မိန်းမ သူ့အမေအိမ်ပြန်နေချင်တယ်ဆိုရင် သူကပြန်လိုက်သွား ရမှာတဲ့။ သားကြီးက သူတို့အိမ်ကျဉ်းကျဉ်းလေးထဲမှာ မနေနိုင်ဘူး။ ငါက လဲ ဘယ်အပါခံနိုင်ပါ့မလဲ။ ယောကျ်ားလေးဆိုတာ မိဘနဲ့ အတူနေမှ သိ တတ်တာ။ ဟိုဖက်ပါသွားလို့ကတော့ သူတို့လုပ်စာ စားရဖို့ မမျှော်လင့်နဲ့။'

'အမယ် အစ်မကြီးကလဲ သူ့ဘာသာသူ မနေနိုင်ဆင်းသွားပေါ့၊ ဖြစ်မှဖြစ်ရလေ။ ကိုယ်ကလဲ တင်ကျွေးထားရသေးတယ်။ သူကများ အိမ် ပေါ်မှာလာ မှုန်ဆန်နေတယ်။ သူ ဘွဲ့ရပြီးသား မဟုတ်လား။ အလုပ်လုပ် ခိုင်းလိုက်ပါလား'

'အလုပ်လျှောက်ထားတယ် ပြောတာပဲအေ။ ဒင်းမြန်မြန်အလုပ် ရမှပါ။ မဟုတ်ရင် ဟိုစပ်စပ် ဒီစပ်စပ် လျှောက်လုပ်နေတော့ ငါတို့ကပဲ စည်းမဲ့ကမ်းမဲ့ နေသလိုလို ဘာလိုလိုနဲ့ မျက်နှာပေးက။ အိမ်က မိရွှေထွေး

http://www.cherrythitsar.org



ကတောင် အမေကို တစ်မျိုးမြင်လာတယ်။ သားအမိကြား သပ်လျှိုလား လျှိုရဲ့။ ဒါကြောင့် ကျောင်းပိတ်ရင် ကွန်ပျူတာတက်ရမယ်လို့ စောစော စီးစီး ပြောထားရတယ်အေ့။ သူကမှ စည်းကမ်းရှိတယ် ဆိုတဲ့ အချိုးကို မကြိုက်လို့ သူ့ရွှေ့ထားတဲ့ ပစ္စည်းဆို အရင် နေရာမှာပဲ ပြန်ထားပစ်လိုက် တယ်'

ဘုရား . . . ဘုရား ဖြစ်မှဖြစ်ရလေ။ သူမ မျှော်လင့်ခဲ့သမျှနှင့် တစ်ခြားစီပါလား။ သူမစိတ်ထင် အိမ်၏ကွက်လပ်ကို ဖြည့်ပေးနေခြင်း ဖြင့် ပိုမိုရင်းနှီးနွေးထွေးလာလိမ့်မည်။ နားလည်မှု တိုးပွားလာလိမ့်မည် ဟုမျှော်လင့်ခဲ့၏။ ယောင်းမလေးကလည်း သူမကို အတုယူကာ သန့်ရှင်း သပ်ယပ်စွာနေဖို့ အလေ့အကျင့် ဖြစ်လာလိမ့်မည်ဟု ထင်ခဲ့၏။

မေမေ မေမေပြောတော့ ခုခေတ် မိန်းကလေးတွေ အိမ်တွင်းမှုမှာ မကျွမ်းကျင် မနိုင်နင်းကြလို့ ယောက္ခမတွေနဲ့ မတည့်ကြတာဆို။ မေမေ့ သမီးတွေက မေမေ့သင်တန်းထွက်တွေမို့ ယောက္ခမတွေ သဘောကျလွန်းလို့ ဖူးဖူးမှုတ်ထားကြမှာဆို . . .

ဒီအတိုင်းဆို တစ်ခုခုတော့မှားနေပြီ မေမေရေ။ မှားနေပြီ။

အခန်းပေါင်းများစွာ ရှိသည့် ကျယ်ဝန်းသော အိမ်ကြီးအတွင်း မှာ သူမ မွန်းကျပ်ပိတ်လှောင်၍ လာတော့သည်။ သူမစိတ်ထဲမှာ ရှိသည့် အတိုင်း လုပ်ခွင့်ရှိလျှင်တော့ ခုချက်ချင်း ကိုကို့ လက်ကိုဆွဲ၍ နှစ်ယောက် တည်း ပျော်ရွှင်စွာ နေနိုင်သော ကမ္ဘာသို့ ထွက်ပြေးလိုက်ချင်သည်။

**လုံမလေး၊ ဇူလိုင်၊ ၁၉၉၉**

ပ့်

http://www.cherrythitsar.org



# ၀ှဲ

'ဒေါ်ကြီး. . .ဒေါ်ကြီး. . .ဇော်နိုင်ရယ်ကျောင်းမှာ ရန်ဖြစ်လို့ ခေါင်းပေါက်သွားတယ်။ အဲဒါ ဆရာမက စေတနာ ဆေးခန်းကို လိုက်ခဲ့ပါတဲ့'

'ဟင်'

သတင်းကြားကြားချင်း မတင်ခလက်ထဲက သားလှီးဓား လွတ်ကျသွားသည်။ ထိုင်နေရာမှ ဆတ်ခနဲဖြစ်သွားကာ ထဘီကို ခပ်တိုတိုပြင်ဝတ်လိုက်ပြီး စလွယ်သိုင်းထားသည့် လွယ်အိတ်ကို လက်တစ်ဖက်ဖြင့်ဖိရင်းဆိုင်ရှေ့မှ ပြေးထွက်သွားတော့၏။ ဈေးဝယ်သူ လှမ်းပေးသည့် ပိုက်ဆံကိုလည်း ယူမသွားနိုင်။ သူရောင်းနေသည့် အမဲထုတ်ထိုးဆိုင်ကိုပင် ဆိုင်နီးနားချင်းများကို မအပ်ခဲ့နိုင်။ သတင်းလာပို့သော ကျောင်းသားလေးနှစ်ယောက်ကိုလည်း စောင့်မခေါ်နိုင်လောက်အောင် သားအတွက် စိုးရိမ်စိတ်က ငယ်ထိပ်သို့တက်လာပြီ။ မတင်ခက လမ်းထိပ်က ဈေးဆိုင်တန်းမှာ ဈေးရောင်းသည်။ သားကို နှစ်လမ်းကျော်က မူလတန်း ကျောင်း

http://www.cherrythitsar.org



မှာထားသည်။ အိမ်နှင့်ကျောင်း သိပ်မဝေးသဖြင့် ကျောင်းရှေ့ မျက်စောင်း ထိုးက စေတနာဆေးခန်းကို မတင်ခ တစ်ခဏအတွင်း ရောက်ရှိသွား တော့၏။ တွေ့ပါပြီ။

ဆေးခန်းရှေ့မှာ ဆရာမများ၊ ကျောင်းသားများ ခြံရံလျက်ရှိသော ဇော်နိုင်ကို ခေါင်းမှာ ပတ်တီးအဖွေးသားနှင့် . . . ။ မျက်နှာမှာလည်း မျက်ရည်အရွဲသားနှင့် . . . ။ ရင်ထိပ်စရာမြင်လိုက်ရသဖြင့် သူ့ခြေလှမ်း တွေ ပို၍ သွက်သွားသည်။ သူပြေးလာသည်ကို လှမ်းမြင်လိုက်သော ကလေးတွေက ဘေးကို ရှဲပေးကြသည်။

'အမလေး သားလေးရယ်ဘယ်လိုဖြစ်ရတာလဲ သိပ်များထိသွား လားဟင် ဆရာမ '

ရင်ဘတ်စည်တီး ပြောပြောပြေးပြေးနှင့် သားရှေ့ဒူးထောက်ထိုင် ချလိုက်ကာ နဖူးစမ်းလိုက်၊ ပါးစမ်းလိုက်၊ ရင်ဖိလိုက်နှင့် ဗျာများနေရှာ သော မတင်ခကို မြင်မှ ဇော်နိုင် မျက်လုံးထဲမှ မျက်ရည်များ တာကျိုး သလို ဒလဟော သွန်ကျလာတော့သည်။

'သိပ်မများပါဘူး ခေါင်းလေး နည်းနည်းပေါက်သွားတာပါ။ သွေးထပ်ထွက်မှာစိုးလို့ ပတ်တီးစည်းပေးလိုက်တာလို့ ဆရာဝန်က ပြော တယ် မစိုးရိမ်ရပါဘူးတဲ့'

အတန်းပိုင်ဆရာမ ဒေါ်ယဉ်ယဉ်ထွေးက မတင်ခကို နှစ်သိမ့်ရင်း ရှင်းပြနေစဉ် ရှိုက်ကြီးတင်ငိုနေသော ဇော်နိုင်ကို ကျန်ဆရာမတစ်ယောက် က ချော့နေလေ၏။

'သားကိုဘယ်သူလုပ်တာလဲ အမေ့ကို ပြောစမ်း'

ဇော်နိုင်မဖြေ။

တအီးအီး ငိုဆဲ။ မတင်ခက လမ်းကတည်းက ပြေကျလာခဲ့ သော ဆံပင်ကို ဘီးဆံပတ်တင်းတင်း ပြင်ပတ်လိုက်ရင်း ဇော်နိုင်ကို စိုက် ကြည့်လိုက်သည်။

http://www.cherrythitsar.org



'ဟဲ့ နင့်ကို ဘယ်သူလုပ်တာလဲလို့ ငါမေးနေတယ်လေ '

သည်တစ်ခါ မတင်ခ အသံက ကျယ်လောင်ကာ ဒေါသသံပါလာသည်။ ဇော်နိုင်၏ ပခုံးနှစ်ဖက်ကို ကိုင်ကာ ခပ်ကြမ်းကြမ်း လှုပ်ခါပစ်လိုက်၏။

'အို အစ်မ အရမ်းမလုပ်နဲ့လေ။ ဒဏ်ရာက သွေးထွက်လာမှဖြင့်၊ ကဲ . . . ကဲ မောင်ဇော်နိုင်ကလည်း မငိုနဲ့တော့ကွယ်၊ ခေါင်းကိုက်ဦးမယ်။ ဖြစ်တာက တစ်တန်းတည်း သားချင်းပါ အစ်မရယ်။ အာလူးဆိုတဲ့ကလေးနဲ့ မုန့်စားဆင်းချိန်မှာ သိုင်းပြိုင်ပွဲလုပ်တမ်း ကစားကြရာက ရန်ဖြစ်ပြီး လက်လွန်ကြတာတဲ့။ သူ့လက်ချက်နဲ့ ဟိုတစ်ယောက်လည်း နှုတ်ခမ်းပေါက်သွားတယ်။ အဲဒါ မောင်ဇော်နိုင်ရော အစ်မရော ကျောင်းအုပ်ကြီးရုံးခန်းကို ခဏလိုက်ခဲ့ကြပါဦး'

မတင်ခ က တစ်ခဏမျှတွေ၍ စဉ်းစားနေသည်။ ဆေးခန်းတွင် ကျသင့်ငွေကို ရှင်းသည်။ ပြီးမှ ဇော်နိုင်ကို ဇွတ်ကနဲပွေ့ချီကာ ရှေ့မှအရင်ဆုံးထွက်သည်။

လေးတန်းဆိုသော်လည်း နှစ်တန်းမှာ တစ်ခါ၊ လေးတန်းမှာတစ်ခါကျထားခဲ့သည့် ဇော်နိုင်အရပ်မှာ ကျန်ကလေးများထက် မြင့်မားနေလေရာ ထိုကလန်ကလားအရပ်ကြီးကို ပုံပန်းမကျ ပွေ့ချီထားသည့် မတင်ခအား ရယ်ပွဲဖွဲ့လိုဟန် ပြုံးစေ့စေ့ကြည့်ရင်း လိုက်ပါလာကြသည့် ကျောင်းသားများကို မတင်ခ ဂရုမစိုက်လှဘဲ သူ့သားကို ခပ်တိုးတိုးမေးလိုက်သည်။

'ဟိုကောင်လေး နှုတ်ခမ်းပေါက်သွားတယ်ဆိုတာ တကယ်လား'

အငိုရော အရှိုက်ပါ ရပ်သွားပြီဖြစ်သည့် ဇော်နိုင်က ခေါင်းကို သွက်သွက်ငြိမ့်သည်။

မတင်ခက

'ဒါမှမေမေ့သား'

http://www.cherrythitsar.org



ဟုဆိုကာ ဖော်နိုင်ပါးကို ရွှတ်ခနဲ နမ်းလိုက်လေ၏။

'ကျုပ်တို့ကတော့ ကြက်ခေါင်းဆိတ်မခံဘဲ မုဆိုးမသားအမိဆို ပြီး လာကြောမယ်တော့ မကြဲနဲ့ လက်သန်းဖျားကလေး လာတင်တာ တောင် မရဘူးမှတ်'

မတင်ခ ရေရွှတ်ကြွေးကြော်နေကျ စကားဖြစ်သည်။ ငယ်စဉ်က တောနယ်တစ်ခုတွင်ကြီးပြင်းခဲ့ရပြီး စာမတတ်ခဲ့လေသော မတင်ခသည် အိမ်ထောင်ကျမှ သျှောင်နောက်ဆံထုံးပါ မြို့ပေါ်သို့ ရောက်လာရသူဖြစ် ၏။ မြို့ပေါ်က လူတွေ သူ့ကိုကြည့်သော မျက်လုံးတွေထဲမှာ အထင်သေး သော အရိပ်တွေ စွန်းထင်းနေသည်ဟု သူမြင်သည်။ သူ့ကို ပြောသော စကားလုံးတွေထဲမှာ နှိမ့်ချသောလေသံတွေ ရောပြွန်းနေသည်ဟု သူထင် သည်။ ယောက်ျားဖက်မှ ဆွေမျိုးအသိုင်းအဝိုင်း ၊ အိမ်နီးချင်းမိတ်ဆွေ ဘယ် သူနှင့်မှ အံဝင်ခွင်ကျ မဖြစ်လေသော မတင်ခမှာ ပင်ကိုယ်မဟုတ်မခံ ဆတ်ဆတ်ကြဲစိတ်နှင့် အရွဲ့တိုက်ချင်သော စိတ်တို့ပေါင်းကာ လူတကာနှင့် ရန်ဘက်ဖြစ်၍ နေလေတော့၏။ ယောက်ျားဖြစ်သူကလည်း စကားနည်းသော ကာယလုပ်သား တစ်ဦးမို့ သွန်သင်ဆုံးမခြင်း မရှိယုံမျှမက မတင်ခ ခြယ်လှယ်ညွှန်ကြားသမျှကို နားအေးပြီးရော လိုက်နာသူဖြစ်နေတော့ရာ မတင်ခမှာ ပျော့နေသော လက်မကို ကော့နေအောင်ထောင်ရင်း ဂုဏ်ယူနေလေ တော့၏။

'မြို့သူတွေ လည်တာလောက်တော့ တင်ခတို့ အိပ်နေသလောက် ရှိတယ်'

တကယ်လည်း ရောင်းရေး ဝယ်ရေး အတွက် အချက်က အစ လည်ပတ်ပါးနပ်လာလိုက်သည်မှာ စာမတတ်သည်ကိုပင် ဖုံးကွယ်သွား တတ်သေး၏။ ပိုက်ဆံများကို စိတ်နှင့်တွက်ချလိုက်သည်မှာ ဒက်ခနဲ ဒက်ခနဲ ဂဏန်းတွက်စက် သမားကမှ ကြာသေးသည်ဟု ဆိုရတော့ မတတ်။ ဈေးရောင်းဝယ်သည့်အခါမှာလည်း ယောက်ျားဖြစ်သူပင် ဝင်ပါ

http://www.cherrythitsar.org



စရာမလိုအောင် မတင်ခတို့ လည်လည်ဝယ်ဝယ် ရှိခဲ့ပြန်လေ၏။ သို့နှင့် ခင်ပွန်းသည် ဆုံးပါးသောအခါ ကျန်ရစ်သူ မုဆိုးမသားအမိကို သနားကြင်နာစွာ ကူညီသူများရှိသလို ထိကပါးရိကပါးလုပ်ချင်သူ တန်းတူပြိုင်ဘက်ချင်း နှိမ့်ချကဲ့ရဲ့ မလိုမုန်းထားသူများလည်း ရှိလေရာ မတင်ခမှာ ကျားနာမကလေးလို မြင်မြင်ရာ ခဲချင်သည့် ညဉ့်ဖြင့် နေရာတကာတွင် ရန်စွယ်ငေါငေါ မပြေချောသော ဆက်ဆံရေးဖြင့် လောကကြီးအလယ် မာန်တင်းကာ သားဖြစ်သူရှေ့မှ မားမားမတ်မတ် ရပ်ပေးခဲ့လေ၏။

သားကို ဖတဆိုးကလေးမို့ သိမ်ငယ်စိတ်ဝင်သွားမှာ စိုးသဖြင့် မျက်နှာတစ်ချက် ညှိုးရအောင် အလိုလိုက်တော့သည်။ သို့သော်လည်း ရန်ဖြစ်လို့ ခံလာရလျှင်တော့ အိမ်မှာနောက်ထပ်တစ်ကြိမ် အနှံခံရသော ဇော်နိုင်မှာ ကြာတော့'လက်ယဉ်' သော ကလေးဖြစ်၍လာလေ၏။ မတင်ခမှာ ဇော်နိုင်ဘာပဲလုပ်လုပ် ဒိုင်ခံဖြေရှင်းပေးလေ့ရှိသော အကာအကွယ်အုတ်တံတိုင်းကြီးပင်တည်း။ သို့နှင့်။

*

'မေ့ ဗီဒီယိုဘိုး ပေးလေဗျာ'

ဇော်နိုင်က အိမ်သော့ကို ဆိုင်ခုံပေါ် ပစ်တင်လိုက်ရင်း အမဲအူတုတ်ထိုးနှစ်ခုကို ပူးကောက်ကိုင်လိုက်ခါ အလယ်တည် ဇလုံကြီးထဲရှိ နီရဲသောအချဉ်ရည်များထဲသို့ ထိုးနှစ်လိုက်ပြီး ပါးစပ်ထဲ ထည့်ဝါးလိုက်၏။ မတင်ခက လှီးပြီးသား အမဲဝမ်းတွင်းသားများကို ဝါးချွန်တုတ်ချောင်းကလေးများနှင့် ထိုးသီနေရာမှ ကပျာကယာ လက်သုပ်ကာ လွယ်အိတ်အတွင်းက ငွေစက္ကူအချို့ကို ဆွဲထုတ်လိုက်စဉ် သွက်လက်သော ဇော်နိုင်က ငါးဆယ်တန်တစ်ရွက်ကို ဖြတ်ခနဲ ဆွဲ၍ ပြေးလေတော့သည်။

ဗီဒီယိုရုံဝင်ကြေး တစ်ဆယ်ထက် အပိုဆောင်း၍ယူသွားသော

http://www.cherrythitsar.org



သားဖြစ်သူ၏ ကျောပြင်ကို ငေးကြည့်ရင်း ပီတိပြုံးဖြင့် ကျန်ခဲ့သည့် မတင်ခ မျက်လုံးထဲတွင် မနေ့ကမှ သူဝယ်ခဲ့သော ဂျင်းဘောင်းဘီ မိုးပြာရောင်ကလေးနှင့် လိုက်ဖက်လှသည့်သားကို ကြည့်မဝရှုမဝ ဖြစ်နေလေသည်။ သားကပူဆာလျှင် အမေကလည်း အလိုလိုက်ဖို့ အဆင်သင့်၊ သားက ' စာဖတ်ရတာ မျက်စိညောင်းပြီ ' ဆိုလျှင် အမေကလည်း 'ဒါဆို အိပ်ချင်အိပ်တော့လေ' ဆိုသော အနေအထားတွင် လေးတန်းကျောင်းသား ဇော်နိုင် မှာ အတန်းထဲတွင် အကြီးဆုံးနှင့် စာအညံ့ဆုံးဖြစ်၍ နေသည်မှာ ဘာမျှမဆန်း။

'ဒေါ်ကြီး မတင်ခ သား အရုပ်ကလေးကို ကိုကြီးဇော်နိုင် ဖျက်ပစ်လိုက်တယ် အီး ဟီး'

မတင်ခနှင့် ဓားလွယ်ခုတ်ဆိုင်မှ မုန့်ပြားသလက်သည် မဝက်မ၏သား ရွှေအိုးက ငိုယိုတိုင်တန်းလာသည်ကို မတင်ခက 'ရှုတ်ရန်ကော' ဟူသောမျက်နှာထားနှင့် ငုံ့ကြည့်ပြီး ရွှေအိုးလက်ထဲက လက်မောင်းတစ်ဘက် ပြုတ်ထွက်နေသော စူပါမင်းအရုပ်ကလေးကို ဖိုးဖိုးဇတ်ဇတ် ဆောင့်ဆွဲယူလိုက်သည်။

'ပြစမ်း ဟင် အရုပ်ကဖြင့် ဆေးတွေကွာပြီး ဘာရုပ်မှမပေါက်တော့ဘူး။ အစုပ်ပလုပ် သုံးပြီးတော့များ အလျော်လိုချင်သေးတယ်။ သက်သက်မဲ့ ငါ့သားကို တရားခံလာရှာတာ ရော့ နင့်အရုပ်ပြန်ယူသွား'

ပြောပြောဆိုဆိုနှင့် အရုပ်ကို လွှင့်ပစ်လိုက်ရာ ရွှေအိုးမှာ ငိုမဲ့ငိုမဲ့နှင့် ပြန်သွားလေ၏။ ဘာမျှမကြာလိုက် မဝက်မ ဒေါနှင့်မောနှင့် ပေါက်ချလာပြီး ခွန်းကြီးခွန်းငယ်စကားများလိုက်ကြသည်မှာ ငယ်ကျိုးငယ်နာတွေ အကုန်ပေါ်လျှက် တော်တော်နှင့် ပွဲမပြီးနိုင်။ ဘေးလူများဝိုင်းဖျန်ဖြေမှ အရှိန်တန့် တော့၏။

ဒါတောင် မဝက်မ နောက်ဆုံးပြောသွားသော 'သားက နားရွက်ကိုက်ဖြတ်ခံရတဲ့အမေဆိုတာ နင့်လိုမိန်းမမျိုး' ဆိုသည့် စကားကို'ငါ့သား

http://www.cherrythitsar.org



က နားရွက်ကိုက်ရအောင် ခွေးစိတ်ပေါက် နေတာမှ မဟုတ်တာ နင့်သား ကသာ ဝက်စိတ်ပေါက်ပြီး . . . ’ဘာညာနှင့် ပြန်ပက်လိုက်ချေသေး၏။

*

သည်နေ့ မတင်ခတို့အိမ်မှာ ကြက်သားဟင်းနှင့် ထမင်းမြိန်လှ၏။ထမင်းစားပြီး ခံတွင်းချဉ်တတ်သော မတင်ခက ဂျုံးသိန်းဆေးပေါ့ လိပ်ကလေး ဖွာရင်း အိမ်ရှေ့မှာ ဆူညံစွာဆော့ကစားနေသော ကလေးအုပ်ထဲမှ ဇော်နိုင်အသံကို ရွေးထုတ်နားစွင့်နေမိ၏။ တနင်္ဂနွေကျောင်းပိတ်ရက်မှာ ကလေးများ စုဝေးမိနေကြစဉ် ကစားရင်းငြင်းခုံရင်းနှင့် ရန်ဖြစ်တတ်သည်ကို အပွဲပွဲနွှဲလာဖူးသော မတင်ခက သတိတရ အာရုံစိုက်မိခြင်းလည်း ဖြစ်နိုင်ပါသည်။ လိုအပ်လျှင် အချိန်မရွေး အဆင်သင့် ဆိုသည့်သဘော။ မောင်ညိုကြီးကတော့ ယခုအချိန်ထိ အရိုးကိုက်၍ မပြီးနိုင်သေးချေ။ နားရွက်ကလေး ပေကာပေကာ အမြီးကလေး ဝေ့ကာရမ်းကာ သဲကြီးမဲကြီး ဖွဲကြီးကြီး စားနေတုန်းပင် အမြဲတမ်း အမဲဝမ်းတွင်းသားအစအနများနှင့် နယ်ဖတ်ကျွေးခဲ့သဖြင့် ထွားကြိုင်းသန်မာလှသော ကြောင်ကြီး မောင်ညိုမှာ သည်ကနေ့တော့ ကြက်ရိုးများကို တကျွတ်ကျွတ်ဝါးရင်း အရသာတွေ့နေပုံရလေသည်။ မတင်ခက မောင်ညိုကို လှမ်းကြည့်နေရာမှ ကျေနပ်စွာ ပြုံးလိုက်သည်။

‘ဘာရမလဲ ကျော်သောင်းရာ ဟင်းဟင်း’ အသံ ထွက်၍လည်း ရယ်လိုက်သည်။ မနက်က သုံးအိမ်ကျော်မှ ကျော်သောင်းနှင့် ဖြစ်ခဲ့သည့် ကိစ္စကိုလည်း ပြန်တွေးနေမိသည်။ မနက်ပိုင်းသူ ဈေးသိမ်းပြီး ပြန်လာချိန်က ဖြစ်သည်။

မီးဖိုထဲမှာ ချက်ပြုတ်ဖို့ ပြင်ဆင်နေစဉ် အိမ်ရှေ့မှ ဆူဆူညံညံ အသံများကြားရသဖြင့် ကမန်းကတန်း ထွက်လာခဲ့၏။

http://www.cherrythitsar.org



'ဘာမသိ ရမှာလဲကွ။ မင်းတို့ အိမ်ကကြောင် ဆွဲသွားတာ ငါ့မျက်စိနဲ့ မြင်လိုက်တယ်။ ဘယ်မလဲ ဒီကြောင်'

ကြည့်လိုက်တော့ ကျော်သောင်း။ ပုဆိုးခပ်တိုတို အင်္ကျီ ဗလာနှင့် ပုံစံကိုက ပေစောင်းစောင်း ညစ်ကျယ်ကျယ် မတင်ခနှင့် လုံးဝမျက်နှာကြောမတည့်သူ။

'မောင်ညို ဒီမနက် ဘယ်ရောက်နေလဲ မသိဘူး ကိုကြီး'

နောက်နားဆီက ဇော်နိုင့်အသံက ခပ်တိုးတိုး ညောင်နာနာ၊ ဇော်နိုင်ကို မတင်ခ အဲဒါတွေ အားမရတာ။ ဘယ့်နှယ် ပြောစရာရှိ ခပ်တင်းတင်းပေါ့။

သားဖြစ်သူကို စူးကနဲ တစ်ချက်လှမ်းကြည့်လိုက်ပြီး ကုန်းကုန်းကွကွနှင့် အိမ်အောက် ငုံ့ရှာနေသော ကျော်သောင်းနားမှာ ခါးနှစ်ဖက်စုံထောက်၍ရပ်လိုက်သည်။

'ဘာလဲ ဘာတွေ ရှာနေတာလဲ'

ဘာတစ်လုံးပြောမေး တစ်ခါဆတ်လိုက်သော မတင်ခကို ကျော်သောင်းက မော့ကြည့်လိုက်ပြီး ကွမ်းတံတွေးကို ပစ်ခနဲထွေးလိုက်သည်။

'ကြက်ဗျာ ကျုပ်ကြက်။ အဲဒါ ခင်ဗျားကြောင် ဆွဲသွားတာ။ မတွေ့မိဘူးလား'

'အလိုတော် မတွေ့ပေါင် ကြောင်တောင် ဘယ်ရောက်လို့ ဘယ်ပေါက်နေမှန်း မသိဘူး'

မတင်ခက မဲ့ရွဲ့ပြောဆိုရင်း အိမ်ပေါ်ပြန်တက်ဖို့ ခြေလှမ်းပြင်သည်။

'ဒီဘက်ကို ဆွဲပြေးသွားတာပဲ။ ကြက်ကမသေသေးဘူးဗျ။ အော်ရင်း တရွတ်တိုက်ပါသွားတာ။ ကြောင်စုတ် ကြောင်နာ ကြောင်သူခိုး။ ပက်ပင်းမိလို့ကတော့ အရေခွံဆုတ်ပစ်မယ်'

ကျော်သောင်း မကျေမချမ်း ကြိုးဝါးရင်း လှည့်ထွက်သွားသည်။

http://www.cherrythitsar.org



မတင်ခ အိမ်ပေါက်ဝက ရပ်လျှက် ကျော်သောင်းကြားအောင် လှမ်းအော် ပြောလိုက်သည်။

'အောင်မယ် ကိုယ့်ကြက်ကိုတော့ ကိုယ်လုံအောင် မထိန်းဘဲ ကြောင်ကို သတ္တုလာချနေ၊ ငါ့ကြောင်များ ထိလို့တော့ ခွေးဘိုးတစ်ထောင် ကြောင်ဘိုး တစ်သိန်းပဲဟေ့'

ပြီးတော့ မီးဖိုထဲ ပြန်ဝင်လာပြီး စဥ့်နီးတုံးနှင့် ဖိပစ်ခဲ့သော ဆန်ကာကိုဆွဲလှန်လိုက်သည်။ အနားမှာ တစ်ရစ်ဝဲဝဲ ပတ်ချောင်းနေသော မောင်ညိုကြီးကိုလည်း သားလှီးဓားဝင့်ပြလိုက်သည်။ သည်ဓားနှောင့်၏အရသာကို ကောင်းကောင်းကြီး မြည်းဖူးသည့် မောင်ညိုမှာ မျက်စိစုံမှိတ်ပြီး နောက်သို့ ကုတ်ကုတ်ကလေး ဆုတ်ပြေးလေ၏။ သူကိုယ်တိုင် ကျားကုတ်ကျားခဲ ချီယူလာခဲ့သည်မှန်သော်လည်း လက်ရှိအခြေအနေတွင် သူနှင့် မဆိုင်တော့သော ကြက်မဒန်းကလေးကို ကြောင်အိမ်အောက်မှ လှမ်းမျှော်ငေးမောရင်း နှုတ်ခမ်းမွေးကို လျှာဖြင့် သပ်နေရလေတော့၏။

သားအမိနှစ်ယောက် မောင်ညိုပါးစပ်ထဲမှ လုယူစဉ်က ကြက်မှာ တစ်ချက်နှစ်ချက် လူးလွန့်သေးသော်လည်း လက်မရွံ့ဇော်နိုင်၏ လက်ထဲမှာ ကြက်ခမျာ ငြိမ်သက်သွားပြီ ဖြစ်သဖြင့် မတင်ခသည် ကြက်ကို ဒန်ဇလုံကြီးထဲသို့ ပစ်ထည့်လိုက်လေသည်။ ထို့နောက် ပွက်ပွက်ဆူနေပြီဖြစ်သော ရေနွေးအိုးကို မ ,ကာ . . .။

*

'အမေ အမေ လုပ်ပါဦး လုပ်ပါဦး'

အိမ်ထဲသို့ တဒိုင်းဒိုင်း ပြေးဝင်လာသော ဇော်နိုင်ကြောင့် ရေချိုးပြီး သနပ်ခါးလိမ်းနေရာမှ မတင်ခ အလန့်တကြား လှည့်ကြည့်မိသည်။ ညနေပိုင်း ဈေးထွက်ရန် ပြင်ဆင်နေချိန်တွင် ကျောင်းမှ ပြန်လာကာစ ဇော်

http://www.cherrythitsar.org



နိုင်မှာ လွယ်အိတ်ကို ပစ်ချပြီး ကျောင်းဝတ်စုံပင် မလဲဘဲ သွားကစားနေကျ ဖြစ်ပါလျက် သည်ကနေ့မှ ဘာဖြစ်လာသည်မသိ။

မျက်စိမျက်နှာ အပျက်ပျက်နှင့် အမေ့ရှေ့မှာ တုန်တုန်ယင်ယင် ရပ်နေလေသည်။

'သားဘာဖြစ်လို့လဲ မကြောက်နဲ့ အမေ့ကို ရဲရဲသာပြော'

'သားကို သားကို ဖိုးထူးအဖေ လိုက်ရိုက်နေတယ် အဲဒါ'

'အောင်မယ် လူပါးဝလို့ သား ဒီမှာနေခဲ့'

ထောင်းခနဲ ဒေါသထွက်သွားသော မတင်ခမှာ အိပ်ယာခေါင်းရင်းမှတစ်ဘက်တစ်ထည်ကို ဆွဲချုံကာ အိမ်ရှေ့သို့ ခြေလှမ်းကျဲကျဲဖြင့် ထွက်လာခဲ့သည်။ လမ်းသွားရင်း ရင်လျားထားသောထမီကိုလည်း တင်းနေအောင်ပြင်ဝတ်လိုက်သည်။ အိမ်ရှေ့မှာ ဖိုးထူးအဖေ ကိုသံချောင်းကို နှစ်တစ်လက်မ သစ်သားချောင်းကိုင်လျှက်သား ရှူးရှူးရှားရှားပုံဖြင့် တွေ့လိုက်ရသည်။ သူ့နောက်မှာ ကောင်လေးသုံးယောက် ။ ပြီးတော့ ဘုစုခရုကလေးများ ဝိုင်းအုံလိုက်ပါလာကြသည်။ သည်အနေအထားကိုပင် မတင်ခဒေါသထွက်လှပြီ။

မုဆိုးမသားအမိဆိုပြီး လာစမ်းလျှင်လည်း အဆင်သင့်ပဲဆိုသည့်သဘော မျက်နှာကြောကို အစွမ်းကုန်တင်းထားလိုက်သည်။

'မတင်ခ ခင်ဗျားသားကိုခုထုတ်ပေး ၊ မပေးရင်ကျုပ်တက်ဆွဲမှာနော်'

ဒေါသတကြီးအော်လိုက်သော ကိုသံချောင်းအသံက ဟိန်းထွက်နေသည်။ ရင်တစ်ခုလုံး ဖားဖိုလို နိမ့်ချီမြင့်ချီဖြင့် အသက်ရှူသံကလည်း ပြင်းလှ၏။

လက်ထဲမှ သစ်သားချောင်းကြီးကိုလည်း တဆဆ။

'ဘာဖြစ်လို့ ထုတ်ပေးရမှာတုန်း၊ ကျုပ်သားက ဘာဖြစ်ခဲ့လို့တုန်း'

မတင်ခကလည်း ကြွကြွခံသည်။

http://www.cherrythitsar.org



'ဘာဖြစ်ရမှာလဲ၊ ခင်ဗျားသားက ကျုပ်သားကို ဓားနဲ့ထိုးသွားတယ်၊ အခုသွားကြည့်၊ ကျုပ်သားကို လုပ်တဲ့ကောင်၊ ကျုပ်ကိုယ်တိုင်ရိုက်သတ်မယ်၊ ကြာတယ်ကွာ'

ပြောပြောဆိုဆို ကိုသံချောင်းက အိမ်ကပြင်ပေါ် လှမ်းတက်လိုက်သည်။ မတင်ခက ပြန်တွန်းချသဖြင့် အောက်သို့ပြန်ရောက်သွား၏။ နောက်တစ်ကြိမ်တက်ဖို့ ကြိုးစားပြန်သည်။ ကိုသံချောင်း မြေပြင်ပေါ် ပြန်ရောက်သွားပြန်သည်။ သည်တစ်ခါတော့ နောက်မှပြေးလိုက်လာသော ဆယ်အိမ်မှူးကိုလှမြင့်က ဆွဲချလိုက်သောကြောင့် ဖြစ်သည်။

'ကိုသံချောင်း မလုပ်နဲ့ . . . မလုပ်နဲ့၊ ဒီပြဿနာ နောက်မှရှင်းဟိုမှာကလေးက သွေးတအားထွက်နေတာ ဆေးရုံပို့ရအောင်၊ ခင်ဗျား မိန်းမလည်း မူးလဲပြီး သတိလစ်သွားတာ ခေါ်လို့တောင် မရဘူး သွားသွား'

ကိုလှမြင့်သာ ရပ်ကျန်နေခဲ့လျက် ဒေါသခိုးဝေနေသော မတင်ခကို ဆက်လက်ရင်ဆိုင်လိုက်ရသည်။

'ခင်ဗျားက မယုံသေးဘူးလား၊ အဟုတ်တကယ် ဓားနဲ့ထိုးသွားတာဗျ၊ ဓားမှ ခင်ဗျား အမဲအူလှီးတဲ့ဓားနဲ့ဗျ၊ ရန်ဖြစ်ကြပြီး အိမ်ကို တစ်ခေါက်ပြန်ယူတာတဲ့ ၊ ခင်ဗျား ဘာလို့ ဇော်နိုင်ကို ဓားပေးကိုင်ရတာလဲ။ မတော်မဆ လက်လွန်သွားရင် ဘယ်လိုလုပ်ကြမလဲ၊ အခုတောင် သွေးတွေ မတရားထွက်နေတာ . . '

ကိုလှမြင့် စကားမဆုံးခင် မတင်ခ အိမ်ထဲလှစ်ကနဲ ဝင်ပြေးသည်။ မီးဖိုချောင်ရှိ ဈေးထွက်ရန် ပြင်ဆင်ထားသော ခြင်းတောင်းဆီအရောက်ပြေးကာ ဟိုဟိုဒီဒီ လှန်လှောရှာဖွေနေမိ၏။

မတွေ့သောအခါ ခုထိ မလှုပ်မယှက်ရပ်နေသေးသော ဇော်နိုင်ရှေ့သို့ လွှားကနဲရောက်သွားပြန်၏။

'သား ဟုတ်လား ဓားနဲ့ထိုးခဲ့တယ်ဆိုတာ တကယ်လားဟင်ပြောစမ်း'

http://www.cherrythitsar.org



ထိုးစံအတိုင်း ဇော်နိုင်က ငိုနေပြန်သည်။ မျက်နှာမှာလည်း သွေးဆုတ်ဖြူဖွေးနေလေ၏။ ဒူးများ တဆတ်ဆတ်တုန်လျက်။

'ကစားရင်း မတော်တဆ ထိသွားတာမဟုတ်လား'

ဇော်နိုင်ကား ခေါင်းကိုငုံ့သည်ထက် ငုံ့၍ထားသဖြင့် မတင်ခအားမလို အားမရဖြစ်ကာ ထိုင်ချလိုက်သည်။

'သား မတော်တဆထိတာ ဟုတ်တယ်မဟုတ်လား၊ ဟင် ပြောစမ်းပါဦး'

ဇော်နိုင်ပုခုံးကို ကိုင်လှုပ်ရင်း အိမ်ရှေ့ကိုလည်း လှမ်းမျှော်ကြည့်လိုက်သေးသည်။ ဇော်နိုင် ခေါင်းခါလိုက်သောအခါ မတင်ခမှာ 'ဟင်'ကနဲ့ဖြစ်သွား၏။

'သူ လက်သီးနဲ့ထိုးလို့ သား ဓားနဲ့ပြန်ထိုးတာ၊ မထိုးရင် ခံလာရတယ်ဆိုပြီး အမေ . . . အမေရိုက်မှာ ကြောက်လို့ . . . '

အိမ်ပေါက်ဝမှာ ရပ်လာသော ဆယ်အိမ်မှူးကိုလှမြင့်နှင့် ရပ်ကွက်လူကြီးများကို အကြောင်သားငေးကြည့်ရင်း မတင်ခ၏ မျက်လုံးအိမ်ထဲမှ အလွန်ရှားပါးသော မျက်ရည်များ လိမ့်ဆင်းကျလာလေတော့သည်။

**ရပ်ရှင်အမြုတေ၊ မတ်၊ ၂၀၀၀**

# ရှုက်ဖွယ်

http://www.cherrythitsar.org



# ရှက်ဖွယ်

'ဘာမှမရှိတော့ဘူး × × × တစ်ခုမှ မရှိတော့ဘူး × × × ဘာမှ မရှိတော့ဘူး × × × တကယ်ကို တစ်ခုမှ မရှိတော့ဘူး × × × ခံစားချက်တွေပျက်စီး × × × ငါ့မှာ မျက်ရည်မရှိတော့ဘူး'

ဆောင်းဘောက်စ်မှ သီချင်းကို အားရပါးရ သံပြိုင်လိုက်ဆိုနေသော 'နေထွန်းသာ' သည် တီးလုံးပိုဒ်အရောက်တွင် မျက်စိကိုမှိတ်၊ ဒူးကို နှံ့၍ စီးကရက်ကို ရှိုက်ဖွာလိုက်သည်။

သူ့ဘေးက ခုံမှာ ယခုစီးကရက်၏ဒကာ 'ဂျင်မီစိုး' ရှိသည်။

'ဒီအချိန် မြန်မာစာကြီးကွ၊ ပျင်းစရာကောင်းတယ်'

ဟူသော အတိုင်ကို တစ်ယောက်က အစပြုပြီး

'အေးကွာ နောက်အချိန်တွေကလည်း အင်္ဂလိပ်စာနဲ့ သမိုင်းကွ'

ဟူသော အဖောက်နှင့် တစ်ယောက်က ထောက်ခံကာ

'ဒါဖြင့် လက်ဖက်ရည်ဆိုင် သွားကြမယ်'

ဟူ၍ နှစ်ဦးသဘောတူ ဆုံးဖြတ်လျက် ကျောင်းနားက လက်ဖက်ရည်ဆိုင်မှာ လာထိုင်နေကြခြင်းပင်ဖြစ်သည်။

'ဂျင်မီစိုး' က ငွေကြေးပြေလည်၍ လက်ဖက်ရည်ဖိုး၊ ဆေးလိပ်ဖိုး ဒိုင်ခံရှင်းလေ့ရှိ၏။ နေထွန်းသာက တစ်ခါတစ်လေမှ . . .

သူတို့နှစ်ယောက်စလုံး ဆံပင်ပုံစံဆင်တူညှပ်ပြီး အလယ်ခွဲကာ ဂျင်မီက အညိုရောင်ဆိုးထားသည်။ နေထွန်းသာကတော့ အဖေ့ကိုကြောက်၍ သည်လို လုပ်ခွင့်မရချေ။

လက်ဖက်ရည်ကို အချိန်ဆွဲသောက်ပြီး စီးကရက်ကို ဖိမ်နှင့်ဖွာကာ သီချင်းနားထောင်ရသည့် အရသာကို အလွန်နှစ်ခြိုက်ကြသဖြင့် မကြာခဏ အတန်းလစ်၍ သည်ဆိုင်ကို လာထိုင်နေကျ။

'ဖြောင်း'

ဘယ်လို ခံစားမှုလဲဟု ဝေခွဲ၍ မရခင် ရုတ်တရက် လူက အရှေ့သို့ စိုက်ကျသွားပြီး လက်ထဲက စီးကရက်လည်း လွင့်ထွက်သွား၏။ ယောင်ယမ်း လက်ထောက်မိသဖြင့် စားပွဲပေါ်မှ လက်ဖက်ရည်ပန်းကန်လည်း စောင်းမှောက်ကာ ဖိတ်စင်စီးကျကုန်သည်။

'ထောင်း' ခနဲ ဒေါသထွက်ပြီး မိမိဇက်ပိုးကို လာရိုက်သူအား နေထွန်းသာ ဆတ်ခနဲ လှည့်ကြည့်လိုက်မိသည်။

'ဟင် အဖေ'

မီးဝင်းဝင်းတောက်သော မျက်လုံးများဖြင့် စီးမိုးကြည့်နေသော အဖေ။ နေလောင်သော အသားအရေ၊ ညစ်နွမ်းနွမ်းစစ်အင်္ကျီ၊ မွဲခြောက်ခြောက် ဦးထုပ်အစုတ်ကို ဆောင်းလျက် ခါးကြီးတင်းတင်းထောက်လို့ပါကလား။

'ခွေးမသား . . .ဒီမှာလာ အလေလိုက်နေတယ်၊ ဟင်း ကျောင်းချိန်ကြီးကို အဖေက ကျွဲလိုနွားလိုရှာ မင်းက ဒီမှာလာဖြုန်း မင်း သေသွားမယ်'

http://www.cherrythitsar.org



အဖေက အင်္ကျီကော်လာစကို ဆွဲကုပ်ပြီး ကိုင်မ လိုက်သဖြင့် နေထွန်းသာ အမြန်မတ်တပ်ထရပ်ရင်း

'မ . . . မဟုတ်ပါဘူး အဖေ သူ တိုက်တာပါ'

'သူတိုက်တာနဲ့ပဲ မင်းက ဒီစီးကရက်ကို သောက်ရရောလား။ တယ် ငါကွာ ဆိုင်ထဲမှာမို့လို့ မင်းသက်သာနေသေးတယ် မှတ်။ သွား ကျောင်းထဲပြန်။ အေး မင်းနဲ့ ငါ ညနေမှ စာရင်းရှင်းမယ်'

အဖေ နင်းထွက်သွားသော ဆိုက္ကားပေါ်မှ ခရီးသည်မှာ အံ့သြသောမျက်နှာနှင့် နေထွန်းသာကို လှည့်ကြည့်သွား၏။ ဆိုင်ထဲမှ လူများ အားလုံးကလည်း နေထွန်းသာကို ဝိုင်းကြည့်နေကြသည်။

သွားပြီ။ အားလုံးသိကုန်ပြီ။ နေထွန်းသာ သေချင်လောက်အောင်စိတ်ညစ်သွားတော့၏။ ဂျင်မီ သိသွားတာ အဆိုးဆုံးပဲ။ မိမိကို ဆိုက္ကားသမား သားမှန်းသိသွားပြီး အထင်သေးတော့မည်။

ယခုနှစ်မှ ကိုးတန်းတက်ရန် ကျောင်းအသစ်သို့ရောက်လာသော နေထွန်းသာသည် သူငယ်ချင်းအသစ်တွေ မရိပ်မိအောင် ဟန်ဆောင်ထားနိုင်ခဲ့သည်။ လမ်းမှာ အဖေနှင့် တွေ့လျှင် မမြင်ယောင်ဆောင်ခဲ့၏။ ပုန်းနေခဲ့၏။ မိဘ အလုပ်အကိုင် 'ကုန်သည်' ဟုပြောခဲ့၏။

သည်နေ့တော့ သူ အလိမ်ပေါ်ပြီ။

လက်ဖက်ရည်ဆိုင်ထဲက ထွက်လာပြီး နှစ်ယောက်သား တိတ်ဆိတ်နေခဲ့ကြသော်လည်း နေထွန်းသာ ရင်ထဲမှာတော့ ဗလောင်ဆူနေချေပြီ။ သူဘာလုပ်ရမည်လဲ။ သည်အချိန် ကျောင်းလည်း မပြန်ချင်။ အိမ်ပြန်လျှင်လည်း မသက်သာ။ သက်ပြင်းရှည်ကြီးကို မှုတ်ထုတ်မိတော့သည်။

'မင်းအဖေက ဒေါသကြီးတယ်နော်'

'အေး သူစိတ်ဆိုးရင် တိုင်မှာ ကြိုးတုပ်ပြီး ရိုက်တာကွ'

'ဟာ မင်းအမေက မဆွဲဘူးလား'

'ငါ့အမေ ဆုံးတာကြာပြီ။ ရိုလဲ ဆွဲလို့ ဘယ်ရမလဲကွာ'

http://www.cherrythitsar.org



ပြောရင်း အမေ့ကို သတိရစိတ်ဖြင့် မျက်ရည်ဝဲချင်လာသည်။ နေထွန်းသာတို့ ညီအစ်ကိုသုံးဦးမှာ နေထွန်းသာ အကြီးဆုံး၊ ညီလတ်နှင့် ညီထွေးက အိမ်နားက အလယ်တန်းကျောင်းမှာ။ အဖေက မုဆိုးဖိုဘဝနှင့်ပင် တစ်နေကုန် ဆိုက္ကားနင်း၍ အိမ်စီးပွားကို တာဝန်ယူသည်။

ကျောင်းမုန့်ဖိုး၊ လမ်းစရိတ်လိုသမျှကို စိစစ်၍ ပေးသည်။ အဖေကိုယ်တိုင်လည်း အပိုမသုံး။ အရက်မသောက်၊ ဆေးလိပ်မဖွာ။ ကွမ်းပင်မစား။

အားလုံးကောင်းသော်လည်း သူတို့ညီအစ်ကိုတွေကို စိတ်တိုင်းမကျလျှင်တော့ ထိုးကျိတ်ရိုက်နှက်ရာ၌ လက်အလွန်ယဉ်သည်။ အပြစ်ကြီးလျှင် အိမ်ရှေ့ဓာတ်တိုင်မှာ ကြိုးတုပ်ရိုက်တတ်သည်။

သည်နေ့ ကိစ္စက အဲသည်လို အရိုက်ခံရဖို့ ရာခိုင်နှုန်းတော်တော်များနေပြီ။ အမယ်လေး တွေးကြည့်ရုံနှင့် ရှက်စရာ။ ကျောချမ်းစရာ။

'မင်းကွာ သည်လောက်ကြောက်ရရင်လည်း သူ မကြိုက်တာ ရှောင်ပေါ့ကွ။ ငါ့မိဘတွေဆို စကားကို တစ်ခွန်းနှစ်ခွန်း လှည့်ပတ်ပြောလိုက်ရင် ပြီးတယ်။ ပြဿနာ မရှိတော့ ငါကြိုက်သလို နေတာ။ မင်းအဖေ ပုံစံမျိုး ဆိုရင်တော့'

ဂျင်မီစိုးက ဆက်မပြောတော့ဘဲ ပုခုံးတွန့်ပြသည်။

'အေး ဒါကြောင့် ငါလစ်တော့မယ်'

'ဟင် ဘယ်ကိုလဲ'

'ငါကြီးတော်ကြီး ရှိတဲ့အညာကို'

'ဟာ ဟော့ကောင် ကျောင်းပျက်မှာပေါ့'

'ပျက် ပျက်ကွာ လောလောဆယ် ငါ စိတ်လေနေတယ်'

'ပြဿနာပဲ နေထွန်းသာရာ'

*

http://www.cherrythitsar.org



'ဦးလေး ၁၆ ရပ်ကွက် ဘုရားလမ်းဆိုတာ ဘယ်နားမှာလဲ'

'မြို့တောင်ဘက်မှာကွ။ နည်းနည်းတော့ ဝေးတယ်။ ဆိုက္ကားနဲ့သွားပေါ့'

ဘူတာမှ အထွက် ကြီးဒေါ်အိမ်ရောက်ဖို့ နေထွန်းသာဆိုက္ကားငှားရလေပြီ။ ဘုရားလမ်း 'ရွှေမြင်းစာအုပ်အငှားဆိုင်' ဆိုသည်မှ လွဲ၍ အိမ်အမှတ်လည်း မသိ။ တစ်ခါမှလည်း မရောက်မဖူးချေ။

ဆိုက္ကားသမားလေးက 'ဪသိတယ် သိတယ်'

ဟု ဝမ်းသာအားရဆို၍ သွက်လက်စွာ နင်းထွက်၏။ နေထွန်းသာနှင့်မှ ရွယ်တူလောက်ရှိ၏။

'ဟော့ ဖိုးသား မင်းအဖေ ဘာဖြစ်လို့လဲ'

'ထုံးစံအတိုင်းပေါ့ ဆေးရုံတင်ထားရပြန်ပြီ အစ်ကိုကြီးရေ'

မျက်နှာချင်းဆိုင်မှ လှမ်းမေးသော ဆိုက္ကားသမားကို ပြန်ဖြေရင်း

'ဒီတွဲက အဖေ့တွဲလေ အစ်ကိုရဲ့။ ဒီလိုပဲ အဖေနေဆိုးရင် ကျွန်တော်က တက်ဆွဲရတာ'

'ဟင် ဘာဖြစ်လို့'

'ဪ အဖေ နေဆိုးလို့ အခု ဆေးရုံတက်နေတယ်လေ'

'နေမကောင်းတာကို ပြောတာလား'

'ဟုတ်ကဲ့။ အစက ဆိုက္ကားနင်းရင် ဘေးချည်းဆွဲပြီး လည်နေတာလေ။ အဖေမနင်းနိုင်လို့ ခဏတိုင်း တက်နင်းရင်းနဲ့ ကျွမ်းသွားတာ အစ်ကိုရဲ့'

'ဒါဆို မင်းပဲ အမြဲနင်းတာပေါ့'

'အာ ကျွန်တော်က ကျောင်းတက်နေတာ အစ်ကိုရ။ ဒီနေ့ဆို စာတွေ လွတ်ကုန်ပြီလေ'

နေထွန်းသာ အလန့်တကြားနှင့် သူ့ကို မော့ကြည့်မိသည်။

http://www.cherrythitsar.org



ဘယ့်နှယ်ကျောင်းသားက ဆိုက္ကားထွက်နင်းရတယ်လို့။

'ဘယ်နှစ်တန်းလဲ'

'ကိုးတန်းပါ'

နေထွန်းသာမျက်နှာ နည်းနည်းစပ်ဖျဉ်းဖျဉ်း ဖြစ်သွားသလိုပင်။

'ဒါဆို ကျောင်းပျက်တော့ ဆရာမတွေက မဆူဘူးလား'

ကုန်းတတ်မို့ အရှိန်ရအောင် မတ်တပ်ရပ်လျက် နင်းရင်း အရှေ့မှ စက်ဘီးများကိုလည်း ဘဲလ်တီး အချက်ပေးလိုက်သေးသည်။

'ရှင်းပြထားရတာပေါ့ ဆရာမတွေကလည်း သိနေတော့ ညနေကျောင်းဆင်းရင် အိမ်ခေါ်သင်ပေးတယ်။ ကျွန်တော်က ဆိုက္ကားစောစောသိမ်းရတာပေါ့။ သူငယ်ချင်းတွေကလည်း စာအုပ်ငှားကြပါတယ်။ ဒါပေမယ့် ကျောင်းမှာ သင်တာက ပိုကောင်းတာပေါ့ အစ်ကိုရာ မဖြစ်လို့သာ ဆိုက္ကားထွက်နင်းနေရတာ။ ပြန်သင်ပေးရတဲ့ဆရာမကိုလည်း အားနာလှပြီ'

'မင်းအဖေက ဘာဖြစ်တာတဲ့လဲ'

'အဖေက အသည်းခြောက်တာလို့ ဆရာဝန်က ပြောတာပဲ။ အရင်က အရက်အရမ်းသောက်ခဲ့လို့တဲ့။ အလုပ်က ပင်ပန်းတော့နည်းနည်းသောက်ရင်းက စွဲသွားရှာတာပေါ့ အစ်ကိုရာ။ မနှစ်က ဒီအချိန်ဆို သွေးအန်လို့ တစ်ခါ ဆေးရုံတက်ရပြီးပြီ။ သိပ်သနားစရာကောင်းတာပဲဗျာ။ အခုတစ်ခါ သွေးစလေးနည်းနည်းပါရုံနဲ့ လန့်ပြီး ဆေးရုံသွားတင်လိုက်တာ'

'အရက်ဖြတ်ခိုင်းပေါ့'

'စွဲနေပြီ။ မရတော့ဘူး။ အဖေ့ကိုကြည့်ပြီး ကျွန်တော်တော့ တကယ် သင်ခန်းစာရတယ်။ အရက်ဆို လုံးဝ မစဘူး။ ဆေးလိပ်လည်း မသောက်ဘူး။ ဘာလုပ်မလဲအစ်ကိုရာ ပိုက်ဆံအပိုကုန်တာပေါ့ မဟုတ်ဘူးလား'

http://www.cherrythitsar.org



ဖိုးသား၏အမေးကို သူခေါင်းညိတ်လိုက်မိသလားပင်၊ နေထွန်းသာ မသေချာဘဲ မျက်စိထဲ အဖေ့မျက်နှာကိုသာ မြင်နေတော့သည်။ မိမိအဖေနှင့် ဖိုးသားအဖေ ဘဝတူ။ ခံယူချက်ခြင်း ကွဲပြားကြသည်။ မိမိနှင့် ဖိုးသားကရော။ အရက်သောက်သော အဖေကို မငြိုငြင်ဘဲ သင်ခန်းစာယူသော၊ အိမ်စီးပွားရေးကို တစ်ဖက်တစ်လမ်းက ကူထောက်နေသော၊ ဆိုက္ကားနင်းရသည်ကို ကျောင်းချိန်ပျက်သည့်အတွက် တစ်ခုတည်းကြောင့်သာ မနင်းချင်သော၊ ပညာရေးကို တန်ဖိုးထားသော ဖိုးသားနင်းသည့် ဆိုက္ကားပေါ်မှာ ထိုင်စီးရသည်ကိုပင် နေထွန်းသာ လိပ်ပြာမလုံချင်တော့ချေ။

အဖေသာ နေမကောင်းဖြစ်ခဲ့ပါက နေထွန်းသာသည်လို ဆိုက္ကားနင်းရပါ့မလားမသိ။ အဖေကျန်းမာနေခြင်းသည် မိမိတို့အတွက် အလွန်အဖိုးထိုက်တန်သော အနေအထားပါကလား။

အဖေ့စေတနာတွေကို စော်ကားခဲ့မိသော မိမိကိုယ်ကို ဘယ်မှာဝှက်ထားရမည်မှန်း မသိတော့အောင် ရှက်မိသည်။ ဆိုက္ကားသမားသားဖြစ်ရခြင်းအတွက်တော့ ဘာမှ ရှက်စရာမရှိပါ။

ဆိုက္ကားတုန့်ခနဲရပ်မှ အတွေးလည်း ပြတ်သည်။

ဆိုက္ကားခ ဆိုဈေးထက် ပိုပေးသည်ကိုပင် ဖိုးသားကမယူ။ ပြန်အမ်းသည်။ စာအုပ်ဆိုင်ထဲမှ ကြီးဒေါ်ဖြစ်သူ ပြေးထွက်လာသည်။

'ဟဲ့ ငထွန်း ငထွန်း မဟုတ်လား။ လာ လာ'

'ကြီးကြီး နေကောင်းလား'

'အေး ကောင်းပါ့။ ဒါနဲ့ မင်းဘာကိစ္စနဲ့ လာတုန်း။ မင်းအဖေ့ရော'

'အားလုံးပြီးတော့ ပြောပြပါ့မယ် ကြီးကြီးရာ။ ရထားဘယ်အချိန်ပြန်ထွက်မလဲ သိချင်လို့။ ခုနက ဆိုက္ကားသမားကိုလည်း မမေးလိုက်ရဘူး'

http://www.cherrythitsar.org



‘ဒီနေ့ နေ့လည် ၂နာရီလေ၊ ဘာဖြစ်လို့လဲ’
‘ကျွန်တော် ပြန်မလို့’
‘ဟောတော့’

မြအလင်္ကာမဂ္ဂဇင်း၊ ဩဂုတ်၊ ၁၉၉၉

http://www.cherrythitsar.org

ကြွေးအေး

http://www.cherrythitsar.org



# ကြွေးအေး

'ကိုကို အိမ်ပြန်ရအောင် မိငယ် ဗိုက်ဆာလှပြီ'

မိငယ်ရဲ့ ငိုမဲ့မဲ့အသံကြားမှ ကျွန်တော်အယောင်ယောင်အမှားမှား နဲ့ ထိုင်နေရာက ထရပ်မိတော့တယ်။ ကျောင်းဆင်းကတည်းက ကျောင်း ဘောလုံးကွင်းအစပ်မှာ လာထိုင်နေတာ အခုကျောင်းထဲမှာ လူတောင် အတော်ရှင်းနေပြီပဲ။

'ကိုကိုရယ် သူများခိုးသွားတာပဲ။ မေမေ ရိုက်မယ်မထင်ပါဘူး'

မိငယ်က ကျွန်တော့်လက်မောင်းကို ကိုင်လှုပ်ပြီး အားပေးနှစ် သိမ့်ပါတယ်။

'မေမေ ရိုက်မှာစိုးလို့မဟုတ်ဘူးဟ။ ငါ့မိုးကာလေးကို ငါနှမြော လို့'

ကျွန်တော့် မိုးကာအသစ်လေးက အနီရဲလေးပါ။ စာမေးပွဲအောင် လို့ အမေဆုချထားတာ ဘယ်နှစ်ခါမှတောင် မဝတ်ရသေးပါဘူး။ မနက် က ကျောင်းကိုအလာမှာ မိုးမရွာလို့ ဒီအတိုင်းခေါက်ထည့်လာတာ။ အဲဒါ ဈေးထဲက ဖြတ်သွားတုန်းကပဲ ခါးပိုက်နှိုက်ထားလိုက်တာလား။ ကျောင်း

http://www.cherrythitsar.org



ရောက်မှ ပျောက်တာလားဆိုတာ ကျွန်တော်ဘယ်လိုမှ မသိလိုက်ပါဘူး။ ကျောင်းဆင်းတော့မှ မရှိတော့ဘူးဆိုတာ သိရလို့ ဆရာ့ကိုတိုင်တော့ ဆရာက အတန်းထဲက လူအားလုံးရဲ့ လွယ်အိတ်တွေခြင်းတောင်းတွေ အားလုံးကို ရှာခွင့်ပြုခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော့်မိုးကာအနီလေးကိုတော့ အစအနတောင် ရှာမတွေ့ပါဘူးဗျာ။

ဒါကြောင့် စိတ်ပျက်ပျက်နဲ့ ဒီနားလာထိုင်နေတာ ညီမလေး မိငယ် ဂျီကျမှပဲပြန်ဖို့ ပြင်ရပါတော့မယ်။ အိမ်အပြန် ကျွန်တော့်ခြေလှမ်းတွေက လေးလို့။

ကျွန်တော်တို့ အဖေနဲ့အမေက ပိုက်ဆံများများ မရှိပါဘူး။ ဝင်ငွေနဲ့ထွက်ငွေ မမျှဘူးလို့ အမေအမြဲညည်းညူတတ်ပါတယ်။ ကျွန်တော်တို့မောင်နှမ ကျောင်းစရိတ်ကကို မနည်းဘူးထင်ပါရဲ့။ အခု မိုးကာလေးကို အမေက ဝယ်ဖို့ ကန့်ကွက်ပါသေးတယ်။ အဖေက 'ငါပြောပြီးသားမို့ ဝယ်ပေးလိုက်ပါကွာ' လို့ထောက်ခံလို့ ဝယ်ဖြစ်သွားတာပါ။ မိငယ်တောင် ချာလီထီးလေးပဲ ဆောင်းရပါတယ်။ ခုပုံအတိုင်းဆို ထပ်မဝယ်နိုင်တဲ့ ကျွန်တော့်အတွက် မနှစ်ကဆောင်းခဲ့တဲ့ အရွက်ဖြူနေတဲ့ ထီးစုတ်ကလေးကိုပဲ သေတ္တာထဲက ပြန်ရှာထုတ်ရပါတော့မယ်။

အဖေက ဆေးရုံက ဆင်းလာတာ မကြာသေးပါဘူး။ အရက်ကြောင့် အသည်းရောင်တယ်လို့တော့ ပြောတာပဲ။ ဆေးရုံက ဆင်းလာတော့ ခါတိုင်းသူမောင်းနေကျ ၃၄ ကားလေးကို သူများဝင်မောင်းနေပါပြီ။ ဒီတော့ အဖေက တခြားလူတွေ အားတဲ့ရက်တွေမှာ အစားဝင်မောင်းရပါတယ်။ သူ့သူငယ်ချင်းတွေကလည်း တစ်ရက်စီပေးမောင်းကြတယ် ပြောပါတယ်။ ပုံမှန်တော့ မဟုတ်ဘူးပေါ့။ အဲဒီတော့ ပိုက်ဆံအရနည်းသွားပါတယ်။ ကားမထွက်ရတဲ့ရက်ဆိုရင် အဖေက ဟိုဘက်လမ်းက 'အရက်ဖြူဆိုင်'ကို ရောက်ရောက်နေတတ်ပါတယ်။ 'အဖေနဲ့ အရက်နဲ့ မတည့်ဘူး' လို့ ဆေးရုံက ဆရာဝန်တွေက မှာလိုက်ပြီးသားလို့ အမေပြောပြော

http://www.cherrythitsar.org



နေတာ ကြားပါတယ်။ အဲဒီကိစ္စကြောင့် အဖေနဲ့အမေ တကျက်ကျက်ရန်ဖြစ်တတ်ကြပါတယ်။

အမေနဲ့ မမကြီးရွှေရည်ကတော့ အိမ်မှာပဲ ဆီးတော်ဖီ ထုပ်ကြပါတယ်။ မမကြီးက ၄တန်းမအောင်တာနဲ့ ကျောင်းထွက်ပြီး အမေ့ကို ကူရတာတဲ့။ သူသာအောင်ခဲ့ရင် အခုချိန်ဆို ၇ တန်း တက်ရမှာလေ။ ကျောင်းဆက်မထားနိုင်တော့လို့ ထွက်ခိုင်းတာလဲ ပါမှာပေါ့။ အခုတော့ ကျွန်တော်တို့ အငယ်နှစ်ယောက်ပဲ ရပ်ကွက်ထဲက အလယ်တန်းကျောင်းလေးမှာ ကျောင်းတက်နေကြတာ။ ကျွန်တော်က ၆ တန်း၊ ညီမလေး မိငယ်က ၄တန်းပါ။

ကျောင်းပိတ်ရက်ကတော့ ကျွန်တော်တို့လည်း ဆီးတော်ဖီကူထုပ်ပေးပါတယ်။ အမေတို့ အိတ်ချုပ်ထားတဲ့အထဲကို ဆီးတော်ဖီတုံးကလေးတွေ ထည့်ပြီး ထိပ်ကို ပိတ်ပေးရတာလေ။ ဒါပေမယ့် ကျွန်တော်တို့ လုပ်တာ နှေးတော့ အလုပ်မတွင်ဘူးပေါ့။ အဲဒါကလည်း တစ်နေ့လုံး ထုပ်မှ ၁၀၀၀ လောက်ပြီးတာ။ ပိုက်ဆံကလည်း ၁၀၀လောက် ရတာတဲ့။ ဒါကြောင့် တစ်အိမ်လုံးအတွက် ပိုက်ဆံထုတ်ပေးတဲ့အမေက အခုလို အလဟဿ ဆုံးရှုံးရတာမျိုးဆို ဆူလို့ ပြောလို့ပြီးမှာ မဟုတ်တော့ပါဘူး။

မတတ်နိုင်ဘူးလေ၊ ကျွန်တော် ပေါ့ဆလို့ဖြစ်တာ။ ဆူရုံမက ရိုက်ရင်တောင် ခံရုံပဲ ရှိတော့တာပေါ့။ ကျွန်တော့် စိတ်ထဲ နှမြောလွန်းလို့ ဘယ်နေရာကြည့်ကြည့် မိုးကာအနီရဲလေးကိုပဲ မျက်စိထဲ မြင်ယောင်နေတော့တာပဲ။

'တောက်' ခြစ်ခြစ်ခြုပ်ခြုပ် ရှားရှားပါးပါး ဝယ်ထားရတဲ့ ကျွန်တော့်မိုးကာလေးကိုမှ ခိုးသွားရက်လေခြင်းဗျာ။ ငရဲကြီးချင်ကြီး ခိုးတဲ့လူကို ကျွန်တော် ပျစ်ပျစ်နှစ်နှစ် ကျိန်ဆဲပစ်လိုက်တယ်။ သူများပစ္စည်းကို မတရားယူသွားတဲ့ကောင် မိုးကြိုးပစ်ချပါစေဗျာ ကဲ . . .။

ထုံးစံအတိုင်း ပူညံပူညံ ဆူပွက်၊ ကျွန်တော့်ခေါင်းကို ခပ်ပြင်း

http://www.cherrythitsar.org



ပြင်း အခေါက်ခံရပြီးတဲ့နောက် ကျွန်တော့်မိုးကာ ပျောက်မှုအဆုံးသတ်သွားပါတယ်။ အမေဆူတဲ့ အထဲမှာ မိုးကာအကျီဖိုးကြွေးတောင် မကျေသေးဘူး ဆိုပါလား။ ဒါဆို မိုးကာမရှိတော့ပေမယ့် ပိုက်ဆံကတော့ ပေးကို ပေးရမှာနော်။ ကျွန်တော်ပူဆာလွန်းလို့သာ အလိုလိုက်ပြီး ဝယ်ပေးတာ။ အဲဒီအချိန်က မိုးကာဖိုး မပြည့်လို့ထင်ပါရဲ့။ ဒီလိုပျောက်မယ်မှန်းသိရင် မဝယ်ခိုင်းပါဘူးဗျာ။ ခုတော့ စိတ်ဆင်းရဲလွန်းလို့ ကျောင်းစာလည်း မလုပ်၊ ထမင်းလည်း မစားဘဲ ကျွန်တော် မှောက်အိပ်နေလိုက်တယ်။

ညကျတော့ ဗိုက်ထဲက ဆာလွန်းလို့ လန့်နိုးသွားရော။ တစ်အိမ်သားလုံး အိပ်မောကျနေကြပြီလေ။ မီးဖိုထဲကို တိတ်တိတ်လေး ခြေဖော့နင်းသွားတာတောင် ကြမ်းပြင်က ဂျိုးဂျိုးဂျွတ်ဂျွတ် မြည်သေးတာ။ အိုးထဲမှာ ထမင်းတော့ ကျန်သေးတယ်။ ပဲပင်ပေါက်ကြော်က သိုးလို့။ ဒါနဲ့ ငါးပိရည်နဲ့ပဲ နယ်စားလိုက်ရတယ်။ ဒါ ကျွန်တော်တို့အိမ်ရဲ့ ပုံမှန်ချက်နေကျဟင်းပါပဲ။ တစ်ခါတလေ ငါးသေးသေးလေးတွေ ချက်ပေမယ့် ကျွန်တော်က အရိုးနစ်ခါစူးပြီးတဲ့ နောက်ပိုင်း ကြောက်လို့ မစားတော့ပါဘူး။

ထမင်းစားရင်း ကျွန်တော်စားခဲ့ဖူးတဲ့ အပျံစားဟင်းတွေကို သတိရသေးတော့။ အတန်းထဲက 'မင်းသီဟ' တို့ ရှင်ပြုအလှူတုန်းကလေ။ သူ့အဖေက အဆောက်အအုံ ကန်ထရိုက်တာဆိုတော့ ချမ်းသာတာပေါ့။ သူတို့အလှူကို ကျွန်တော်တို့ တစ်တန်းလုံးဖိတ်လို့ ဆရာမနဲ့ သွားကြတာ။ ဟိုကျ ဟင်းတွေက ကောင်းလိုက်တာဗျာ။ ကြက်သားဟင်း၊ ဝက်သားဟင်း၊ ကြာဆံနဲ့ အစိမ်းကြော်၊ သရက်ချဉ်သုပ်၊ ငါးပိကြော်နဲ့ ဟင်းချိုတွေ ဟား . . . ဘာပြောကောင်းလိုက်မလဲ။ ကျွန်တော်တော့ ကြက်သားဟင်းချဉ်းပဲ ထိုင်စားပစ်လိုက်တာ ဗိုက်ကို တင်းသွားတာပဲ။

အိမ်မှာဒါမျိုးတွေ မချက်တာကြာလှပြီ။ ကြည့်ရတာ အမေလည်း မချက်တတ်တော့ဘူးနဲ့ တူပါတယ်။ အလှူက ပြန်လာပြီး လေးငါးခေါက်ရက်ဆက်ပြီး ဒါပဲ ပြောပြောနေလို့ တော်ပါတော့ ပြောယူရတဲ့ အထိပဲ။

http://www.cherrythitsar.org



စားရတာတင် မကဘူး။ ပြောရတာလည်း သိပ်အရသာရှိတာပဲ။ မမကြီးကတော့ အဲဒါ အလှူဟင်းတဲ့။ အလှူတွေမှာပဲ ချက်ကြတာ။ အိမ်မှာ မချက်ဘူးတဲ့လေ။ ခက်တာက အဲဒီအလှူ ဆိုတာကိုလည်း မသွားရတာ ကြာပါပြီလေ။

ညကျတော့ ဗိုက်တင်းပြီး အိပ်ပျော်သွားတော့ အိပ်မက်ထဲမှာ ကျွန်တော်တစ်ယောက်တည်း အလှူဟင်းတွေ စားနေလိုက်တာများဗျာ။

*

'အဒေါ် အဒေါ် အမေက ပိတ်စဖိုး ငွေကျန်တာ ပေးလိုက်ပါတဲ့'

ကျွန်တော် အိပ်ရာထထခြင်း ကြားလိုက်ရတာပါပဲ။ အမေရဲ့ 'အေးအေး အဒေါ်လာခဲ့မယ်လို့ ပြောလိုက်နော် သမီး' ဆိုတဲ့ အသံအဆုံး မကျေမနပ်နဲ့ ပြန်လှည့်သွားတဲ့ အထည်သည် ဒေါ်ထွေးရဲ့သမီးကို တွေ့လိုက်ရပါတယ်။ ဒါ ကျွန်တော်တို့ ကျောင်းအင်္ကျီနဲ့ လုံချည်ဝယ်တုန်းက ကျန်တဲ့ ပိုက်ဆံပဲ ဖြစ်ရမယ်။ အမေ့မှာ ပိုက်ဆံမရှိပေမယ့် ကျွန်တော်တို့ မောင်နှမမှာ အင်္ကျီ အစုတ်အဟောင်းတွေပဲ ရှိလို့၊ ကျပ်လည်းကျပ်နေလို့ အမေ ဖွတ်ဝယ်ပေးခဲ့တာ နေမှာ။ ဪ အဲဒါ ပိုက်ဆံ အကျေမပေးရ သေးဘူးကိုး။

ခုမှ သတိရတယ်။ လမ်းထိပ်စက်ဆိုင်မှာ အင်္ကျီသွားရွေးတော့လည်း အမေရယ်ပါလာတာနဲ့ မလောက်လို့ 'နောက်နေ့လာပေးမယ်နော် အစ်မ' လို့ ပြောခဲ့သေးတာပဲ။

ဒါပေမယ့် ပေးပြီး မပြီး ကျွန်တော်မသိ။ ဟိုနေ့က အဖေ့ပုဆိုး သံချိတ်နဲ့ ညှိပြီး ပြဲသွားတုန်းကတော့ အဲဒီဆိုင်ကို ကျော်ပြီး ဟိုဘက်လမ်းက ဆိုင်မှာ သွားချုပ်တယ်။

http://www.cherrythitsar.org



'ဟဲ့ ဘိုဘို မျက်နှာသစ်ပြီး ဘာငိုင်နေတာလဲ။ သွား အမေ့ကို ဆီသွားဝယ်ပေးစမ်း၊ ရော့ ပုလင်း၊ ဒီမှာ ပိုက်ဆံ တစ်ဆယ်သားဝယ်ခဲ့။ မဖွားချစ်ဆိုင်မှာ မဝယ်နဲ့နော်။ ဟိုဘက်က ဒေါ်အေးမှင်မှာ ဝယ် ကြားလား'

'မဖွားချစ်ဆိုင်က ဘာဖြစ်လို့လဲ အမေရ။ အမေပဲပြောတော့ သူက အဆစ်ပိုထည့်ပေးတတ်တယ်ဆို'

'တယ် . . . ဒီကလေးနှယ် လျှာကလည်း ရှည်လိုက်တာ။ နင့်ယောက္ခမ မဖွားချစ်ဆီမှာ ပိုက်ဆံပေးစရာ ရှိနေလို့ ဟေ့ သိပြီလား။ စိတ်ရှုပ်ရတဲ့ အထဲတော်'

မနက်စောစောစီးစီး ကြွေးတောင်းခံရလို့ အမေက စိတ်ရှုပ်နေပေမယ့် ကျွန်တော်ကတော့ မဖွားချစ်ကို ယောက္ခမ လို့ အမေပြောလိုက်တာကို တွေးပြီး ရယ်ချင်သွားတာပဲ။ မဖွားချစ်သမီး နှပ်ချေးတွဲလောင်းနဲ့ ဘုတ်ဆုံမ မျက်နှာကို ပြေးမြင်လိုက်တာကိုး။ ဗ တန်းသာရောက်တယ်။ သူ့မှာ နှပ်တရှုပ်ရှုပ်နဲ့လေ။ ကျွန်တော်တို့က စလေ သူက နှပ်ပိုရှုပ်လေ။ အမယ် နှပ်သာ မပြောင်တာ။ သူက ဆွဲကြိုးလေးနဲ့။ မိငယ်ကဆို အဲဒါမျိုး ဝတ်ချင်လို့ အမေ့ကို ပူဆာဖူးသေးတယ်။ ကျွန်တော့်မိဘတွေက ဘယ်ဝယ်ပေးနိုင်ပါ့မလဲ။

ဒါနဲ့ ကျွန်တော်လည်း 'ဟဲ့ မိငယ်၊ ဘုတ်ဆုံမ ဝတ်ထားတာ အတုတွေဟ၊ နင်က မသိဘဲနဲ့ လျှောက်မပူဆာနဲ့' လို့ ပြောလိုက်တော့မှ ညီမလေးလည်း ငြိမ်သွားတော့တယ်လေ။

*

ဒီနေ့ ကျွန်တော်တို့ ကျောင်းဆင်းချိန်မှာ မိုးက အတော်ကို သည်းပါတယ်။ ကျွန်တော့်ထီးက ခေါင်မလုံတော့ ခေါင်းတွေလည်း စိုရွှဲကုန်တာနဲ့ မထူးပါဘူးဆိုပြီး လွယ်အိတ်ကို ကျွတ်ကျွတ်အိတ်နဲ့ ထုပ်ပြီး

http://www.cherrythitsar.org



ဘောင်းဘီတိုလေးနဲ့ ပြန်လာခဲ့ပါတယ်။ လုံချည်စိမ်းနဲ့ အင်္ကျီကိုတော့ မိငယ်လွယ်အိတ်ထဲ ထည့်ခဲ့တာပေါ့။

အိမ်ရောက်တော့ အိမ်ရှေ့ခန်းမှာ အမေနဲ့ မမကြီး ခေါင်းမဖော် စတမ်း အလုပ်လုပ်နေကြပါတယ်။ သူတို့ဘေးမှာလည်း မထုပ်ရသေးတဲ့ ဆီးတော်ဖီတွေ အများကြီးကျန်သေးတယ်။ ဘယ်လိုဖြစ်တာပါလိမ့်။ ခါ တိုင်းဆို ဒီအချိန်အားလုံးပြီးလို့ မမကြီးသွားပို့ပြီး ပြန်တောင်လာနေပြီ ဥစ္စာ။

မိုးသံလေသံကြားမှာပဲ အမေက လှမ်းအော်နေပါတယ်။

'ဘိုဘို အိမ်ပေါ်မတက်နဲ့ဦးသား။ အမေ့ကို ဆန်သွားဝယ်ပေး ဦး။ ဒေါ်ခင်ဥဆိုင်ကို သွားနော်။ အရင်ဟာနဲ့ အခုဟာ ပေါင်းမှတ်ထား ပါလို့ပြော။ နေ့လယ်က အဖေ့ကို ဆေးရုံ အရေးပေါ်သွားပြရတယ်။ အဲဒါ ကြောင့် ဆေးတွေ ဝယ်လိုက်ရလို့ပါလို့ ပြော။ ကြားလား။ ဆန်နှစ်လုံး ယူခဲ့။ လမ်းမှာ မဖိတ်စေနဲ့နော်'

ကျွန်တော် ထွက်သာထွက်ခဲ့ရတယ်။ အဖေ ဘာများဖြစ်ပြန်ပြီ လဲ။ ဆေးရုံတော့ မတင်ရဘူးပေါ့။ ဒါကြောင့်သာ အမေရော မမကြီးရော အိမ်မှာ ရှိနေကြတာ နေမှာ။ နေ့လယ်က အလုပ်တွေ အခုမှ တွန်းလုပ်နေ ကြတာ ဖြစ်ရမယ်။ အဲဒါတွေ ပြန်အပ်နိုင်မှ ပိုက်ဆံရမှာမို့ ဆန်ဖိုးမပေး လိုက်နိုင်တာ ထင်တယ်။ အဖေကလည်းနော် ဒီလောက် ခဏခဏနေ မကောင်းဖြစ်နေလည်း ဒီ မတည့်ပါဘူးဆိုတဲ့ အရက်ကို ဘာလို့များ သောက်သောက် နေရသလဲ မသိပါဘူး။

ဆန်ဆိုင်ရောက်တော့ ဒေါ်ခင်ဥရဲ့ မျက်နှာထား တင်းတင်းကြီး ကို ကြောက်ပေမယ့် အမေမှာလိုက်တာတွေကိုတော့ အထစ် ထစ်အငေါ့ငေါ့နဲ့ပဲ ပြောပြလိုက်ရပါတော့တယ်။

သူက ဆန် ၂ ဘူးကို ဆောင့်ဆောင့်အောင့်အောင့် ခြင်ထည့်ပြီးမှ မကျေမနပ်လေသံနဲ့။

http://www.cherrythitsar.org



'ငါကတော့ သနားလို့ ပိုက်ဆံချန်ထားလည်း ကြွေးပေးရတယ်။ ဒါပေမယ့် မင်းအမေက သိပ်လူလည်ကျလွန်းတယ်'

'ဟာ ကြီးကြီးကလည်း အမေက လူလည်မကျပါဘူး။ တကယ် ပိုက်ဆံမရှိလို့ပါ'

'အောင်မာ မင်းက ဘယ်လောက်သိလို့ ပြန်ပြောနေရတာလဲ။ ပိုက်ဆံမရှိတော့ ငါ့ဆီလာ။ ပိုက်ဆံရှိတော့ တခြားဆိုင်မှာ လက်ငင်းပေး ဝယ်တာ ငါသိတယ်ဟဲ့။ ပြောလိုက် မင်းအမေကို ဒါနောက်ဆုံးပဲ။ ကြွေး မကျေဘဲနဲ့ နောက်ထပ် လုံးဝမပေးတော့ဘူးလို့ ကြားလား'

ကျွန်တော်စဉ်းစားကြည့်တယ်။ ရတဲ့ပိုက်ဆံက နည်းနည်းလေး၊ ထွက်တော့ အများကြီးဖြစ်ဖြစ်နေတာ ကြာရင် အမေတော့ ဒုက္ခပါပဲ။ အဖေ ကလည်း ခုရက်မှာ အလုပ်ဆင်းနိုင်ဦးမယ် မထင်ဘူး။

ကျွန်တော်တို့ ကျောင်းမတက်ဘဲ အမေတို့နဲ့ ကူလုပ်ရင် ပိုက်ဆံ ပိုရမှာပဲ။ ဒါပေမယ့် ကျွန်တော်တို့ အတန်းပိုင်ဆရာမက ပြောတာတော့ စာမတတ်လို့ လူတွေ ဆင်းရဲနေကြတာတဲ့။ စာတတ်အောင် ကြိုးစားရ မတဲ့။ ဒီလို စာတတ်အောင်လို့ ကျောင်းဆက်တက်မှ ဖြစ်မှာပေါ့။ ကျွန် တော် မဆင်းရဲချင်ဘူး။ အဖေနဲ့ အမေတို့လို ကြွေးတွေ ခဏခဏ လာ တောင်းတာမခံချင်ဘူးလေ။

'ဟဲ့ ဘိုဘို၊ အမလေး လေ။ မိုးရေထဲမှာများ ဗိမ်ဆွဲလျှောက်နေ ရသလား။ ဖျားတော့မှာပဲ။ လာစမ်း မြန်မြန်။ ဒီကလေးတော့ ခက်တော့ တာပဲ'

အမေ့အော်သံကြားမှာ တံစက်မြိတ်အောက် အမြန်ပြေးဝင်ရ တယ်။ ဟုတ်ပါရဲ့ ကျွန်တော်လက်သည်းလေးတွေ 'ပြာလို့' ချမ်းလိုက်တာ ဗျာ။

*

http://www.cherrythitsar.org



'ငါဆန်တွေကို အလကားလာ ယူကြတယ်။ ပိုက်ဆံမပေးနိုင်ရင် နင့်ကို သတ်မယ်'

ဒေါ်ခင်ဥ လက်ထဲမှာ ဓားကြီးနဲ့ ကျွန်တော်အတင်းထွက်ပြေး တာတောင် သူက နောက်က လိုက်လာတာပဲ။ ခြစည်းရိုးတွေကျော်၊ လယ် ကွင်းတွေဖြတ်၊ အိမ်ခေါင်မိုးတွေပေါ်က အသားကုန် တက်ပြေးတာလည်း နောက်က ပါလာတာပဲ။ နောက်တော့ ပြေးရင်းလွှားရင်းနဲ့ ကျွန်တော် ခေါင်မိုးပေါ် ခြေချော်သွားတယ်။

'အား အမေရေ'

'ဘိုဘို ဘိုဘို ဘာဖြစ်တာလဲ။ ဟယ် ကိုယ်တွေလည်း ပူခြစ် နေပါလား။ အမေ အမေ ဘိုဘို ဖျားနေတယ်။ ကယောင်ကတမ်းတွေလည်း အော်လို့'

မမကြီးရဲ့ အလန့်တကြားအော်သံတွေနဲ့ အတူ ညကြီးမင်းကြီး အမေက ကျွန်တော်ကို မနိုင့်တနိုင်ချီပြီး လမ်းမတန်းက ဆရာဝန်ဆီကို ခေါ်လာကြပါတယ်။ ဆရာဝန်ကို တော်တော်ကြာကြာ နှိုးရပါသေးတယ်။ နိုးလာပြီး ထကြည့်ပေးလို့ တော်သေးတယ်လို့ မမကြီးက ခပ်တိုးတိုးပြော ပါတယ်။

ဆရာဝန်ကြီးက စမ်းသပ်ကြည့်ပြီး

'အဖျားက ၁၀၄ ရှိတာကိုး။ ဒါကြောင့် ကလေးလန့်ပြီး အော်တာ ပါ'

လို့ပြောပြီး ကျွန်တော့်ကို ဆေးထိုးပေးပါတယ်။ ကျွန်တော့်က အံကြိတ်ပြီး တောင့်ခံလို့

'သားက သတ္တိကောင်းလိုက်တာ'

လို့လည်း ချီးကျူးလိုက်ပါသေးတယ်။ ဆရာဝန်ကြီးက သဘော ကောင်းလိုက်တာနော်။

ဆေးဖိုးငွေရှင်းတော့ အမေက

http://www.cherrythitsar.org



'ဆရာရယ် ဒီလောက်ပဲပါလို့ ကျန်တာနောက်တစ်နေ့ လာပြီ တော့ပေးပါ့မယ်'

လို့ ခပ်တိုးတိုးပြောပါတယ်။ ဟာ ကျွန်တော် မျက်နှာပူသွားတာ ပဲ။ အမေ့လက်ထဲ ပါလာတဲ့ ပိုက်ဆံကလည်း နှစ်ဆယ်တန် နှစ်ရွက် တည်း။ ကျွန်တော် ဆရာဝန်ကြီးကို စိုးရိမ်တကြီး မော့ကြည့်လိုက်တော့ ပြုံးပြုံးရယ်ရယ်နဲ့

'ရပါတယ်ဗျာ။ မနက်ဖြန်ညနေတော့ လာပြဦး'

လို့ ပြောလိုက်လို့ တော်သေးတယ်။ ညအိပ်ချိန်လည်း ထကြည့် ပြီး ဆေးကုပေးရသေးတယ်။ ဆေးဖိုးလည်း အပြီးမပေးဘူး။ ညနေက ဆီးတော်ဖီထုပ်ခ ရှင်းလာတဲ့ ပိုက်ဆံတွေ ရှိသားနဲ့။

*

နောက်နေ့ညနေကျ ဆေးခန်းသွားမယ် ကြံတော့ အမေက 'ဆရာမောင်ဆေးနီမှုန့်' ဖျော်ပြီး ကျွန်တော့ကို တိုက်ပါတယ်။ ကျွန်တော် လည်း သက်သာနေပါပြီ။ ဒါပေမယ့် ဒီနေ့ပြန်လာလို့ ဆရာဝန်ကြီးမှာ ထားတာကိုး။ ပြီးတော့ မနေ့က ဆေးဖိုးကျန်တာလည်း ပေးရဦးမယ် မဟုတ်လားလို့ အမေ့ကို မေးကြည့်တော့

'ဆရာက သိပ်ဆိုးမှ ပြန်လာခိုင်းတာပါ။ ခု သားနေကောင်းနေပြီ ပဲ။ ဆရာဝန်ခေါ်တိုင်း ပြန်သွားစရာ မလိုဘူး'

လို့ ခပ်ဆတ်ဆတ် ပြန်ဖြေပါတယ်။

'ဒါဆို အမေ ဆေးဖိုးသွားပေးပါဦးနော်။ သားတို့က အဲဒီရှေ့က နေ့တိုင်း ဖြတ်ဖြတ်သွားနေရတာ'

'အေးပါ နောက်တော့ ပေးတာပေါ့'

ကျွန်တော်သိနေပါတယ်။ အမေ့ 'နောက်တော့' ကိုလေ။

http://www.cherrythitsar.org



'ဒီမှာ မိရွှေရည် ညည်းအသက်က ဘယ်နှနှစ်လဲ။ အဲဒါပဲ ငါ့ကိုပြော'

'ဟာ အမေကလည်း နှုတ်ခမ်းနီဝယ်တာပဲ။ အသက်နဲ့ ဘာဆိုင်လဲ'

'အေး အဲဒီနှုတ်ခမ်းနီ ဝယ်တာကိုပဲ ပြောနေတာလေ။ ဘာလဲ ခဲတံနှုတ်ခမ်းနီ ဈေးကြီးကကြီးနဲ့။ အဲဒါဝယ်ဆိုးပြီး ညည်းက ဘယ်ကို သွားပြီး တယ် ငါမပြောလိုက်ချင်ဘူး။ ကလေးတွေများ အလိုက်ကန်းဆိုး ကို မသိဘူး။ လူကြီးတွေကတော့ အိမ်လခကြွေးဆပ်ချင်လို့ ပိုက်ဆံချေး ရ ၄ွားရနဲ့ ခေါင်းကို ပူခြောက်နေပြီ။ ငါ့မှာ တစ်နေ့တစ်နေ့ လည်ပတ် နိုင်ဖို့ မနည်းစီစဉ်နေရတယ်။ အပိုဆို ဘာတစ်ခုမှ မသုံးရဘူး'

အိမ်ပေါ်ကနေပြီး နှုတ်ခမ်းစူပြီး ဆင်းလာတဲ့ မမကြီးကို ကျွန်တော် စချင်တာနဲ့ နီပြာခဲတံလေး သူ့ရှေ့ထောင်ပြပြီး 'ဒါနဲ့ ဆိုးပါလား။ တူတူပဲ' လို့ပြောပြီး တစ်ခါတည်း ထွက်ပြေးလာခဲ့တယ်။ နောက်ကျတဲ့ ခြေထောက် သစ္စာဖောက်ပဲ။ မပြေးလို့ကို မရဘူးလေ။ သူ့လက်သီးဆုပ် ကြီးနဲ့ ကျောကို အုံးခနဲ ထုတော့မှာကိုး။ ဒါပေမယ့် အိမ်ကပြင်က အဆင်း မှာ အဖေပြန်လာတာ တွေ့ရလို့ အရှိန်သတ်လိုက်ရတယ်။ ကျွန်တော်အဖေ့ နောက်နားကနေ အသာလေးပြန်ကပ်လိုက်သွားတော့ မမကြီးက ခန်းဆီး ကြားကနေ လက်သီးဆုပ်နဲ့ ရွယ်သေးတယ်လေ။

'ရော့ ဒီမှာ၊ ၂ ထောင်၊ ရေကြည့်ဦးကွာ'

'ဟင် အိမ်လခကြွေးက ၁ထောင်ပဲဉစ္စာ၊ ဘာလို့ အပိုယူလာတာ လဲ အဖေကြီးရယ် အတိုးပိုပေးနေရမှာပေါ့'

အလန့်တကြား အော်လိုက်တဲ့ အမေ့ကို အဖေက လက်ကာပြပြီး။

'အတိုးကိစ္စ ငါ့တာဝန်ထားပါကွာ။ အခု အုံနာက သဘောကောင်းတယ်။ ရှေ့အပတ်က စပြီးတော့ ငါလည်း ကားပုံမှန်ရတော့မှာ

http://www.cherrythitsar.org



ကွာ။ မင်းဘာမှ မပူနဲ့။ အဲဒီထဲက ငွေနဲ့ မနက်ဖြန် ဝက်သားဟင်းလေး ချက်ကျွေးစမ်းပါကွာ။ တစ်ခါတစ်လေ'

'ပိုတဲ့ ပိုက်ဆံ အကြွေးဆပ်ရဦးမှာတော့'

'မင်းအကြွေးတွေက ဘယ်လောက်တောင် ရှိတာလဲ'

'ရုတ်တရက် မမှတ်မိဘူး။ ပြန်စဉ်းစားရဦးမယ်'

ကျွန်တော့် မျက်စိထဲ မျက်နှာထား ဆိုးဆိုးကြီးတွေနဲ့ ဒေါ်ခင်ဥရယ်၊ ဒေါ်ဖွားချစ်ရယ်၊ အထည်ဆိုင်က ဒေါ်ထွေးတို့ မျက်နှာကြီးတွေကိုမြင်ယောင်နေမိတယ်။ နောက်မိုးကာ ဆိုင်ရှင်၊ ပြီးတော့ ဆရာဝန်ကြီး၊ ဒါ ကျွန်တော်သိသလောက်ပဲ။ ကြွေးတွေ ဆပ်လိုက်ရင် ကျွန်တော်တို့မိသားစု အပြောမခံရတော့ဘူးပေါ့။ အင်း မနက်ဖြန် ဝက်သားဟင်း စားရတော့မယ်။

*

ဘာပဲဖြစ်ဖြစ် ကျွန်တော် ပျော်တယ်။

မဖွားချစ်ဆိုင်မှာ ဆီသွားဝယ်ပေးနိုင်ပြီ။ ဒေါ်ခင်ဥကြီးဆိုင်မှာလည်း ဆန်ပြေးဝယ်နိုင်ပြီ။ ဒေါ်ထွေးနဲ့ အမေလည်း ခေါ်ခေါ်ပြောပြောဖြစ်သွားပြီလေ။ အဲဒါ 'ကားအုံနာသူတော်ကောင်း' ကြောင့်တဲ့ အမေပြောတာပဲ။

ဒီလိုပါ။ အဖေ့ကားအုံနာက အဖေ့ကို အရက်မသောက်ရေး တရားဟောသတဲ့။ ကားပြန်အပ်ချိန်ကျရင် ဘာသာရေးစကားတွေ ပြောတာတဲ့။ ကြာလာတော့ အဖေလည်း အရက်လျှော့သောက်လာတာတဲ့။ အခုဆို ပြတ်သလောက်တောင် ဖြစ်နေပြီတဲ့။ အဲဒီတော့ ကျန်းမာရေးလည်း ကောင်းလာ၊ ပိုက်ဆံတွေလည်း ပိုရဆိုပဲ။ အမေလည်း စိတ်ချမ်းသာလို့ ထင်ပါရဲ့။ ပြုံးလို့ ရွှင်လို့။

http://www.cherrythitsar.org



တစ်နေ့မနက် ကျွန်တော်တို့ ကျောင်းပိတ်ရက်မှာတော့ အမေက ထူးဆန်းတဲ့ စကားတစ်ခွန်း ပြောလာပါတယ်။

'အဖေကြီး ကျုပ်တို့မိသားစု လက်ဖက်ရည်ဆိုင် ထိုင်ချင်လိုက်တာတော်'

ကျွန်တော့်စိတ်ထဲမှာ ထိတ်ခနဲ ဝမ်းသာသွားတယ်။ တစ်ဆက်တည်း အမေ့ကိုလည်း တော်တော်သနားသွားတယ်။ ရသမျှ ပိုက်ဆံလေးတွေကို ခြစ်ခြုပ်ပြီး နေ့တိုင်း ပြဿနာတွေကို ဦးနှောက်ခြောက်ခံ ဖြေရှင်းပေးနေခဲ့ရတာ။ အခု သူလုပ်ချင်တာက မိသားစုအလိုက် လက်ဖက်ရည်ဆိုင် ထိုင်ချင်လို့ ဆိုပါလား။

'ထိုင်ချင်ထိုင်ပေါ့ကွာ၊ လာ ကလေးတွေခေါ်ပြီး သွားကြစို့'

'ဟာ နေပါဦး အဖေကြီးရဲ့။ ဆိုင်မှာ လက်ဖက်ရည်ရော၊ မုန့်တွေရော စားမယ်ဆို ဒီလူငါးယောက်စာ ပိုက်ဆံဘယ်လောက် ကျမှာလဲ'

'ဘယ်လောက်ကျကျကွာ လာပါ၊ ငါ့မှာ ရှိပါတယ်'

'ကျုပ် ဈေးက ပြန်တိုင်း သူများမိသားစုတွေ မနက်တိုင်း လက်ဖက်ရည်ဆိုင်မှာ ဟန်ပါပါထိုင်နေကြတာ ကြည့်ပြီး အားကျနေတာတော့'

ဒီလိုနဲ့ လမ်းထိပ်က 'ဆုံစည်းရာ' လက်ဖက်ရည်ဆိုင်ကို ကျွန်တော်တို့ ရောက်ခဲ့ပါပြီ။ အဖေက ကြိုက်တာမှာကြလို့ ပြောတာနဲ့ ကျွန်တော်လည်း သိပ်စားချင်နေတဲ့ ပဲပလာတာ မှာလိုက်ပါတယ်။ အမေကတော့ ပြုံးပြုံး ပြုံးပြုံးနဲ့။

အဲဒီအချိန်မှာ လက်ဖက်ရည်ဆိုင်ထဲကို ဆရာဝန်ကြီး ဝင်လာပါတယ်။ ကြည့်ရတာ လမ်းလျှောက်ထွက်ရာက အပြန်နဲ့ တူပါတယ်။ ကျွန်တော်တို့ စားပွဲနဲ့ နှစ်စားပွဲကျော်မှာ ဝင်ထိုင်လိုက်လို့ ကျွန်တော်က

'ဟိုမှာ ဆရာဝန်ကြီး၊ သား သွားနှုတ်ဆက်လိုက်ဦးမယ်'

ဆိုပြီး ထိုင်ရာက ထလိုက်ပါတယ်။

ဒါပေမယ့် ကျွန်တော် ထိုင်ခုံပေါ်ကို ပြန်ရောက်သွားပါတယ်။

http://www.cherrythitsar.org



အမေက ကျွန်တော့်လက်မောင်းကို ခပ်ကြမ်းကြမ်းဆွဲပြီး ပြန်ထိုင်ခိုင်း လိုက်လို့ပါပဲ။

'နှုတ်မဆက်နဲ့။ အမေတို့ ဒီဆိုင်လာတာ သူမြင်သွားတော့ မကောင်းဘူး'

ကျွန်တော်လည်း ဇဝေဇဝါနဲ့ ခေါင်းရှုပ်သွားပါတယ်။ ဆရာဝန်ကြီးကို ကျွေးရမှာ ပိုက်ဆံမလောက်လို့လား မသိဘူးနော်။

'ဘာဖြစ်လို့လဲကွ၊ သား သူ့ဘာသာ သွားနှုတ်ဆက်ပါစေပေါ့။ သူ နေမကောင်းတုန်းက ဆေးကုပေးထားတာဆို'

အဖေကလည်း နားမလည်ပုံနဲ့ ဝင်ပြောပါတယ်။ လက်ဖက်ရည်ဆိုင်ထဲက သီချင်းသံ ဆူညံနေတဲ့ကြားက အမေ့အသံတိုးတိုးကို မနည်းနားထောင်ယူရတာပါ။

'ဟုတ်တယ်၊ အဲဒီတုန်းက ဆေးဖိုးကျန်တာ အခုထိ မပေးရသေးဘူး၊ အဲဒါကြောင့်'

'ဟာ မင်းကလည်း ပေးလိုက်လေ။ ဘာလို့ ချန်ထားရတာလဲ'

'အို တစ်နေ့ တစ်နေ့ အကုန်အကျတွေ ဒီလောက်များနေတဲ့ ဥစ္စာ။ ကြွေးတွေက အတင်းလာတောင်းနေတဲ့သူတွေ ရန်လာတွေ့နေတဲ့သူတွေကို အရင်ရှင်းရတာပေါ့။ ဆရာက သူ့ပိုက်ဆံကို အတင်းတောင်းနေမှာမှ မဟုတ်တာ။ ကိစ္စမရှိပါဘူး။ ဒီလောက်ငွေကလေးကိုလည်း အရေးစိုက်နေမှာ မဟုတ်ပါဘူး။ ရပါတယ်။ သူ့အကြွေးက ကြွေးအေးပါ။ မဆပ်သေးဘဲ ထားလို့လည်း ရနေသေးတာပဲ၊ နောက်တော့ ဆပ်တာပေါ့'

ကျွန်တော်လေ စားပွဲပေါ်မှာ ပြည့်နေတဲ့ မုန့်တွေနဲ့ လက်ဖက်ရည်တွေကို ငေးကြည့်နေမိပါတယ်။

**ဝါမိုးအောင် ဝတ္ထုတိုစုပန်းခင်း ၃**

http://www.cherrythitsar.org

# မရောင်းတော့ပါ



http://www.cherrythitsar.org

# မရောင်းတော့ပါ

ညမှောင်ရီပျိုးပြီ။

သည်တော့မှ 'ကိုရွှေခင်' တို့ လင်မယား ရောင်းအားပိုကောင်းလာ၏။ တက်ညီလက်ညီ ပိုဖြစ်လာ၏။ မှာသံအော်သံတွေ ပိုမိုဝေစည်လာ၏။ အမြည်းလုပ်ပေးရသော 'မစိုးမြင့်' ၏ လက်တို့လည်း ပိုမိုသွက်လက်လာ၏။

ကိုရွှေခင့်နေရာမှ ဆီးကြည့်လျှင် ဧည့်သည်များအတွက် ချပေးထားသော စားပွဲလေးခုစလုံးကို မြင်ရသည်။ သူ၏ညာဘက်ဘေးက စင်ပေါ်တွင်မတော့ တံဆိပ်မျိုးစုံ ဆိုက်မျိုးစုံနှင့် ဖြူနီဝါရွှေ အရည်မျိုးစုံပုလင်းများ။

ဘယ်ဘက်ဘေးတွင်မူ အိမ်ထဲကို ဝင်သောတံခါးပေါက်ကို ပိတ်လျက် မစိုးမြင့်၏အမြည်းပွဲတင်သည့် စားပွဲခုံ။ အပြုတ်၊ အသုပ်၊ အကြော်မျိုးစုံ။ နေရာကျဉ်းကျဉ်းလေးမှာ အလုပ်ဖြစ်အောင် စီစဉ်ထားကြသည်။

လူကျလာချိန်မှာ ကြားသမျှကို အပြင်းအပျော့မမှားအောင် စပ်ပေးနေရသည့်ကြားထဲ ကိုရွှေခင်က လက်အားသည်နှင့် သူ့အတွက် သတ်သတ် ဖယ်ထားသော ပုလင်းနှင့် ဖန်ခွက်ကို ခဏခဏဆွဲလိုက်၊ ပြန်သိမ်းထားလိုက်နှင့် စွတ်ကယ်စွတ်ကယ် လုပ်ရသေးသည်။

http://www.cherrythitsar.org



ညှော်သည်သုံးယောက် ထပ်ဝင်လာတော့ ခွက်မှော့နေသော သူ့ထံသို့ မစိုးမြင့်မျက်စောင်းက 'ဒိုင်း'ခနဲ ကျလာသည်။ ကိုရွှေခင်က အမြန်လက်စသတ်ကာ လက်ခုံဖြင့် ပါးစပ်ကို အလျင်စလို ပွတ်လိုက်ပြီး . . .

'ညီလေးတို့ . . .ထိုင် . . .ထိုင် ထုံးစံအတိုင်းပဲလား'

ဗလုံးဗထွေးလှမ်းနှုတ်ဆက်၊ လက်ကလည်း သူတို့သောက်နေကျကို အလိုက်သိစွာ။

ဘက်ထရီ ဖန်မီးချောင်းလေးကိုတော့ ကိုရွှေခင့် ခေါင်းပေါ်မှာ ထွန်းထားပါသည်။ မထား၍ကမဖြစ်။ မိမိကိုယ်၌ကလည်း ရီဝေဝေ၊ ဖောက်သည်တွေကလည်း ရှေ့တစ်လှမ်း၊ နောက်တစ်လှမ်း၊ အဲ . . . ပိုက်ဆံတွေရော ကြည့်ဦးမလား။ နွမ်းဖတ်၊ လုံးကြေ၊ စိစွပ်၊ မည်းပေနေတတ်ပြန်သေးရာ မကြာခဏ မှားအမ်းသည်။ မှားပေးသည်။ မှားယူသည်။ ကျန်သည့်နေရာတွေမှာတော့ ဖယောင်းတိုင်များအနှံ့ ထွန်းထားပေးရသည်။

'ကိုရွှေခင် ဒီကို ဖယောင်းတိုင် လှမ်းပေးလိုက်စမ်းပါ'

မစိုးမြင့်ကို ပေးလိုက်သော ဖယောင်းတိုင်အပြင် နောက်ထပ် မရှိတော့ပါလား။

'ဖိုးသား ဖိုးသား၊ ဖယောင်းတိုင် တစ်ထုပ်သွားဝယ်စမ်း'

အိမ်ထဲက ပုဏ္ဏားကွယ်တွင် ကိုယ်ကိုယိမ်းထိုးလျက် စာအော်ဖတ်နေသော ကလေးငယ်က ကိုရွှေခင့်စကားဆုံးသည်နှင့် သူ့ရှေ့မှ ဖယောင်းတိုင်မီးကို 'ဖူး'ဆို မှုတ်ငြိမ်းလိုက်ပြီး ပြေးဆင်းလာသည်။ သည်ကောင်က ခိုင်းရတာ အလွန်ဖင်ပေါ့သည်။ ခက်နေသည်က အဆော့မက်လွန်းခြင်းပင်။ ခုလည်း ကစားရာက ခေါ်ပြီး နည်းနည်းမာန်ထားသဖြင့် စာအော်ဖတ်နေခြင်း ဖြစ်၏။

အိမ်မှာ ကျောင်းသားဆို၍ သူတစ်ယောက်တည်း သာရှိသည်။

သူ့ထက် အကြီးမ မြမြခင်က ကျောင်းမနေတော့ချေ။ သူတို့လင်မယား လက်လုပ်လက်စားဘဝဖြင့် ကျပ်တည်းနေခဲ့ကြစဉ်က ခဏဆိုပြီးသူ့ကို ကျောင်းနုတ်ခဲ့စဉ်တွင် ဝမ်းပန်းတနည်း ငိုယိုနေ၍ အတော်ကလေးနား

http://www.cherrythitsar.org



ချခဲ့ရသည်။ ဟော . . . အခု သည်ရပ်ကွက်ကိုလည်း ပြောင်းလာ။ သည်ဆိုင်ကလေးလည်း ဖွင့်၍ နည်းနည်း အသက်ရှုချောင်သွားကြပြန်သောအခါ မြမြခင်ကို ကျောင်းပြန်တက်ခိုင်း၍ မရတော့။ ရှက်သည် ဟုဆို၏။ အင်းလေ . . . သူလည်း ဆယ့်လေးနှစ်အရွယ်ရောက်ခါမှ ပြန်တက်ရမှာ ငါးတန်းဆိုတော့လည်း ရှက်ရှာမှာပေါ့လေ။ နေပေ့စေလေ ဆိုပြီး ခွင့်လွှတ်ထားခဲ့ကြသည်။

သည်တော့ မြမြခင်က မိခင်ဖြစ်သူ ဆိုင်အတွက် ပြင်ဆင်သည်များကို ဝိုင်းကူလုပ်ကိုင်ပေး၏။ မနက်ပိုင်း မစိုးမြင့်နှင့်အတူ ဈေးလိုက်၏။ အိမ်ရောက်တော့ ထမင်းဟင်းချက်ရာကူ၏။ ဆိုင်အတွက် ပြုတ်တန်တာပြုတ်၊ ကြော်တန်တာကြော်၊ အသုတ်ပွဲများအတွက် လှီးတန်တာလှီး၊ ငရုတ်ဆီထုပ်နှင့် အချဉ်ဖျော်စပ်ပေး၊ ညနေစောင်းလျှင်တော့ ရေမိုးချိုး ဖြီးလိမ်းပြီး၊ လမ်းထိပ်က စာအုပ်အငှားဆိုင်သို့ အငယ်ဆုံးဂျစ်တူးလေးကို ခေါ်ပြီး သွားခွင့်ရသည်။ ညနေဆိုင်ဖွင့်ရာတွင် မြမြခင်၏ ကဏ္ဍ မပါဝင်တော့။ အိမ်ထဲမှာပဲ ရုပ်ပြစာအုပ်တွေနှင့် အနားယူပေတော့။ အပြင်ထွက်မလာနှင့်ဟု ကိုရွှေခင်က တင်းကျပ်သော စည်းကမ်းချမှတ်ထား၏။ သူ့သမီးကို 'ဗိုင်းကောင်းကျောက်ဖိကလေး' ဟုလည်း ဂုဏ်ယူတတ်သေး၏။ ဖအေတူသမီးမို့ ချောတာ။ ကြီးပွားမည့်ရုပ်ရည်ဟုလည်း ပီတိဖြစ်နေတတ်ပြန်သည်။

ကိုရွှေခင့်သမီးကလေး ချောလှပြီဆိုပြီး သောက်ရင်းစားရင်း ငမ်းဖို့များတော့ မစဉ်းစားလေနှင့်။ ကိုရွှေခင်တို့က စကားပင်အဟာမခံ။ သမီးအကြောင်းများစလိုက်လျှင် မျက်နှာကြီးရှစ်ခေါက်ချိုးနှင့် စကားကို သံပြတ်ဖြေတတ်သည်။ ဩော် . . . သူ့ဖောက်သည်တွေနှင့် သူ့သမီး နီးစပ်သွားမှာကိုတော့ စိုးရိမ်ရှာသား။ မိဘကိုး . . . ။ သဘောကတော့ စီးပွားရေးအရသာ ရောင်းဝယ်မည်။ သူ့သမီးကို ဘယ်အရက်သမားနှင့်မှ သဘောမတူဟု မပြောရုံတမယ်ပင်။

မြမြခင်က အခန်းအောင်း။ အလတ်ကောင် ဖိုးသားက စာအုပ်နှင့်မျက်နှာ မခွာရသည့် အချိန်တွင် တစ်အိမ်လုံး ဥဒဟို ဝင်ထွက်ကာ လွတ်

လပ်ရေးရနေသူကတော့ အထွေးဆုံး ဂျစ်တူးလေးသာ ဖြစ်၏။ လေးနှစ်သာ ရှိသေးသော်လည်း အရွယ်နှင့် မလိုက်အောင် လည်ဝယ်သည်။ ပါးနပ်သည်။ မြင်မြင်ရာကိုလည်း စူးစမ်းချင်သည်။ ကလေးတန်မဲ့ ဆင်ခြေဆင်လက်ကလည်း စုံသည်။

ညပိုင်း ဈေးရောင်းကောင်းချိန်မှာ သူကလည်း မိခင် မစိုးမြင့်နားမှာခုံတစ်လုံးဆွဲ၍ လာထိုင်သည်။ နှင့်လွတ်လိုက်လည်း ခဏ။ အိမ်ထဲမှာ အစ်မဖြစ်သူက ချော့မော့ထိန်းကျောင်းထားလည်း ခဏ၊ ပြန်ရောက်လာပြီး အမေအနားမှာ တကပ်ကပ်။ ပြီးလျှင်တော့ 'မေ့ . . . မေ့' နှင့် အမဲကြော်လေး တစ်ဖွဲ့။ ဝက်အူချောင်းကြော်လေး တစ်ပိုင်း၊ ဒါမှမဟုတ် ဝက်ကလီစာပြုတ်ကလေး တစ်တုံး မရမချင်း ဂျီတိုက်နေတတ်သည်။ ဈေးဖြောင့်ဖြောင့်ရောင်းရအောင် သူ့အလိုလိုက်ပြန်တော့လည်း နေ့တိုင်း ကိစ္စကြီး၊ ကြာလျှင် ခက်ရချည့်။

သည်တော့ သူတောင်းတာမပေးဘဲ မကြားချင်ယောင်ဆောင်နေလိုက်သောနေ့က အနားက လှစ်ကနဲ ပျောက်သွားသည်။ မစိုးမြင့်ကလည်း မေ့မေ့လျော့လျော့ ဖြစ်သွားရာ လား . . . လား သကောင့်သားက မှောင်ရိပ်ကျသော ထောင့်ကပိုင်းကို ရောက်နေပြီ။

ဧည့်သည်တွေကလည်း ဆိုင်ရှင့်သားမို့ ခေါ်ကျွေးထားသဖြင့် ဂျစ်တူးတို့ အကြိုက်တွေ့ နေလေ၏။

တစ်ယောက်က . . .

'ဗျို့ . . . ကိုရွှေခင် ခင်ဗျားသားကို တိုက်လိုက်ရမလား။ သူကသောက်မယ်တဲ့'

ဟုတိုင်တည်လိုက်တော့မှ သိရသောအခါ ကိုရွှေခင်မှာ တဟဲဟဲ ရှက်ရယ်ရယ်ရင်း အပြုံးမပျက် ပြန်ချော့ခေါ်ကာ မိန်းမဖြစ်သူကို မျက်ထောင့်နီနှင့် အဓိပ္ပါယ်ပါပါ ကြည့်ပစ်လိုက်၏။ 'ဧည့်သည်တွေနဲ့ မို့ပေါ့ကွာ နေနှင့်ဦး၊ မင်းနဲ့ငါ ပြီးမှစာရင်းရှင်းမယ်' ဟု ဆိုလိုမှန်း မစိုးမြင့် ကလည်း သိလိုက်ပြီးပြီ။ ဧည့်သည်တွေရှေ့မှာ ဘယ်လိုစကားသုံးပြီး ရန်ဖြစ်ရမည်နည်း။ ကလေးကိုလည်း ဘယ်လိုကြောင်းကျိုးပြ၍ ဆုံးမဟန့်တားရမည်

http://www.cherrythitsar.org



နည်း။ ထိုအခါ ကလေးကလည်း လူကြီးတွေ ဘေးကျပ် နံကျပ် အဖြေရ ခက်မည့် မေးခွန်းမျိုး ပြန်မမေးဟု မည်သူမှ အာမ မခံနိုင်သည့် ကောင်မျိုး။ သည်တော့ ဆိုင်လည်းသိမ်းပြီးရော လင်မယားနှစ်ယောက် အပြန်အလှန် အပြစ်တင်ရာမှ စကားများ ရန်ဖြစ်ကြတော့သည်။ နည်းနည်းလည်း ထွေနေပြီဖြစ်သည့် ကိုရွှေခင်က မစိုးမြင့်ကို လက်ပြန်ရိုက်ချလိုက်၏။ မစိုးမြင့်က ခုနစ်သံချီဟစ်၍ ငိုရုံမက အိပ်ပျော်နေသော ဂျစ်တူးကလေးကိုပါ ခြင်ထောင်ထဲမှ ဆွဲထုတ်ပြီးရိုက်၏။ သည်လို ပွဲကြမ်းတော့လည်း သူ့ခမျာလေးမှာ လျှာမရှည်။ အတွန့်မတက်နိုင်ရှာပဲ တုတ်ဝင့်လိုက်တိုင်း 'မလုပ်တော့ပါဘူး' ဟုသာ ကမန်းကတန်း ဖြေရလေတော့၏။

'အား . . . ကြောက်ပါပြီ၊ နောက် မပြောတော့ပါဘူး၊ အီး ဟီးဟီး နောက်ကို အဲဒီစားပွဲနား မသွားတော့ပါဘူး။ အား နောက်ကို အမြည်းလည်း တောင်းမစားတော့ပါဘူး'

အိပ်မှုန်စုံမွှားနှင့် အရိုက်သာခံလိုက်ရသည်။ ကျိုးကြောင်းဇာစ်မြစ်ကို မသိသောကလေးကို နားလည်အောင် ဆုံးမဖို့ မစိုးမြင့် အကြံထုတ်ရလေ၏။ မနက်ကတည်းက . . .

'သားလေး ဂျစ်တူး ညကျရင် မေမေ့နားမှာ လာမရှုပ်ရဘူးနော်။ မေမေက ပိုက်ဆံတွေ အများကြီးရအောင် ဈေးရောင်းနေတာ။ သားသားက လာစားတော့ ပိုက်ဆံရတာ နည်းသွားမှာပေါ့။ ဟော ပိုက်ဆံတွေ အများကြီးရရင် သားဖို့ အင်္ကျီလှလှလေးတွေ အရုပ်လှလှလေးတွေ ကားလေးတွေ ဝယ်ပေးမယ်လေ နော်'

ဘယ်လိုပဲပြောပြော ဂျစ်တူးကတော့ အမေ့နားကပ်မြဲ၊ ခါးတို့မြဲသာတည်း။ အလတ်ကောင်က အရွယ်နည်းနည်း ကြီးနေပြီမို့ ပြောစကားနားထောင်သလောက် အငယ်ဆုံးကျမှ လက်မြှောက်ရတော့မလို ဖြစ်နေသည်။ ဖြစ်နိုင်လျှင် သည်ဆိုင်ကို မစိုးမြင့်အနေဖြင့် ဆက်မလုပ်ချင်တော့။ ကိုရွှေခင်ကြောင့် ခက်နေခြင်းပင်။ စ ငှားနေကတည်းက မျက်စောင်းထိုးသုံးလေးအိမ်ကျော်မှ 'လစ်ကာဟောက်စ်' ဟု ရေးထားသော ဆိုင်နှင့် ကြိုကြားကြိုကြားလေး သောက်တတ်သော မိမိယောကျ်ားတော့ တွေ့ကြပြီ

http://www.cherrythitsar.org



ဆိုပြီး ရင်လေးနေမိသည်။ တဖြည်းဖြည်း ထိုဆိုင်သို့ ရက်မှန်မှန် သွားနေခဲ့သော ကိုရွှေခင်က အိမ်ရှေ့မှာ 'အမြည်း' ရောင်းမည်ဟု ဆိုလာသည်။ နောက်တော့ သူ့အပေါင်းအသင်းတွေက သည်မှာပဲ လာဝိုင်းဖွဲ့ကြရင်း ခုလိုဆိုင်ဖွင့်ရောင်းဖြစ်သွားကြခြင်း ဖြစ်သည်။ ဆိုင်စဖွင့်ခါစက ကိုရွှေခင်နှင့် မစိုးမြင့် အကြိတ်အနယ် ငြင်းခုံခဲ့ရသည်။

သူစိတ်ပူသည့်အထဲ အပျိုဖျန်းကလေးဖြစ်သော သမီးမြမြခင်အတွက်လည်း ပါသည်။ ဆယ့်လေးနှစ်ဟု မထင်ရအောင်ပင် အရပ်ရှည်၍ထွားကျိုင်းသော သမီးနှင့် ဘယ်လိုမှ မသင့်လျော်ဘူးဟု တင်ပြသော်လည်း ကိုရွှေခင်က လက်မခံ။ ဆိုင်ဖွင့်ရန်သာ စိတ်အားထက်သန်နေသော ကိုရွှေခင်က သမီးဖြစ်သူ ဘယ်လိုနေရထိုင်ရမည်ကို စီစဉ်ပေးသည်။ စည်းကမ်းသတ်မှတ်ပေးသည်။

မစိုးမြင့်က သိပ်မကျေနပ်သော်လည်း အရောင်းသွက်လာသောဆိုင် အခြေအနေကလည်း မျက်မြင်ကိုယ်တွေ့ဆိုတော့ ပြောရန်ခက်နေသည်။ တစ်ခြားကုန်ပစ္စည်း ရောင်းခဲ့ရတုန်းကထက် ပိုကျန်သည်။ ညနေစောင်းနှင့် ညဦးပိုင်းလေး ဒုက္ခခံလိုက်ရုံနှင့် မြိုးမြိုးမြက်မြက်ရသည်။ အမြတ်များများ ကျန်အောင်လည်း ကိုရွှေခင်က ကြံတတ်၊ ဖန်တတ်ပြန်လေရာ အကြွေးတွေလည်း ကျေပြီ။

ရွှေတိုရွှေစကလေးပင် စုဆောင်းမိပြီဆိုတော့ မစိုးမြင့် ကိုယ်တိုင်ပင် စိတ်ပါချင်သလိုလို ဖြစ်လာသည်။ ညနေတိုင်း ဖောက်သည်များနှင့် စည်ကားနေသော ဆိုင်ကို ကြည့်ရင်း ပါးစပ်ကသာ အလုပ်ပြောင်းလုပ်မှ ပြောင်းလုပ်မှနှင့် ပြောနေပြီး တကယ်တမ်းကျတော့ သည်လုပ်ငန်းသံသရာထဲမှ ရုန်းမထွက်နိုင်သေး မှန်းသိနေ၍ ခက်လှ၏။ သို့သော်လည်း သည်အတိုင်း ကြာကြာ ခရီးဆက်၍လည်း မဖြစ်ပြန်။ မြမြခင်ကို ဆိုင်ဖွင့်ချိန်မှာ အပြင်မထွက်ရ စည်းကမ်းချထားတာက ဟုတ်ပါပြီ။ သားနှစ်ယောက်က အတုမြင် အတတ်သင်မှာ စိုးရသည်။ ပြီးတော့ ကိုရွှေခင်ကလည်း လက်နားနီးနီး အလွယ်ရနေသဖြင့် စံနှုန်းက တော်တော်မြင့်နေပြီ။ တစ်နေကုန် တတိတိနှင့် မကုန်ဘူးဆိုလျှင်တောင် သုံးလေးလုံး

http://www.cherrythitsar.org



လောက်က အသာလေး။ မျက်နှာက ဖောသွပ်သွပ် ပွပွစိစိနှင့်။ ယခုမှ အရက်ရောင်းသူဟန် ပိုပီပြင်နေသည်။

'ဟော . . . ကိုအောင်မြင့်ကြိုင်တို့ လာကြဗျ။ ဘယ်နှယ့် ခင်ဗျားတို့အဖွဲ့ထဲက ကိုဝင်းနိုင်ကြီးရော မမြင်ပါလား။

'ဟုတ်တယ်ဗျ။ ကိုဝင်းနိုင် အတော် နေမကောင်းဖြစ်နေတယ်။ ဆေးရုံတက်ရမယ်လို့ ဆရာဝန်က ပြောတာကို ဒီလူက ခေါင်းမာနေသတဲ့'

'ဟုတ်လား၊ သူက ဘာဖြစ်တာတဲ့လဲ'

'အသည်းရောင် အသားဝါဆိုလားဗျ။ ဆရာဝန်က 'ဒါ' သောက်လို့ လို့ပြောတာပေါ့၊ ကျုပ်တော့ လက်မခံဘူးဗျို့၊ စဉ်းစားကြည့်ဗျာ၊ သောက်တိုင်းသာ 'ရောင်' နေရရင် သူ့အရင် ကျုပ်သောက်လာတာ ကျုပ်ကျတော့ ဘာလို့ မဖြစ်သလဲ ကဲ'

'အေးဗျ မဆိုင်ပါဘူး သူက ခံနိုင်ရည် မရှိလို့ ဖြစ်မှာပေါ့'

'ဒါပဲပေါ့၊ ခြောက်တိုင်းကြောက်နေရရင် ခက်ရချည်ရဲ့ ဒီတော့ အသောက်ပျက်ရင် . . . '

'အသက်ပျောက်မယ် ဟားဟား'

ကိုအောင်မြင့်ကြိုင်၏ စကားကို သူ့မိတ်ဆွေများနှင့် ကိုရွှေခင်တို့ပြိုင်တူဆက်ပေးလိုက်ရင်း သဘောအကျကြီး ကျနေတော့သည်။ မစိုးမြင့်၏လက်များကလည်း ထိုအုပ်စုမှာနေကျ အာလူးကြော်နှင့် ဝက်အူချောင်းကြော်များကို ပန်းကန်ထဲသို့ အဆင်သင့် ထည့်ထားပြီးပေပြီ။ ပြီးတော့ မမူးမချင်း၊ တွဲမထုတ်ရမချင်း ထပ် ထပ်မှာတတ်သည့် ကိုအောင်မြင့်ကြိုင်တို့ အဖွဲ့ထံမှ သည်ညရမည့် ငွေကို စိတ်တွက်နှင့် ပေါင်းနေမိတော့သည်။

*

ကိုဝင်းနိုင် အခြေအနေပိုဆိုးလာသဖြင့် ဆေးရုံတင်လိုက်ပြီ ဖြစ်ကြောင်း ကိုအောင်မြင့်ကြိုင်က သတင်းပေးလာသောအခါ ရင်းနှီးသူမို့ နောက်နေ့ ဆေးရုံသွားလျှင် အတူလိုက်ပါရစေဟု ကိုရွှေခင်က ချိန်းဆိုခဲ့သည်။ ဆေးရုံကြီး အသည်းနှင့် အစာအိမ်လမ်းကြောင်း လူနာဆောင်ထဲ

http://www.cherrythitsar.org



လှမ်းဝင်လိုက်သည်နှင့် ကိုဝင်းနိုင်၏ ပုံသဏ္ဍာန်ကို စိတ်မချမ်းမြေ့ဖွယ်ရာ မြင်တွေ့လိုက်ရတော့သည်။ ခုတင်ပေါ်တွင် အမှီနှင့်ထိုင်ရင်း 'အင်း အင်း' မြည်အောင် အသက်ရှူရလျက် မောကျပ်နေရှာသော ကိုဝင်းနိုင်ကို ရုတ်တရက် ဘယ်လိုအားပေးနှုတ်သိမ့်ရမှန်း မသိနိုင်ကြဘဲ ကြောင်အမ်းနေကြသည်။ သူတို့ဝင်လာသည်ကို မြင်သည်နှင့် ကိုဝင်းနိုင်မိန်းမက ဝတ်ကျေတန်းကျေ တစ်ချက်ပြုံးပြပြီး 'ချာကနဲ' အပြင်ထွက်သွားသည်ကို နှုတ်ယောက်စလုံး မသိချင်ယောင်ဆောင်နေလိုက်ရ၏။

'သက်သာမှာပါဗျ ဆေးကောင်းဝါးကောင်းတွေရှိတာပဲ'

ဟု ပါးစပ်ထဲတွေ့ရာ အားပေးရင်း နောက်ထပ်ပြောစရာစကားတွေ ပျောက်ဆုံးနေခဲ့၏။ တစ်ချိန်က ရွှင်ချိုလတ်ဆတ်သော အပြုံးများနှင့် ဟာသစွက်၍ ပြောတတ်သော ကိုဝင်းနိုင်ခမျာ ယခုတော့ မရယ်နိုင်မပြုံးနိုင်ရှာတော့ချေ။ ဖောသွပ်သွပ် မျက်နှာမှာ ဝါဝါပိန်းပိန်းကြီး ဖြစ်လျက် မျက်လုံးများမှလည်း အဝါထက်ညိုရင့်ကာ လိမ္မော်ရောင်ပင် ပေါက်နေပြီ။ ဝမ်းဗိုက်မှာမူကား နေ့စေ့လစေ့ ကိုယ်ဝန်ဆောင်သည်လို ဖောင်းကားပြောင်တင်းနေသဖြင့် စွပ်ကျယ်အကျီနားကို လိပ်၍မတင်ထားရသည်။ ကားကားကြီးဆင်းထားသော ခြေထောက်များမှာလည်း ခုံးမောက်တင်းကားနေလေပြီ။ ဆေးဖိုးအတွက် လိုရာသုံးပါဟု အသင့်ဆောင်ယူလာသော ငွေစက္ကူထုပ်ကလေးများကို ပေးသည့်အခါတွင် 'ကျေး . .ဇူး' ဟုသာပြောနိုင်ပြီး စကားမဆက်နိုင်ရှာချေ။ ဒါဖြစ်တာ အရက်သောက်လို့ ဆိုသော စကားကို လူနာကရော လူနာမေးသူကပါ တမင်မပြောဖြစ်အောင် ထိန်းချုပ်ထားခဲ့ကြသည်။ ထိုအခိုက်အတန့် အတွင်း အရက်ရောင်းသူနှင့် ထိုဆိုင်မှအရက်ဝယ်သောက် သူဆိုသော အဓိကကိစ္စကြီးကို အားလုံးက 'ဖွတ်အတင်း' မေ့ထားခဲ့ကြသည်လေ။

*

'ကိုဝင်းနိုင် ဆုံးပြီ'

သည်သတင်း ကြားလိုက်ရသည့် ရက်ပိုင်းအတွင်း အရက်သောက်ဖော် သောက်ဖက်အားလုံး အနည်းငယ်တုန်လှုပ် သွားကြသည်

http://www.cherrythitsar.org



ကတော့ အမှန်ပင်ဖြစ်သည်။ နောက်တော့လည်း မီးတောက်မီးလျှံအတွင်း ဆက်လက်ခုန်ဆင်းကြပြန်သည်။ ပုံမှန်အတိုင်း ရောင်းကောင်းမြဲ၊ စည်ကားမြဲ။ နှစ်ပတ်ကျော်ကျော်အတွင်းမှာပဲ တစ်လမ်းတည်းနေ ပုံမှန်ဖောက်သည် 'ဦးကျော်ခိုင်' ဆုံးပြန်သည်။ သူကတော့ သည်ဆိုင်ကပြန်သွားပြီး ထမင်းစားနေစဉ်မှာပင် 'မူးတယ် မူးတယ်' ပြောပြီး ချက်ချင်းလဲကျကာ အသက်ပါသွားခြင်း ဖြစ်၏။ ဆရာဝန်၏ မှတ်ချက်က မူလသွေးတိုးရှိနေပါလျက်က အရက်ကို အလွန်အကျွံသောက်မိ၍ ဦးနှောက်သွေးကြောပြတ်ကာ သေဆုံးရခြင်းဖြစ် သည်ဟုဆို၏။

အမယ်လေး . . . သည်ဆရာဝန့်နှယ် သွေးတိုးလို့ဆုံးတယ်ဆိုလည်း ဖြစ်ရက်သားနဲ့ သည်အရက်ကိုမပါ ပါအောင် ဆွဲထည့်ပေးလိုက်ရသေးတယ်။ ထစ်ခနဲဆို သည်အရက်ပဲ လာလာ ခလုတ်တိုက်နေကြတာပဲ။ ငါသောက်နေတာ ကြာပြီ။ အခုထိ ဘာမှ မဖြစ်သေးဘူး။ အလကားလူတွေ အားအားရှိ ဒါ . . . ပဲ။ မကျေမနပ်ဖြစ်နေသော ကိုရွှေခင်ကားထိုနေ့ညအဖို့ ပို၍များပင် သောက်ပစ်လိုက်ချေသေး၏။

မူးမူးနှင့် လည်း ဒေါပွနေသေးသည်။

*

တကယ်တမ်း 'ဖိုးသား' စာမေးပွဲကျသောအခါ လင်မယားနှစ်ယောက်စလုံးက တညီတညွတ်တည်း ဆရာမကို အပြစ်ဖို့ကြ၏။ ကိုရွှေခင်က အချိန်မီ လက်ဆောင်သွားမပေးရကောင်းလားဟု မစိုးမြင့်ကို ဆူပူ၏။ ကျူရှင်လည်း ပြောင်းဖို့စီစဉ်၏။ သူတို့ မျက်စိထဲ သည်လောက်စာဖတ်နေသောကလေး စာမေးပွဲကျရခြင်းမှာ ဆရာမတွင် လုံးဝတာဝန်ရှိသည်ဟု မှတ်ယူထားကြ၏။

သို့သော် ကိုယ့်သားသမီး ဘာစာဖတ်လို့ ဖတ်နေမှန်းပင် မသိ။ စိတ်ဝင်တစား ကျက်မှတ်နေတာလား၊ ပါးစပ်ထဲ တွေ့ကရာ ဆိုနေတာလား၊ အိပ်ငိုက်ငိုက်နှင့် ရပြီးသားစာတွေ ပြန်အော်နေတာလား၊ ကစားရာအာရုံရောက်ပြီး 'ဗလွတ်ရွတ်တ' ရွတ်နေတာလား စောင့်ကြည့်နားထောင်ဖို့ သူတို့ 'နား' တွေ၊ 'မျက်စေ့' တွေ မအားကြပါ။

http://www.cherrythitsar.org



ဘယ်ဝိုင်းက ဘာထပ်မှာမလဲ။ ဘယ်ဝိုင်းက ပိုက်ဆံ ဘယ်လောက်ရှင်းရမှာလဲ၊ ဘယ်တော့ လှမ်းခေါ်မလဲ နားပါးပါးစွင့်ထားရ၏။ ဘယ်သူက အလစ်မှာ ထသွားမလဲ၊ ဘယ်သူက အမေ့ခံထားလဲ ဦးနှောက်ကွန်ပျူတာကို အလုပ်ပေးထားရ၏။ သူတို့ ဆိုင်သိမ်း၍ ငွေရေတွက်နေသည့်အချိန်ဆို ကလေးလည်း အိပ်ရာထဲရောက်ပြီ။

အစ်မဖြစ်သူကလည်း ကလေးစာဖတ်သည်ကို စောင့်ကြည့်စစ်ဆေးဖို့ အာရုံမရှိ။ ရုပ်ပြများကို တစ်အုပ်ပြီးတစ်အုပ် မှောက်လိုက်လှန်လိုက်ထိုင်လိုက် လှဲလိုက်နှင့် ဖတ်ရင်း ဖယောင်းတိုင် ဖြုန်းမည်။ပြီးတော့ မအိပ်ချင်သေးဘဲ ခြင်ထောင်ထဲဝင်ပြီး စိတ်ကူးယဉ်မည်။ သူမ၏ စိတ်ကူးထဲတွင် အလျှိုလျှိုပေါ်လာသည့် ကောင်လေးတွေထဲမှာ ခုတစ်လော စိုးမိုးနေသည်က သည်ရပ်ကွက်ထဲမှ မဟုတ်သော မျက်နှာစိမ်းလူငယ်လေး တစ်ယောက်ဖြစ်၏။ သူမ စာအုပ်ဆိုင်သွားချိန် လမ်းထောင့်ကွမ်းယာဆိုင်နားမှာ အမြဲစောင့်နေတတ်သူ။ သူ့မျက်လုံးနှင့် ဆုံတိုင်း မြမြခင် ခြေလှမ်းတွေမှားရသည်။ ခုပြန်တွေးလျှင် ခု ရင်ခုန်စရာ။ သည်လိုနှင့် . . .။

သည်လိုနှင့် လာသောက်နေကျ စိုးဝင်း အရက်ကြောင်၍ ဓားတဝင့်ဝင့်လုပ်နေသဖြင့် စိတ်ရောဂါကု ဆေးရုံရောက်သွားသော သတင်း၊ ဆိုင်ပိတ်ခါနီးအထိ အားပေးတတ်သော ဦးတရုတ်ကြီး သွေးတွေအန်၊ ဝမ်းအမည်းတွေသွားသဖြင့် အရေးပေါ်ဆေးရုံတင်ရသော သတင်း၊ ထမင်းလွတ်သောက်တတ်သော ကျော်ဦးကတော့ ခြေထောက်တွေချိနဲ့ပြီး လမ်းမလျှောက်နိုင်တော့ဟူသော သတင်းများကို အဆက်မပြတ် လက်ခံရင်း ကိုရွှေခင်၏ ဆိုင်လည်း အရောင်းမပျက် ဆက်လက်ချီတက်နေခဲ့သည်။

*

သည်နေ့ည ဧည့်သည်ပိုကျလာသည်။ ညနေက ရေခဲကားမရောက်သေး၍ ရသလောက်ဝယ်ခဲ့ရာ ခုတော့ပြတ်ပြီ။ ဟိုဖက်လမ်းက ရေခဲဆိုင်ကို ရေခဲပေါင် အစိတ်လောက် သွားဆွဲရမည်မို့ ကိုရွှေခင် ဖိမ်ပျက်သွား၏။ လင်းနေတုန်းကဆို အလတ်ကောင်ကို ချော့မော့ခိုင်းလျှင် ရနိုင်

http://www.cherrythitsar.org



သေးသည်။ ခုတော့ အပြင်မှာလည်း မှောင်ပိန်းလို့။ လမိုက်ညမှာ မီးမလာမှတော့ သည်လိုပဲ ဖြစ်တော့မှာပေါ့။ တွေးရင်း ပုဆိုးကို ခပ်တိုတို ပြင်စည်းပြီး ဆိုင်နံရံမှာ ချိတ်ထားသည့် နှစ်တောင့်ထိုး ဓာတ်မီး အစိမ်းနုရောင်လေးကို ဆွဲလိုက်၏။ ငွေသိမ်းအံဆွဲသော့ကို မစိုးမြင့်ကို ပစ်ပေးပြီး ဆိုင်အပြင်သို့ ဒယိမ်းဒယိုင် ထွက်လာသည်။

အပြင်ရောက်တော့ လေပြည်ကလေး သုတ်လိုက်သဖြင့် အနည်းငယ် လန်းဆန်းသွား၏။ မြင်ကွင်းက မပီမသ ဝိုးတဝါးနှင့်ပင်။ မမှုန်ခံနိုင်ရိုးလား၊ ဓာတ်ခဲအားနည်းနေသဖြင့် ဓာတ်မီးကလေး၏ မှိန်ဖျော့ဖျော့ မထင့်တထင် အလင်းကွက်ကလေးသည် မြေကြီးပေါ်မှာ မထင်မရှား မှန်းဆ၍သာ သွားရသည်။

လမ်းအကွေ့ ခြံထောင့်နားက မန်ကျည်းပင်နားတွင် လူသွားလူလာ ပြတ်သည်။ သမီးရည်းစားစုံတွဲများ ချိန်းတွေ့သော နေရာအဖြစ် နာမည်ကြီး၏။ မီးလာသောနေ့တွင်ပင် ထိုနေရာက အမြဲမှောင်နေတတ်သည်။ မှောင်ဆို ထိုအနီးက လမ်းမီးတိုင်မီးလုံးမှာ လင်းရသည်မရှိ၊ မကြာခဏ အခိုးခံရ အခွဲခံရသည်။ ယခုလည်း စုံတွဲတစ်တွဲရှိနေသည်။

'မှောင်နှင့်မည်းမည်း သူတို့မို့ မြွေဖားကင်းဖား မကြောက်' ဟု တွေးရင်း ကိုရွှေခင် ကျော်ဖြတ်လာခဲ့သည်။ သွားနေကျ လမ်းမို့လားမသိ။ မမြင်မစမ်းနှင့်ပင် ချောချောမောမော ရောက်သွားသည်။ အပြန်ကျတော့ ရေခဲတုံးကို နီးကြိုးနှင့်ချည်ပြီး အရည် ပျော်ကျမကုန်အောင် ခပ်သွက်သွက် လျှောက်ခဲ့၏။

အောင်မယ် မယ် စောစောကအတွဲကလည်း တယ်ဇွဲကောင်းပါလား။ ကြယ်ရောင် ခပ်မှောင်မှောင်အောက်မှာ သူတို့ချင်း ဆွဲလိုက်ရုန်းလိုက်ဖြစ်နေသည်ကို မျက်ခွံတွေ မနည်းပင့်ကြည့်ရင်း မြင်လိုက်ရသဖြင့် ဓာတ်မီးသူတို့ဘက်မထိုးမိအောင် သတိထားရင်း ဖြတ်လျှောက်ခဲ့သည်။ တော်ကြာ အားနာစရာတွေ ဖြစ်ကုန်မှဖြင့် . . .

'မနက်ဖြန်ညလည်း လာခဲ့ရမယ်နော် ကတိမပေးရင် မပြန်ရဘူးကွာ'

http://www.cherrythitsar.org



အင်း ငါငယ်ငယ်ကလိုပဲ။ အတော်ဇွတ်တရွတ်နိုင်မယ့် ကောင်ပဲ ဟု ကိုရွှေခင်တွေးလိုက်ရင်း စိတ်ထဲက 'ဟုတ်တယ် မပြောရင် ပြန်ကို မလွှတ်နဲ့ 'ဟုတိတ်တဆိတ် အားပေးလိုက်သေး၏။ သူနှင့်မစိုးမြင့်တို့ ငယ် ငယ်တုန်းက ချိန်းတွေ့ကြသည့် အဖြစ်ကိုလည်း ပြန်အမှတ်ရရင်း ပြုံးမိ၏။

'အို . . . လွှတ်တော့၊ သိပ်ကြာရင် အိမ်ကသိသွားလိမ့်မယ်။ အခုတောင် ခြင်ထောင်ချခဲ့ပြီး နောက်ဖေးပေါက်က လစ်ထွက်လာတာ'

အင့်ဟင် . . . ဒီမိန်းကလေးအသံ ကြားဖူးပါတယ်၊ ငါ့အသိမိတ် ဆွေ သားသမီးများ ဖြစ်နေမလား။ ဇဝေဇဝါတွေးရင်း ခြေလှမ်းနှေးကာ နားစွင့်နေမိ၏။

'နေပါဦးကွာ၊ ပြောစရာကျန်သေးတယ်'

'ကျန်လည်း နောက်မှပြောတော့၊ ဟိုမှာ ဟိုဦးလေးကြီးမှာ ဓာတ် မီးပါတယ်၊ သူ့နောက်နားက ကပ်လိုက်သွားတော့မယ် နော် နော်၊ အဖေ တို့ဆိုင် မသိမ်းခင် ပြန်ရောက်နေမှ ဖြစ်မှာ'

ကိုရွှေခင်မျက်လုံးတွေ ပြူးကျယ်ကုန်ပြီ။ အမူးလည်း ပြေသွား ပြီ။ လက်ထဲက ရေခဲတုံးကိုလည်း လွှတ်ချလိုက်ပြီ။ ပြီးတော့ တစ်စုံတစ်ရာ သေချာနေသောဟန်ဖြင့် နောက်သို့ ဆတ်ကနဲ လှည့်ပြီး မိန်းကလေး၏ မျက်နှာတည့်တည့်ပေါ်သို့ ဓာတ်မီးနှင့် ထိုးချိန်ပစ်လိုက်တော့သည်။

'တောက် ခွေးမ'

'ဟင် အ . . .အဖေ'

*

နောက်တစ်နေ့ မနက်မှစ၍ ကိုရွှေခင်၏ဆိုင်ရှေ့တွင် စားပွဲ တစ်လုံးကို တုံးလုံးလှဲ၍ 'မရောင်းတော့ပါ' ဆိုသော မြေဖြူခဲဖြင့် ရေးထား သည့်စာကို တွေ့လိုက်ရပါတော့သည်။

**မြားနတ်မောင်၊ ဇန်နဝါရီ ၁၉၉၉**

http://www.cherrythitsar.org

လောကာ ပန်းဥယျာဉ်ထဲမှာ
ပန်း ✿ ကလေးများ

တချို့ ညို ၊ တချို့ ရွှန်း
တချို့ ဝါ ၊ တချို့ ကြေ
တချို့လည်း နွေမှာကြည်
တချို့လည်း ပေါ်မှာတည်
တချို့လည်း ရာမှာမြဲ

သို့သော်
သူတို့အားလုံး
'ပန်း' ဆိုကြပါသည်။

